
www.burmeseclassic.com

# ပန်းသီးခိုင်

နှစ်နှစ်ကာကာ

ဝတ္ထုသစ်



BURMESE CLASSIC

GRAPHIC DESIGN THEE ZAR

www.burmeseclassic.com

www.burmeseclassic.com

စာမူခွင့်ပြုချက်အမှတ်

၉၄၃/၂၀၀၁ (၇)

မျက်နှာဖုံးခွင့်ပြုချက်အမှတ်

၂၇၇/၂၀၀၂ (၄)

ထုတ်ဝေသူ

ဦးတင့်လွင်

သော်ကစာပေ

၆၀၅၊ ညြမ္မာလမ်း၊ မြောက်ဥက္ကလာ

ပုံနှိပ်သူ

ဦးမောင်မျိုး

ကြောင်နှစ်ကောင်ပုံနှိပ်တိုက်

အမှတ်(၁၄)၊ ၁၁၄ လမ်း၊ ရန်ကုန်မြို့၊

ထုတ်ဝေခြင်း

ပထမအကြိမ် ၂၀၀၂ခုနှစ်

အုပ်ရေ ၅၀၀၊ တန်ဖိုး (၃၀) ကျပ်

www.burmeseclassic.com

www.burmeseclassic.com

နှစ်နှစ်ကာကာ

# ပန်းသီခိုင်

www.burmeseclassic.com

www.burmeseclassic.com

မောင်မျိုး
စီစဉ်သည်။
ကြောင်နှစ်ကောင်စာအုပ်တိုက်

www.burmeseclassic.com

www.burmeseclassic.com



"နှစ်" လို့ခေါ်ကြတဲ့
ခင်နှစ်သက်ကိုယ်၊
"ယာကာ" လို့ခေါ်ကြတဲ့
ဘေးဖိကာကွယ်
အင်ယာတနှင့်ခင်ယင်ကြတဲ့
သူငယ်ချင်းနှစ်ယောက်
ရှိခဲ့ပါသည်။

www.burmeseclassic.com

www.burmeseclassic.com

ကျွန်တော့်ဘဝတွင်
ကျွန်တော်က အငမ်းတန်ချစ်ရသော
ကျွန်တော့်ကို အငမ်းတန်ချစ်ကြသော
မိန်းမနှစ်ဦး ရှိခဲ့ပါသည်။
သူတို့...မိန်းမနှစ်ဦးစလုံးကို
ကျွန်တော်က နှစ်နှစ်ကာကာပင်
မြတ်နိုးခဲ့ရပါသည်။

"သဏ္ဍာန်ညို"


www.burmeseclassic.com

www.burmeseclassic.com


အခန်း (၁)

"ဆရာ သမီးတို့ ပြန်တော့မယ်နော်။ ညဥ့်နက်လှပြီ"

နှစ်တို့အလုပ်ရှင်သူဌေးက မိတ်ဆွေတွေနှင့် စကားဆိုနေရာမှ လှည့်ကြည့်လာပါသည်။

"လောလှချည်လား။ ဘယ်သူမှ မပြန်သေးဘူး"

မကာက ဝင်၍ ဖြည့်စွက်ပြောသည်။

"ဆရာ သမီးတို့က နှစ်ယောက်တည်း ပြန်ရမှာ။ ကားယူလာလို့ လေ၊ မိုးလည်း သည်းနေတယ်၊ အရမ်းညဥ့်နက်ရင် သမီးတို့ မပြန်ရဲဘူး"

"အေးလေ...ဒါဆို ပြန်ချင်ပြန်ပေါ့။ ကံစမ်းမဲတောင် မဖောက်ရ သေးဘူး။ မင်းတို့ နစ်နာနေမယ်"

"ဘယ်ရမလဲဆရာ မှာခဲ့တယ်၊ သမီးတို့အတွက် ချန်ထားပေး ရမယ်"

"ဪ...ဒီလိုလား ကောင်းသားပဲ ပြန်လေ၊ မိုးသည်းတယ် နော်။ တချို့နေရာတွေ မီးပျက်ရင် ပျက်နေမှာ၊ ကားကို သတိထားမောင်း"

"ဟုတ်ကဲ့"


www.burmeseclassic.com

www.burmeseclassic.com



နှစ်နှင့်မကောက်က ပြိုင်တူ ခေါင်းညိတ်ကာ လက်ဖျားချင်းဆုပ်ထား ပြီးမှ ပြိုင်တူ လှစ်ခနဲပြေး၏။

စားသောက်ဆိုင်လေးက မိုးသည်းသည်းမှာ နွေးထွေးလင်းရှင်း တာ Live show လည်းရှိတာမို့ သီချင်းသံကလေးနှင့် ပျော်စရာကောင်း ပါသည်။

ဆိုင်အဝင်ဝတံခါးမှန်၏ ရှေ့မှာရပ်ပြီး နှစ်က လက်ထဲကိုင်ထား သော မိုးကာဂျာကင် အဝါလေးကို ခွတ်ကာ ကျန်တစ်ထည် အပြာရောင် လေးကို မကာဆီ လှမ်းပေး၏။ မကာကလည်း ဆွဲယူပြီး ကပျာကယာ ဝတ်လေသည်။

"နှစ် မောင်းရမလား"

"ရတယ်လေ၊ မကာ မောင်းမှာပေါ့"

"ဖြည်းဖြည်းနော်၊ မိုးအရမ်းသည်းနေတယ်"

"အင်းပါ"

မကာက ကားသော့ကို ပိုက်ဆံအိတ်ထဲက ထုတ်ယူသည်။ နှစ်က ထီးပြာပြာနုကိုဖွင့်ကာ ဆောင်းပြီးမှ မှန်တံခါးကို တွန်းဖွင့် ထွက်၏။

"အားပါး အေးလိုက်တာ"

ဖျန်းခနဲ တိုက်လာသော လေကြမ်းကြမ်းမှာ မိုးစက်မိုးမှုန်တွေ က ခပ်စိပ်စိပ် လာရိုက်ခတ်၏။

မကာက ပိုက်ဆံအိတ်ကလေးပိုက်လျက် ကားသော့ကိုင်ထား သော လက်တစ်ဖက်က နှစ်ကိုဖက်ပြီး နှစ်ယောက်သား ပူးကပ်လျှောက် လာ၏။

"မိုးစဲမှ ပြန်ရင် အကောင်းသား"

"ညဉ့်နက်တဲ့အထိ မတိတ်ရင်ရော"

"အင်း၊ ခုတောင် နောက်ကျနေပြီ"

"ဟိ...ဟိ ရေတွေ လမ်းပေါ်တက်နေပြီ ပျော်စရာကြီး သိလား"

နှစ်က ကိုယ်လေးတုန်ခိုက်အောင် ရယ်ကာ သဘောကျသည်။

"နှစ်မောင်းချင်လိုက်တာ။ လမ်းပေါ်ရေတွေ ဖွားခနဲ ဖွားခနဲ

www.burmeseclassic.com

www.burmeseclassic.com


လွင့်စင်သွားတာ ကြည့်ချင်လို့"

"အင်း ပျော်နေ၊ ကားအောက်ပိုင်း ရေဝင်သွားမှ ခက်မယ်။ စီးစရာ ဒီကားလေးပဲရှိတာ။ ကျေးဇူးရှင် Sunny (ဆန်နီ)လေး ဘာမှ မဖြစ်ဖို့ ဆုတောင်းဦး"

"ဒီကားလေးက ဉာဉ်ကောင်းပါတယ်၊ လမ်းမှာ ဒုက္ခမပေး ပါဘူး"

"ဟုတ်ပ စားမေးပွဲသွားဖြေရင် လမ်းမှာ ထိုးရပ်သွားတာလောက်၊ မင်္ဂလာဆောင်သွားရင် လိုက်မပို့ချင်ဘဲ ဆန္ဒပြပြီး မီးခိုးတွေ ထွက်လာတာ လောက်ပါပဲ"

"ဟိ...ဟိ"

"မမှတ်မိဘူးလား၊ ယွန်းမင်္ဂလာဆောင်မှာ ချိတ်ထမီကြီးနဲ့ ပဝါကြီးနဲ့ ကားငှားသွားရတာလေ"

"အင်း...မှတ်မိသားပဲ၊ လမ်းမှာ ကားပျက်တော့ ကားကို ပျက်တဲ့နေရာ ထားခဲ့ပြီး ပွဲနေပွဲထိုင်အဝတ်အစားတွေနဲ့ ကားငှားရတယ် လေ။ ကားတားနေတဲ့ မကာပုံစံကို ခုထိမြင်ယောင်တုန်းပဲ သိလား။ ခစ်...ခစ်...ခစ်..."

"အမယ် ရှင်ကျတော့ ပိုးဂါဝန်လေးနဲ့ ရှက်လို့ ကားပေါ်က မဆင်းဘဲ ပုနေတာလေ။ နှစ်နော်နှစ် ဟွန်း"

မိုးသံလေသံကို ဖောက်ပြီး အော်ဟစ်ပြောရသည်။ ဒါတောင် နှစ်ယောက်သား ပူးကပ်နေတာ။

ရပ်ထားသော အမိုးဖွင့်ကားအနီလေးဘေးကို ရောက်သောအခါ နှစ်ယောက်စလုံး မျက်လုံးဝိုင်းသွားရသည်။

ခြေစုံရပ်ကာ 'ဟင်'ဟု ပြူးပြဲကြည့်မိ၏။

အမိုးမရှိသော နောက်ခန်းမှာ လူတစ်ယောက် လဲနေပါရောလား။ မိုးကာဂျာကင် မရမ်းရောင်လေးကို ဝတ်ထားပြီး ဂျင်းဘောင်းဘီရှည်နှင့် ခွေခွေလေးလဲနေသည်။

နှစ်ယောက်သား လန့်ဖျန့်ကာ တရွေ့ရွေ့ မရဲတရဲ တိုးကပ်ကြည့်

www.burmeseclassic.com

www.burmeseclassic.com



မိသည်။

"တကယ်ပါပဲ သူများကားပေါ် ကျကျနနတက်အိပ်နေပါရောလား။- ဒီလောက် မိုးထဲလေထဲ ဘယ်လိုဖြစ်ရတာပါလိမ့်နော်"

"နှစ် မူးနေတာလား မသိဘူး"

မကာပြောမှ နှစ်က ပိုကြောက်ပြီး ရှေ့မတိုးရဲတော့ပါ။

"ဘယ်လိုလုပ်မလဲ"

"ဟင် နှိုးကြည့်ရမှာပေါ့။ နေဦး ကားထဲမှာ ထီးအကြီးတစ်ချောင်းရှိတယ်၊ ယူလိုက်ဦးမယ်"

မကာက ကားထဲမှ ထီးအရှည်ကို ယူကာ ခွေနေသော ဟိုလူ၏ကျောပြင်ကို ထီးရိုးနှင့် ထိုးကြည့်သည်။

"ဒီမှာ ဒီမှာ ဟိုလူ"

ခွေခေါက်နေသောလူက လှုပ်ပင် မလှုပ်၊ ငြိမ်သက်နေသည်။

"ဒုက္ခပါပဲ သေများနေတာလား ဟင်"

နှစ်၏ ငိုသံပါသော အတွေးစကားကြောင့် မကာ လန့်ဖျန့်သွားၿ၏။

"ဘုရား ဘုရား လွဲပါစေ"

နှစ်က မကာ၏ လက်မောင်းကို ကြောက်စိတ်နှင့် တင်းတင်းဆုပ်ထားသည်။ ကြောက်လိုက်တာမှ မျက်နှာလေး ဖြူရော်လာသည်ထိ။

"ကားငှားပြန်ရင် ကောင်းမယ်နော်"

"ဟာ အဲဒီလို ရှောင်ထွက်လို့မရဘူး။ ဒါ ငါတို့ကားပဲ၊ တစ်ခုခုဆို ငါတို့ကို မလွဲမသွေ လာခေါ်မှာ"

"ဟင် ဟုတ်လား"

နှစ်က လန့်ဖျန့်ပြီး ဆောင်းထားသော ထီးကို လွှတ်ချသည်။

"ဟဲ့ဟဲ့ ရေတွေစိုကုန်ပြီ"

မကာ သတိပေးမှ ယောင်ရမ်းလွှတ်ချမိသော ထီးကို ပြန်ဖမ်းဆုပ်ဆောင်းထား၏။

"နှစ်ကြောက်တယ်နော်၊ ခြေထောက်တွေတောင် တောင့်လာပြီ။

www.burmeseclassic.com

www.burmeseclassic.com



လာပါ ထားခဲ့လိုက်၊ သေနေတာလားမသိဘူး"

နှစ်က မကာလက်မောင်းကို ဆွဲခေါ်၏။

"နေပါဦး သိပ်လည်း မကြောက်ပါနဲ့။ အဲဒီလို ထားခဲ့ရင် ဒီမိုးရေကြီးထဲမှာ တကယ်သေသွားလိမ့်မယ်"

မကာက တွေးတွေးဆဆ ဆင်ခြင်မိပြီး ရှေ့တစ်လှမ်းတိုးကာ ထီးနှင့် ထိုးကြည့်ပြန်သည်။

"ဟင်…အင်း"

ဒီတစ်ခါတော့ ထီးနှင့် ထိုးကာ နာသွားလို့လားမသိ၊ ဟိုလူ လူးလွန့်ကာ မျက်လုံးဖွင့်ကြည့်လာသည်။

အလင်းရောင်ကလည်း ကားအနီးအနားတစ်ဝိုက်မှာ မှိန်ပျော့ လွန်း၏။ အရက်နံ့တွေဘာတွေ လုံးဝမရသောအခါ နှစ်နှင့်မကာ နည်း နည်းစိတ်အေးသွားရပါသည်။

"ဒီမှာ ဒါ ကျွန်မတို့ကားရှင့်။ ထွက်မလို့ ဆင်းပေးပါ"

အားပျော့သော မျက်လုံးများနှင့် နှုတ်ခမ်းများ ဖြူပျော့ဖွေးတက် ကာ သူ့မျက်နှာသည် အဖျားသွေးရှိနေသူလို အမ်းတက်နေ၏။ ရေတွေ ကလည်း တစ်ကိုယ်လုံး ရွှဲနစ်နေသည်။

"ကျွတ်…ကျွတ်…ကျွတ် ဖယ်ပေးပါ့မယ်၊ ဆင်းပေးမယ်"ဟု မချိမဆန့် ရေရွတ်ပြီး ထထိုင်သည်။

တရွေ့ရွေ့နှင့် ကားအစွန်းအထိ ရောက်သွားပြီး ဆင်းဖို့ ပြင်၏။

"ဟင်…"

ခြေ◌ောက်တစ်ဖက်မှာ သွေးတွေ နစ်နေပါရောလား။ နှစ် ယောက်စလုံး ဒါကို မမြင်။ ခုမှ ပြိုင်တူတွေ့သည်။

"ခြေထောက်မှာ သွေးတွေနဲ့"

"အင်း ခလုတ်တိုက်မိတာ"

ကားပေါ်က ဆင်းပြီးသောအခါ သူက လမ်းဘေးတော့င့်မှာ ထိုင်ချသည်။ ကြည့်ရတာ သူ့မှာ အင်အားတစ်စက်မှမရှိ။

နှစ်နှင့် မကာက မသိမသာ သက်ပြင်းရှိုက်ပြီး…

www.burmeseclassic.com

www.burmeseclassic.com


ကားပေါ်တက်လျက် စက်နှိုးသည်။

"မကာ"

"ပြော"

"သူ့ပုံစံကြည့်ရတာ နေမကောင်းဘူး ထင်တယ်နော်၊ ညှင်းသိုးသိုးနဲ့ လူမမာပုံပဲ။ ပြီးတော့ ထိုင်နေပြီး မလျှောက်နိုင်ဘူး၊ ဟောဟောလမ်းဘေးမှာ ခွေအိပ်လိုက်ပြန်ပြီ"

နှစ်၏ လှည့်ကာ လှည့်ကာကြည့်ရင်း ပြောလာသော စကားများကြောင့် ကားစက်နှိုးနေသော မကာ၏ လက်ကလေးမှာ ပြန်လည်ရပ်တန့်ကာ ကားစက်သပ်လိုက်သည်။

ဘယ်လိုလုပ်ရပ့်။

ကိုယ့်မျက်စိရှေ့မှာ ဒုက္ခရောက်နေတော့လည်း...

"နှစ်"

"ဟင်"

"အိမ်လိပ်စာမေးပြီး လိုက်ပို့ပေးလိုက်ရအောင်"

"အင်း သဘောပဲလေ"

နှစ်က မဝံ့မရဲလေးဖြစ်လျက် ဆိုပါသည်။

ကြည့်ရတာတော့ ညိုညိုစိုစို သန့်သန့်ပြန့်ပြန့်ပါပဲ။ ထောင်ထောင်မောင်းမောင်း ကျစ်ကျစ်လစ်လစ်နှင့် ထူထဲသောမျက်ခုံး၊ ပေါ်လွင်သောနှာတံနှင့် တိကျသော နှုတ်ခမ်းတစ်စုံကို ပိုင်ဆိုင်ထားသည်။ မိုးရွဲနေသော ဆံပင်တိုတာပ်ကာပ်က သူ့မျက်နှာကို ပိုပြီးပေါ်လွင်စေသည်။

"တဲ လာ ဆင်းမေးရအောင်"

ဒီတစ်ခါတော့ ထီးတစ်ချောင်းစီနှင့် ပြန်ဆင်းကြပါသည်။

"ဒီမှာ ဒီမှာရှင့်"

မနည်းခေါ်မှဘဲ မျက်လုံးဖွင့်လာ၏။

"ကားပေါ်တက် လိပ်စာပြော လိုက်ပို့ပေးမယ်"

သူက ပျော့တော့စွာ တစ်ချက်ပြုံးလိုက်၏။

ဒယိမ်းဒယိုင် အားယူထပေမယ့် ယိုင်ကျချင်တာကြောင့် မနေ


www.burmeseclassic.com

www.burmeseclassic.com



သာဘဲ ဝင်တွဲပေးရပါသည်။ ခြေထောက်ကလည်း ထိထားသေးသည်မို့ လမ်းပင် ကောင်းကောင်းမလျှောက်နိုင်။

သူ ကားပေါ်ရောက်သွားတော့မှ...

"ရော့ ဒီထီးဆောင်းထား၊ လိပ်စာပြော လိုက်ပို့ခဲ့မယ်"

တုန်ခိုက်နေသောအသံနှင့် လိပ်စာကို ပြောပြသည်။

"ကျေးဇူးပဲ"

နှစ်နှင့် မကာက ကားထဲပြန်ဝင်ပြီး ကားကို ညင်သာစွာ မောင်းထွက်သည်။

"သိပ်မဝေးပါဘူး၊ အဲ့ဒီလမ်းနာမည်က ရှေ့နားမှာပဲ၊ အိမ်နံပါတ် (၃၂)တဲ့၊ အောက်ဆုံးထပ်တဲ့"

မကာက လမ်းနာမည်တွေကြည့်ကာ ဖြည်းဖြည်းပဲ မောင်းသည်။

"ဟော တွေ့ပါပြီ၊ ဇီဇဝါလမ်း"

"မကာ ရှေ့မှာ..."

နှစ်ကလည်း မြင်သည်။ ဇီဇဝါလမ်းထဲကို အရှိန်လျှော့ပြီး ဝင်ချလိုက်၏။ စောစောပြန်ချင်ကာမှနော်၊ ထပ်ပြီးကြာဖို့ ဖြစ်ရသည်။

နှစ်က ဂျာကင်အကျီလက်ကလေး မလျက် နာရီကို ကြည့်သည်။

"ကြည့်မနေနဲ့၊ ဖြစ်လာမှတော့ ရှောင်လွှဲမရဘူး"

မကာက နှစ်ကိုပြောပြီး အိမ်နံပါတ် (၃၂)ကို ကားဖြည်းဖြည်းချင်းရွေ့ကာ ရှာ၏။

"နှစ် ဒီဘက်အခြမ်းကြည့်မယ်၊ မကာ ဟိုဘက်ပဲကြည့်"

ညမှောင်မှောင် မိုးသည်းသည်းမှာ ကားထဲကနေ အိမ်နံပါတ်ရှာရတာ ခက်ပါသည်။ တစ်လမ်းလုံး မီးတွေလင်းနေလို့သာ တော်သေးသည်။

"ဟိုမှာ တွေ့ပြီ၊ ရပ် ရပ်"

နှစ်ဘက်အခြမ်းမှာ ထိုနံပါတ်က ရှိနေသည်။ ကားရပ်ပြီး နှစ်

www.burmeseclassic.com

www.burmeseclassic.com



ယောက်သား ထီးတစ်ချောင်းနှင့် ဆင်းရ၏။

"ဟောတော့…"

ဟိုတစ်ယောက်က ထီးကို ပိတ်ပြီး ကားထဲမှာ ချထားသည်။

"မိုးမင်းသားပဲ၊ ဒီလောက် မိုးသည်းနေတာ မချမ်းဘူးလား မသိဘူး။ တစ်ကိုယ်လုံးလည်း ရွှဲနေတာပဲ"

နှစ်က တိုးတိုးကလေး ရေရွတ်သည်။ မကာက မိုးသံကို ဖောက်ထွင်းအောင် ကျယ်ကျယ်ခေါ်လိုက်သည်။

"ဒီမှာ ရောက်ပြီ၊ ဒီမှာ ရောက်ပြီရှင့်။ အိမ်ရှေ့ရောက်နေပြီ၊ နှစ်ခန်းစလုံးပိတ်ထားတယ်၊ ဘယ်လား ညာလား"

ဂျာကင်အိတ်ထဲက သော့ကို တုန်ခိုက်သောလက်နှင့် လှမ်းပေးပြီး ညာဘက်အခန်းကို လက်ညှိုးထိုးပြ၏။

ဘယ်လို ဒုက္ခသည်နှင့် လာဆုံရပါလိမ့်။

နှစ်နှင့် မကာက အခန်းတံခါး၏ သံပန်းကို ဖွင့်ပြီး သူ့ကို ကားပေါ်က တွဲချပေးရသည်။

"ကျွန်တော် လုံးဝမရတော့ဘူး။ မီးဖွင့်လိုက်ပါ၊ ဟိုဘက်ထောင့်မှာ မီးခလုတ်။ အား…ကျွတ်…ကျွတ်…ဟူး…ဟူး"

သူက ညည်းညည်းညူညူနှင့် ဆိုလာ၏။

မီးလင်းသွားသော ဧည့်ခန်းမှာ ဆိုဖာတစ်ခုံနှင့် စားပွဲတစ်လုံးသာ ရှိ၏။ စားပွဲပေါ်မှာတော့ မီးဖိုနှင့် ခါတ်ဘူးကို တွေ့ရပြီး တခြားပစ္စည်းတွေလည်း ရှုတ်ပွကာနေပါသည်။

"အား ကျွတ်…ကျွတ်…"

ရေစိုကြီးနှင့် ဆိုဖာမှာ ဝင်ထိုင်ပြီး ဆန့်ဆန့်ကြီးညည်းကာ နေတော့သည်မို့ နှစ်နှင့် မကာလည်း မျက်လုံးခြင်း ဆုံမိကာ အခက်တွေ့သွားရသည်။

သည်လိုအချိန် သည်လိုအနေအထားနှင့် သည်လူကို သည်အခန်းထဲမှာ တစ်ယောက်တည်း ထားသွားခဲ့လို့ ရပ့ါမလား။

သူ့ပုံစံက ခုပဲ သတိလစ်တော့မလိုလို ယဲ့ယဲ့ယိုင်ယိုင်။



www.burmeseclassic.com

www.burmeseclassic.com



"ရှင့် မိုးကာဂျာကင် ချွတ်လိုက်ပါလား၊ ဖိနပ်လည်း ချွတ်လိုက်။ ခက်ပါလား။ ဒီမှာ ရှင်တစ်ယောက်တည်း နေတာလားဟင်၊ ရှင့်ကြည့်ရတာ ဖျားနေပုံပဲ"

ခပ်လှမ်းလှမ်းရှိ တန်းက မျက်နှာသုတ်ပဝါကို ဆွဲယူပေးကာ စိတ်ပျက်စွာ ပြောမိသည်။

သူက ဂျာကင်ကို ချွတ်ပြီး ကြမ်းပေါ် ပုံချထား၏။ ဆံပင်တွေ လက်တွေ မျက်နှာတွေ ရေစင်အောင် ခပ်ဖြည်းဖြည်းသုတ်သည်။ နှစ်က စားပွဲပေါ်မှ ဓာတ်ဘူးကို မကြည့်၏။ အသေးကြီးပဲမို့ ရေနွေးရှိတာ သေချာသည်။ ရေနွေးတစ်ခွက် ငှဲ့ကြည့်သည်။ အငွေ့ထွက်နေသော ရေနွေးကြောင့် ဝမ်းသာသွား၏။ ဓာတ်ဘူးနှင့် ရေနွေးခွက်ကို သူ့ရှေ့ ချပေးကာ တစ်ခွက်ပြီးတစ်ခွက် သောက်စေသည်။

"ရှင် ဖျားနေတယ်၊ ဆေးမသောက်ဘူးလား"

"ညနေက ဆေးခန်းသွားခဲ့သေးတယ်"

သူက အင်္ကျီအိတ်ထဲက ဆေးတွေ သတိတရထုတ်ပြီး စားပွဲပေါ် တင်၏။ မကာ လှမ်းကြည့်ပြီး...

"အစာစားပြီးမှ သောက်ရင် ကောင်းမယ်ထင်တယ်"

ချက်ချင်းပဲ ဘာရှိသလဲရှာပြီး ကြက်ဥပြုတ်နှင့် အိုဗာတင်းကို သူ့အတွက် စီစဉ်ပေးရပါသည်။

ဘယ်ဘဝက ဘာတွေအကြွေးတင်လာသလဲ မသိပါ။ သိသိချင်း မြင်မြင်ချင်းမှာပဲ ပေးဆပ်ပြုစုရတော့သည်။

"ရော့ ဒါလေး စားလိုက်၊ အိုဗာတင်းပဲတွေ့တယ်၊ ပြီးရင်ဆေးသောက်၊ ရှင့်အဖျားက တော်တော်ကြီးနေပြီ"

နှစ်ကတော့ သူ့ခြေထောက်က ဒဏ်ရာကို ရေဆေးပေးကာ စားပွဲပေါ်ရှိနေသော ဘူးလေးထဲက ပလပ်စတာလေးထုတ်ကာ ကပ်ပေးလိုက်၏။ သွေးတွေက တော်တော်လေး ထွက်သွားပြီမို့ အရှိန်နည်းတာနေရကြောင့် ခြောက်ကပ်အားနည်းသွားသည်ထင်၏။

သူက အိုဗာတင်းခွက်ကို ယူသောက်ပြီး ဆေးလည်းသောက်၏။

www.burmeseclassic.com

www.burmeseclassic.com



ပြီးတော့ နှစ်ယောက်ထိုင် ဆိုဖာမှာပဲ လှဲချသည်။

"နုတ်သမီးနှစ်ယောက် နုတ်သီကြား ဖန်ဆင်းစေလွှတ်လိုက်တာ တား...တား"

ကယောင်ကတန်းနှင့် ဘာတွေ ပြောမှန်းမသိ။ နှစ်နှင့် မကာလည်း ပြန်ဖိုပြင်ရသည်။

"နှစ်ရေ ထားခဲ့လို့ ဖြစ်ပါ့မလား"

"မဖြစ်ရင် နှစ်တို့က ဝုတ်တုတ်ထိုင်စောင့်နေရမှာလား ကျေးဇူးရှင်တို့။ ဟွန်း နုတ်သမီးလေး ဘာလေးနဲ့"

နှစ်က နှုတ်ခမ်းလေးကိုက်ကာ ရေရွတ်သည်။

"မိုးတိတ်သွားပြီ"

"လာ...လာ ပြန်ကြမယ်"

သံပန်းတံခါးကို သော့ခတ်ပြီး သော့ကို သူ့အနားရောက်အောင် ပြန်ပစ်ပေးခဲ့၏။ ပြီးမှ အိမ်ဘေးတစ်ခန်းကျော်ကို လှမ်းကြည့်မိလျက် မှာခဲ့ဖို့ စိတ်ကူးသည်။

သိပ်ဖျားနေလျှင် မနက်လည်း သူ ထနိုင်မှာမဟုတ်။

အရဲစွန့်ကာ မီးရောင်မြင်နေရသော အိမ်ကို လှမ်းခဲ့ပါသည်။ ကြော် မနေတတ်တော့လည်း မျက်နှာငယ်နှင့် မှာပေးရဦးမည်။ ပစ်ထားခဲ့ရမှာ ဂရုဏာက ရှိနေသည်။

"အိမ်ရှင်တို့ မရှိဘူးလားဟင်"

ညဘက်ကြီးမို့ အသံကို နှိမ့်ကာ မေးရပါသည်။ အနှောင့်အယှက်ပေးရတာ အားနာလှသည်။ ဦးလေးကြီးတစ်ယောက် ထွက်လာတော့ လှိုက်ခနဲပင် ပျော်သွားရသည်။ ထိဆုံသေးသေး ပေါက်သလိုပါပဲ။

စိတ်တထင့်ထင့်နှင့် ပူစရာမလိုတော့ပါ။

"ဦးလေး"

"ဘာလဲကလေးမ ဆို..."

"ဟိုဘက် တစ်ခန်းကျော်က လူတစ်ယောက် မိုးရေထဲ ဖျားပြီး သမီးတို့ကားပေါ် လဲနေလို့ လာပို့တာ။ ဆေးတော့ တိုက်ခဲ့ပြီ။ အဲ့ဒါ

www.burmeseclassic.com

www.burmeseclassic.com



ဦးလေးတို့က အိမ်နီးနားချင်းဆိုတော့ တဆိတ်လောက် ကြည့်ရှုပေးဖို့ပါ။ သူက တစ်ယောက်တည်း ဖြစ်နေတယ်"

"ဟင် မောင်သဏ္ဍာန်ညိုလား"

"ရှင်"

"ခပ်ညိုညို လူချောမဟုတ်လား၊ သူ့နာမည်က သဏ္ဍာန်ညို လေ"

"သဏ္ဍာန်ညို ဟုတ်လား"

"အေး ဟုတ်တယ်၊ စိတ်ချသွား ဦးလေးက သူမလာသေးလို့ စိတ်ပူနေတာ။ မနေ့ကတည်းက ဖျားနေတာ။ စကားနားမထောင်ဘူး။ ဦးလေးကြည့်လိုက်မယ်"

အမယ်လေးနော် တော်ပါသေးရဲ့၊ သူ့အသိမိတ်ဆွေနဲ့ တည့်တည့်တိုးလို့။ ခပ်ကြုံကြုံ ဆက်ဆံရေးဆို အခက်တွေ့ဦးမှာ။

"ဒါနဲ့ နေပါဦး သမီးတို့နှစ်ယောက်က..."

"နှစ်ပါ သူက မကာပါ၊ ဟိုဘက် ငါးလမ်းကျော်လောက်မှာ Rose (နှင်းဆီ) ကုမ္ပဏီရှိတယ်၊ အဲဒီမှာ အလုပ်လုပ်ပါတယ်ရှင့်။ ဒီနေ့ ရို့(စ်) ကုမ္ပဏီက ဒင်နာပွဲလေး လုပ်ပေးလို့ အပြန်မှာ ကိုသဏ္ဍာန်ညိုနဲ့ တွေ့တာပါပဲ"

"ဪ ဟုတ်လား၊ အေးကွယ် ကျေးဇူးတင်ပါတယ်။ စိတ်ချပါ မောင်သဏ္ဍာန်ညိုက တူလိုသားလိုပါ၊ ဦးလေး ဂရုစိုက်လိုက်ပါ့မယ်"

"အင်း ကျေးဇူးတင်ပါတယ် ဦးလေး"

နှစ်နှင့် မကာ နှုတ်ဆက်ပြီး ပြန်လာခဲ့ကြသည်။

"တကယ်ပဲ တော်တော်ပေတယ်"

"ဟင် ဘာပေနေတာတွေ့လို့လဲ"

"ပေကပ်ကပ် နိုင်လွန်းတာကို ပြောတာ။ ပစ်စလက်ခတ်ပါ၊ တစ်ယောက်တည်းလည်း နေသေးတယ်၊ ကိုယ့်ကိုကိုယ် ဂရုစိုက်ရမှန်း မသိဘူး။ ဖျားနေတာတောင် မိုးရေထဲ လျှောက်သွားနေတယ် အံ့ပါရဲ့"

"သူ့အကြောင်းနဲ့ သူပေါ့ နှစ်ရယ်"

www.burmeseclassic.com

www.burmeseclassic.com



"ဒါပေမဲ့ နှစ်တို့မှာ စိတ်ပူလိုက်ရတာ"

"အင်း...ဒါလည်း တိုက်ဆိုင်မှုပေါ့"

"ချောတာကတော့ တော်တော်ချောတယ်၊ ညိုစိမ့်ပြီး ချောတာ ယောကျ်ားပီသတယ်"

နှစ်မှတ်ချက်ကြောင့် မကာ နှုတ်ခမ်းလေးတွေ ပြုံးသွားရတော့သည်။

ဟုတ်တော့ ဟုတ်သည်။

နှစ်ပြောတာ ငြင်းမရ။ သူ တကယ်ပဲ ကြည့်ကောင်းခံ့ညားသည်။ မျက်နှာတပြင်လုံး ဆွဲဆောင်မှုရှိသည်။ ရယ်မောရွှင်ပျနေမည်ဆိုလျှင်တော့ ကောင်မလေးတွေ ဝိုင်းဝိုင်းလည်နေမည့် ရုပ်မျိုး။

အသားညိုသူတွေ ဆွဲဆောင်မှုရှိသည်ဆိုတာ သည်ည ယုံကြည်လက်ခံရတော့မည်။ ညိုသောအသားက ဝင်းပြီး စိုပြေလှသည်။

"အားကိုးချင်စရာ ကောင်းတဲ့ပုံစံပဲ"

နှစ်က မျက်လုံးလေးမှိတ်ပြီး အားရဝမ်းသာဆိုလာ၏။

"နှစ်စိတ်ကူးထဲက ပုံစံမျိုးပဲ"

မကာက ကားမောင်းနေရင်း နှစ်ကို တစ်ချက်လှည့်ကြည့်၏။

နှစ်နှင့် မကာ မတူညီသည့် အဓိကအချက်က အဲ့ဒါပါပဲ။

နှစ်က ပွင့်လင်းသည်။

မကာက သိုသိပ်လျှို့ဝှက်သည်။

နှစ်က ရင်ထဲရှိတာကို အရှိအတိုင်း ပြောချတတ်သည်။

မကာက ရင်ထဲ ဘာရှိသလဲဆိုတာ သူများမသိအောင် ဖုံးကွယ်ထားတတ်သည်။ နှစ်က ကလေးဆန်ပြီး မကာက လူကြီးဆန်သည်။

နှစ်လိုပဲ ကိုသဏ္ဍာန်ညို့ကို ထင်လိုက်မိသော်လည်း နှစ်လိုတော့ နှုတ်က ဖွင့်ဟပြောဖြစ်မည် မထင်ပါ။ ဝန်လေးလွန်းလှသည်။

မကာ စိတ်ထဲတွေးလိုက်မိတာကို ဘယ်သူ့မှ မသိအောင် လျှို့ဝှက်ထားချင်သည်။ နှစ်လို ပြောချဖို့ဆိုတာ သည်တစ်သက် မဖြစ်နိုင်ပါ။

www.burmeseclassic.com

www.burmeseclassic.com



အရမ်းခင်ကြပေမယ့် စရိုက်ချင်းမတူ၊ အကျင့်ခြင်းမတူ၊ တစ်ယောက်အတွက် တစ်ယောက်အနွံတာခံ အနစ်နာခံနိုင်တာမို့ မတူညီမှုလေးများသည် သူတို့ကြားမှာ ပြဿနာတစ်ခု ဘယ်တော့မှ ဖြစ်မလာနိုင်ပါ။ နားလည်မှု သံယောဇဉ်နှင့် အတူတူနေကြတာမဟုတ်လား။

www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၂)

"မကာ...မကာ...ထပါဦး"

နှစ် လာနှိုးသောအခါ မကာ တအင်းအင်းညည်းညူလျက် မျက်လုံးဖွင့်ကြည့်လာသည်။

"ဘာလဲ ဘာဖြစ်လို့လဲ"

"ရှစ်နာရီထိုးနေပြီ နောက်ကျတော့မယ်"

"အိပ်ချင်သေးတယ်ကွာ၊ ညက အိပ်ရေးပျက်တယ်လေ၊ အိပ်ပါလား၊ စိတ်မပူနဲ့ တစ်ရက်တစ်လေ နောက်ကျတာပဲ၊ အကုန်လုံး ဒီနေ့ နောက်ကျမှာပဲ။ ညက သူတို့လည်း တော်တော်နဲ့ ပြန်ဖြစ်မှာမှ မဟုတ်တာ၊ အိပ်ချင်သေးတယ် မျက်လုံးဖွင့်မရဘူး"

ဗလုံးဗထွေးပြောပြီး တစ်ဖက်လှည့်ကာ ပြန်အိပ်သွား၏။

"ဟာ မဖြစ်ပါဘူးဆို မကာ"

နှစ်က မကာကို သူ့ဘက်ဆွဲလှည့်သည်။

သူက နိုးနေခဲ့ပြီ ဖြစ်သည်။

မိုးလင်းလင်းချင်းမှာ ဗိုက်ထဲဟာလျက် သိပ်သွားသည်။ မကာက

www.burmeseclassic.com

www.burmeseclassic.com



လှုပ်ပင် မလှုပ်သောအခါ စိတ်ရှည်ရှည်မစောင့်နိုင်တော့ပါ။ နှိုးပြီးခေါ်မှ ဖြစ်တော့မည်။

"မကာ နှစ် ဗိုက်ဆာပြီ ထပါတော့"

"ကော်ဖီဖျော်သောက်ပါလား၊ ပေါင်မုန့်ရှိတယ်လေ"

အတင်းပဲ နိုးနေတာမို့ အိပ်ချင်လည်း ပြယ်သလောက်ရှိသွားရပြီ။ မကာ ဖွတ်မိုတ်အိပ်လို့ မရတော့ပါ။ နှစ်က မရအရ ဖွဲ့ကြိုးကြိုးနှင့် နှိုးမည့်ပုံစံမျိုးရှိနေသည်။

"မျက်နှာသစ်တော့လေ"

ခေါင်းအုံးတစ်လုံးကို ပိုက်ပြီး နှစ်ကို စိုက်ကြည့်နေသည့် မကာကို လောလောကလေး တိုက်တွန်းလိုက်၏။

"ဟိုလူ ဘယ်လိုနေလဲမသိဘူး"

မကာက သတိရလိုက်သည်။

"အင်း အဲ့ဒါ အဲ့ဒါ ပြောမလို့"

ခုမှ နှစ်က ပြောဖို့ သတိရသွားသည်။

"နှစ် ပိုက်ဆံအိတ် သူ့ညှော်ခန်းက စားပွဲမှာ ကျန်ခဲ့တယ်သိလား။ ဘယ်လိုလုပ်မလဲ"

"ဟင်..."

မကာက တအံ့တဩလေး ဖြစ်သွားပြီးမှ နောက်တော့ ရယ်သည်။

"စင်ဒရဲလားလို ဖိနပ်မချန်ပဲ ပိုက်ဆံအိတ်ချန်ခဲ့တာလားဟင်"

နှစ်ကို စမိပါသည်။ နှုတ်ခမ်းလေးစူကာ...

"ဟုတ်ပါလိမ့်မယ် အားကြီး၊ ခေါင်းတွေပူပြီး ဘာမှတောင် မတွေးအားဘူး၊ တမင်ချန်ခဲ့ဖို့ နေနေသာသာ"

စမုန်းသိလျက်နှင့် ဖြေရှင်းနေသည်။

"နောက်တာပါနှစ်ရယ်၊ သူ လာပေးမှာပေါ့"

"လာပေးပါ့မလား"

"လာမပေးတော့လည်း ညနေ လိုက်သွားတာပေါ့"

www.burmeseclassic.com

www.burmeseclassic.com



မကာက ဘာယ်တော့မဆို သွေးအေးသည်။ သိပ်ထိတ်ထိတ်ပျာပျာ တုန်တုန်လှုပ်လှုပ် မရှိတတ်ပါ။

"ညနေပြန်မှ ဝင်သတင်းမေးရင် ယူလိုက်ပေါ့နှစ်ရဲ့"

"အင်း အဲ့ဒါကောင်းပါတယ်၊ မနက်ပိုင်းဝင်လို့ မဖြစ်ဘူး၊ ခုတောင် သိပ်နောက်ကျနေပြီ အရမ်းဆာနေပြီ၊ မျက်နှာသစ်ပါတော့ဆို"

"ခဏလေး ငါးမိနစ်မိုန်းပါရစေ"

"ဟာ မရပါဘူး၊ ငါးမိနစ်တွေ ဆယ်မိနစ်တွေ လုပ်မနေနဲ့" နှစ်က မကာလက်ကို ဖွတ်ဆွဲခေါ်သည်။

"ဖြည်းဖြည်းလုပ်ပါ၊ နိုးနေပြီပဲဟာ သစ်ပါ့မယ်"

နှစ်ကို မနည်းတောင်းပန်ယူရသည်။

"ဆာနေပြီဆို လမ်းထိပ်က လက်ဘက်ရည်ဆိုင်မှာ တစ်ယောက်တည်း သွားစားပစ်လိုက်မှာ။ ဟင်း..."

မကာကို သူက ခြိမ်းခြောက်နေသေး၏။

ခက်တာက သည်နေ့ ထမင်းတစ်အိုးတည်ချိန် မရှိတော့ပါ။ ထမင်းကို အပြင်ထွက်စားရတော့မည်။

ခါတိုင်းဆို ထမင်းကို အိမ်က ထည့်သွားပြီး ဟင်းလောက်သာ ဆိုင်က ဝယ်စားဖြစ်ခဲ့တာ။

"ထမင်းတည်ချိန် မရှိတော့ဘူး"

မကာက နာရီလှမ်းကြည့်ပြီး ရေရွတ်၏။

"နှစ်ချက်ထားပါတယ်နော်၊ ဟိုမှာ ပေါင်းအိုး မီးလင်းနေတာ မမြင်ဘူးလား၊ မကာ မျက်မှန်တတ်သင့်ပြီ သိလား"

မျက်စောင်းနှင့် အပြစ်တင်မှပဲ မကာ မြင်တော့သည်။

"ဆောရီး ဆောရီး တကယ်မမြင်တာ"

"မစောတော့ဘူး၊ ရှစ်နာရီကျော်ပြီ မြန်မြန်လုပ်"

နှစ်ဘေးနားကနေ အော်နေတာမို့ ဘာလုပ်၍ ဘာကိုင်ရမှန်းပင် မသိအောင် အစပျောက်နေသည်။

www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၃)

"မကာ"

"ဟင်"

"ညွှန့်သည်ရောက်နေတယ်၊ လူတစ်ယောက် လာမေးနေတယ်၊ အောက်ထပ်ဧည့်ခန်းမှာ စောင့်နေတယ်"

"မကာကို..."

မကာက သေချာအောင် ပြန်မေးမိပါသည်။

"အင်းလေ နှစ်ကိုရော နှစ်ယောက်စလုံးကို မေးတာပဲ"

ပိုပြီး မျက်လုံးလေးဝိုင်းသွားကာ...

"နှစ်ညွှန့်သည် နှစ်ညွှန့်သည် နှစ်ကိုခေါ်ပေးမယ်"ဟု ကမျာကယာပြောလျက် မှန်တံခါးလေးဟပြီး စားပွဲမှာရှိနေသော နှစ်ကို ခေါ်လိုက်၏။

မကာ သိလိုက်ပြီ။

မနေ့ညက လိုက်ပို့ကူညီခဲ့ရသော ကိုသဏ္ဍာန်ညိုပဲ ဖြစ်လိမ့်မည်။ နှစ်ပိုက်ဆံအိတ်ကို လာပြန်ပေးတာထင်၏။

www.burmeseclassic.com

www.burmeseclassic.com



"ဘာလဲ"

နှစ်က မျက်ခုံးလေးရှုံ့လျက် ရှေ့မှာလာရပ်မေးသည်။

"အောက်မှာ ဧည့်သည်ရောက်နေလို့တဲ့"

"ဟင် ဟုတ်လား။ လာလေ သွားတွေ့ရအောင်"

မကာ လက်ကလေးဆွဲလျက် ရှေ့က ဦးဆောင်လျှောက်ပါသည်။ မကာနေခဲ့မယ်လေဟု ငြင်းချိန်ပင် မရလိုက်။

"အင်း ထင်သားပဲ၊ ရှင်ပဲလို့"

တွေ့တွေ့ချင်းပဲ နှစ်က တရင်းတနှီးဆိုလိုက်၏။ သူ့မျက်နှာက အနည်းငယ်ချောင်ကျပြီး ဂျာကင်ကို ဇစ်ပိတ်လျက် ဝတ်ထားသည်။

"ဆေးခန်းလာရင်းနဲ့ ဝင်လာတာ"

မကာက နှစ်နှင့် မသိမသာကွယ်နေပြီး မျက်နှာလေးပဲ ရှေ့ထုတ်ကြည့်လိုက်၏။

"အရမ်းကျေးဇူးတင်ပါတယ်ဗျာ"

အားနာပာန်စွက်သောအပြုံးက နုံးညံ့သလောက် စွဲအားကောင်းလှသည်။ နှစ်ရော မကာပါ ငေးသွားရသည်။

"ဒီမှာ ပိုက်ဆံအိတ် ကျန်ခဲ့တာနဲ့ တော်သေးတယ် ဘေးအိမ်က ဦးလေးက လိပ်စာမေးထားလို့"

"ကျေးဇူးတင်ပါတယ်"

နှစ်က ဖျတ်ခနဲ လှမ်းယူသည်။

"စစ်ကြည့်ပါဦး"

"ရပါတယ်"

သူက စကားသက်ရခက်သလို နှုတ်ဆိတ်နေသည်။

"ဆေးသောက်ရဲ့လား"

"ဟုတ်ကဲ့"

"ကျန်းမာရေးဆိုတာ အရေးကြီးတယ်ရှင့်"

"ဟုတ်ကဲ့"

"တစ်ယောက်တည်းဆိုတော့လေ..."

www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်ကဲ့"

နှစ်နှင့်သူ့ကိုကြည့်ပြီး မကာ ပြုံးချင်လာ၏။ စကားပြောနေတာလည်း ပြတ်တောင်းတောင်းနှင့် စိမ်းနေသည်။

"ကော်ဖီလိုက်သောက်ဖို့ခေါ်ရင် လိုက်လို့ရမလားမသိဘူး"ဟု သဏ္ဍာန်ညိုက မျက်လုံးဝေ့ကြည့်လျက် မေးလာ၏။

"အဟိ ပြောမှပြောပါ့မလားလို့ သွားကြတာပေါ့၊ စောစောကတည်းက ခေါင်းရှုပ်ပြီး လက်ဖက်ရည်သောက်ချင်နေတာ အတော်ပဲ"

နှစ်၏ ပွင့်လင်းမှုက သူ့နှုတ်ခမ်းတွေကို ပြုံးသွားစေပါသည်။ မကာကတော့ ခုထက်ထိ စကားတစ်ခွန်းမှ မဆိုဖြစ်သေးပါ။ သူနှင့်နှစ်ပြောနေတာကိုပဲ နားထောင်နေမိ၏။

"ဘယ်မှာနေကြတာလဲ"

"လိပ်စာရေးပေးထားမယ်"

"ကောင်းတာပေါ့၊ သူငယ်ချင်းတွေ ဖြစ်သွားပြီ။ ဟိုဘက်က တစ်ယောက်ကရော ခင်ချင်ရဲ့လား"

သဏ္ဍာန်ညိုက မကာ၏တိတ်ဆိတ်မှုကို ဖြိုဖျက်ဖို့ စတင်ကြိုးစားလာ၏။ မကာက ခေါင်းလေးဆတ်ပြသည်။ အသံထွက်မလာ။ သဏ္ဍာန်ကြိုးစားမှု မအောင်မြင်။

ကောင်မလေးနှစ်ယောက်က ရိုးသားပွင့်လင်းပြီး စိတ်သဘောထားကောင်းမည့်ပုံလေးတွေပါ။

"တစ်ယောက်တည်းနော်။ မိသားစုရော"

"ဖေဖေပဲရှိတယ်၊ နောက်အိမ်ထောင်နဲ့ နိုင်ငံခြားထွက်သွားကြတော့ ကျွန်တော်နေခဲ့တာ။ အမေအသစ်နဲ့ သိပ်အဆင်မပြေဘူး၊ အဲဒါကြောင့်..."

"ဪ..."

နှစ်က သူ့ကို ဂရုဏာ ပိုသက်သွားရသည်။

"လိုအပ်တာရှိရင် ပြောနော်။ ကူညီပါ့မယ်"

"ကောင်းတာပေါ့၊ ထမင်းလာလာစားမယ်ဗျာ"

www.burmeseclassic.com

www.burmeseclassic.com



သဏ္ဍာန်ညိုကလည်း ပေါ့ပေါ့ပါးပါး စနောက် ကျီစယ်တတ်ပုံ ရလေသည်။ နှစ်နှင့် စရိုက်ချင်း ကိုက်ညီ၏။

"ခင်ဗျားတို့ကရော..."

"သူငယ်ချင်းနှစ်ယောက်လေ။ မိဘတွေက နယ်မှာ"

"ဟုတ်လား အတွဲညီတဲ့ သူငယ်ချင်းရှိတာ ဂုဏ်ယူစရာပဲ"

သူက မကာတို့ကို အားကျနေ၏။

"ကျွန်တော့်ကို သေချာ မိတ်ဆက်ပါဦး။ လူနဲ့ နာမည်နဲ့ သေချာသိအောင်။ မနေ့ညက ကျွန်တော်အရမ်းမူးနေတော့လေ ဘာမှ သိပ်မမှတ်မိဘူး"

နှစ်က တရင်းတနှီး မျက်စောင်းရွယ်သည်။

"ကျုပ်က နှစ် ခင်နှစ်သက်တဲ့။ သူက မကာ မေဦးကာတဲ့။ တဲ သေသေချာချာသိပြီလား"

"ဟုတ်ကဲ့"

မကာက သူ့ကိုလှမ်းကြည့်ပြီး နှစ်လိုဖွယ်ရာ ပြုံးပြ၏။

သဏ္ဍာန်ညိုက မကာအပြုံးလေးမှာ နစ်ဝင်ငေးမောသွားရသည်။ နှစ်က သွက်သွက်လက်လက်နှင့် ချစ်စရာကောင်းပြီး မကာပုံစံလေးက မခို့တရို့မပွင့်တပွင့်နှင့် အသည်းယားစရာကောင်းသည်။

ချစ်စရာကောင်းသော ကောင်မလေးနှစ်ယောက်နှင့် သိကျွမ်းရတာ သူ့အတွက် ကံကောင်းလှပါသည်။

ဖေဖေတို့မရှိကတည်းက စိတ်တွေလေပြီး ဘာမှ စိတ်ပါလက်ပါ တက်တက်ကြွကြွ မရှိခဲ့သောသူသည် ခုမှ အနှစ်သာရရှိလာသလို ထင်မိတော့သည်။

နှစ်နှင့်မကာက သူ့ဘဝကို တည်ငြိမ်ရင့်ကျက် ပျော်ရွှင်စေခဲ့ပါပြီ။

www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၄)

ရှင်မတောင်သနပ်ခါးမွှေးမွှေးကို ကျောက်ပျဉ်နှင့်အပြည့်သွေးပြီး သနပ်ခါးတုံးကို ချရုံရှိသေး တံခါးဆီက လူခေါ်ဘဲလ်သံတိုးတိုး ကြားလိုက်ရသည်။

မကာတို့အိမ်မှာ ရှိချိန်ဆို မိတာစာရွက်လာပေးတာမျိုး၊ ရုံပုံငွေအလှူခံတာမျိုး၊ အကြောင်းကိစ္စတစ်ခုခုနှင့် တံခါးလာခေါက်နေကျမို့ ဘယ်သူများလဲတွေးကာ မကာ ထွက်လာသည်။

တံခါးရွက်ကို ဖွင့်လိုက်ချိန်မှာတော့ တိရှပ်အဖြူနှင့် ဂျင်းဘောင်းဘီ ဝတ်ထားသော လူတစ်ယောက်နှင့် အကြည့်ချင်းဆုံသွားရသည်။

"ဩော် ကိုသ-ဏ္ဍာန်ညို"

သူရောက်လာလိမ့်မည်ဟု မမျှော်လင့်မိ။

"အိမ်ထဲမခေါ်တော့ဘူးလား မကာ"

"ခေါ်ပါတယ် ဝင်ပါ"

ရေချိုးပြီးစ ဖြစ်ဟန်တူသော မကာသည် ရေခံဝတ်စုံ အပြာ အစွာဖျော့ကို ဝတ်ထားပြီး ခေါင်းကိုလည်း သဘက်အပြာရောင်နှင့် ပေါင်း



www.burmeseclassic.com

www.burmeseclassic.com



ထားသဖြင့် မျက်နှာလေးက ပကတိရှင်းသန့်စွာ ပေါ်လွင်နေသည်။

သဏ္ဌာန်သည် အားနာစွာ ချက်ချင်း အကြည့်လွှဲလိုက်ပေမယ့် သူမ မျက်နှာလေးကို ကြည့်မဝ။

"ထိုင်ပါဦး။ နှစ်လည်း ရေချိုးနေတယ်၊ ကျွန်မတို့လည်း ခုနမှ အပြင်က ပြန်ရောက်လာကြတာ"

"ဟုတ်လား ကျွန်တော်ရုံးကို လိုက်သွားသေးတယ်၊ မကာတို့ နေ့လည်ကတည်းက ပြန်သွားကြတယ်ဆိုလို့ အိမ်ကိုပဲ လာလိုက်တာ"

"မကာတို့က ဗိုလ်ချုပ်ဈေးပတ်နေကြတာလေ"

"ဟုတ်လား။ ဒီလိုမှန်းသိရင် ကျွန်တော်လည်း လိုက်ခဲ့ပါတယ်"

သူပြောပုံလေးက တရင်းတနှီး။ ဒါပေမဲ့ မကာကို မကြည့်ဘဲ မျက်လုံးလွှဲထားပြီး ပြောနေတာ။

"ခဏနော်"

"ရပါတယ် အေးအေးဆေးဆေးလုပ်ပါ"

မကာ အဝတ်အစားလဲနေတုန်း နှစ်လည်း ရေချိုးပြီး ထွက်လာသည်။

"ဘယ်သူလဲ"

"ကိုသဏ္ဌာန်"

နှစ်က ပြုံးစိစိ မျက်လုံးပြူးပြသည်။

"ပျော်စရာကြီးနော်။ သူ နှစ်တို့ဆီ လာလည်ပြီ တွေ့လား"

"ကောင်မလေးနော်"

မကာက လက်ညှိုးထောင်ပြကာ တီးတိုးကြိမ်းလိုက်သည်။

"အဝတ်လဲပြီးရင် ထွက်လေ၊ သူတစ်ယောက်တည်းပျင်းနေမယ်။ ကော်ဖီဖျော်တိုက်နှင့်နော်။ နှစ်အခုပဲ အမြန်ထွက်လာမယ် သိလား"

နှစ်က မြန်မြန်အစီအစဉ်ချသည်။

ညနေခင်းလေးဟာ အထူးခြည့်သည်တစ်ယောက်ကြောင့် ပိုမို လှပ သက်ဝင်သွားခဲ့ရပါသည်။

သဏ္ဌာန်သည် အနည်းငယ် ရှိုးတိုးရှန်းတန့်ဖြစ်ရသော်လည်း



www.burmeseclassic.com

www.burmeseclassic.com


ဒီကောင်မလေးနှစ်ယောက်အိမ်ကို သူမလာဘဲ မနေနိုင်။

သူ့ကို ဘယ်လိုထင်ကြေးပေးမလဲဆိုတာလည်း သူ မတွေးနိုင်ပါ။

သူသိတာက မကာတို့နှစ်ယောက်နှင့် စကားပြောချင်တာပဲ။ အထူးသဖြင့် စကားနည်းပြီး ခပ်တည်တည်မျက်နှာလေးနှင့် မကာကို သူတွေ့ချင်စိတ် ပြင်းပြမိတာကြောင့်ပါ။

သို့သော် နှစ်အနားကို ရောက်လာမှ အားလုံးစိုစိုပြေပြေ ဖြစ်သွားသည်။

"အိမ်ကို တော်တော်ရှာရလားဟင်"

"မရှာရပါဘူး"

"လာလည်မယ်ဆို ကြိုပြောတာမဟုတ်ဘူး၊ တစ်ခုခု စီစဉ်ထားလို့ရအောင်"

"မလိုပါဘူးဗျာ၊ ဧည့်သည်မှ မဟုတ်တာ"

"နှစ်တို့လည်း ကိုသဏ္ဌာန့်အကြောင်း ပြောနေတာ"

"ဘာအကြောင်းလဲ"

"အမယ် မပြောပြပါဘူးနော်"

"အား မပြောရင် ပိုသိချင်လာပြီဗျာ"

နှစ်က ရယ်မောလျက်...

"မကာ ငါပြောလိုက်ရမလား"

"ဟင် ဘာကိုလဲ"

မကာက သူတို့စကားဝိုင်းထဲမပါဘဲ တီဗီကို ခပ်တိုးတိုးဖွင့်ကာ ငြိမ်ငြိမ်ထိုင်ကြည့်နေရာမှ မျက်ခုံးလေးပင့်လျက် ပြန်လှည့်မေးသည်။

"ငါတို့ သူ့အကြောင်း ပြောထားတာ..."

"ဘာလဲ မသိဘူးရှလေ"

သဏ္ဌာန်သည် မကာရဲ့ ရိုးသားသော မျက်နှာလေးကို ခပ်ငေးငေး စိုက်ကြည့်ရင်း သူမကို တစိမ့်စိမ့် စိတ်ဝင်စားလာမိသည်။

အေးဆေးသော သူမဟန်ပန်လေးဟာ ချစ်စရာ။

"အလကားပါ ကိုသဏ္ဌာန်ရယ်၊ နှစ်တို့က ကိုသဏ္ဌာန့်မှာ ရည်းစား


www.burmeseclassic.com

www.burmeseclassic.com



ရှိမရှိ လောင်းနေတာ"

"တာ ဟိုနေ့ကတည်းက မရှိပါဘူး ပြောထားပြီးသားလေ"

"ဒီပုံကြီးက ယုံရမှာလား"

"ဩော် ကျွန်တော်က ညာပါ့မလားဗျာ"

"သိနိုင်မလားလို့"

"ကျိန်ပြောရတာ့မယ်ထင်တယ်"

သဏ္ဌာန်က မကာဆီ အသာလေး ခိုးကြည့်မိသည်။ မကာ့သည် သူ့ရင်ကို အလိုလိုအေးချမ်းစေနိုင်ပြီး နှစ်ကတော့ သူ့နှလုံးသားကို နွေးထွေးစေသည်။

စကားပြောပုံလေးကလည်း ဖော်ရွေပွင့်လင်းသည်။ ထိုအချက်ကို သူနှစ်သက်မိတာလည်း အမှန်ပါ။

နှစ်ရယ် သဏ္ဌာန်ရယ် အတန်ကြာအောင် စကားပြောဆိုရယ်မောနေကြပြီးနောက် သဏ္ဌာန်က နှုတ်ဆက်ကာ ပြန်သွားလေသည်။ နှစ်သည် လမ်းမပေါ် လျှောက်သွားသော သဏ္ဌာန့်ကျောပြင်ကို ငေးမောကာကြည့်ရင်း...

"မကာ"

"ဟင်"

"သူလည်း နှစ်တို့ကို စိတ်ဝင်စားနေတာ သေချာပြီ သိလား။ ကြည့်ရင် သိသာတာပဲ"

"ဟုတ်မှာပေါ့"

"နှစ်ကိုလား မကာကိုလား"

"အို ပေါက်ကရ"

မကာ မျက်လုံးပြူးသွားသဖြင့် နှစ်က ရယ်ပြန်သည်။ တော်တော် အူမြူးနေပုံရ၏။

"ကျုပ်နဲ့ ဘာဆိုင်သလဲ၊ နှစ်နော် လာမစနဲ့"

"အင်းပါ မစပါဘူး။ နှစ်ကလည်း နှစ်ကို ဖြစ်ပါစေလို့ ဆုတောင်းနေတာ။ ဟိ ဟိ"



www.burmeseclassic.com

www.burmeseclassic.com

"အပေါ်မ"

"သူက နှစ်စိတ်ကူးထဲက မင်းသားပုံစံပဲ သိလား"

နှစ်သည် ပွင့်ပွင့်လင်းလင်း ရှေ့ကို တိုးခဲ့သည်။

ထိုအခါ သူမက တိုးတိုးတိတ်တိတ် နောက်ကို ဆုတ်ဖို့ပဲ ရှိသည် မဟုတ်လား။



www.burmeseclassic.com

www.burmeseclassic.com


## အခန်း (၅)

သဏ္ဍာန်သည် နှစ်တို့ တိုက်ခန်းလေးရှေ့ကို မနက်ပိုင်း ရောက်ချင်ရောက် ဒါမှမဟုတ် ညနေပိုင်းဆို ရောက်စမြဲတည်း။

အိမ်ကို မလာဘူးဆိုရင်လည်း ကုမ္ပဏီရုံးခန်းမကိုတော့ အပြေးအလွှား တခဏဖြစ်ဖြစ် ရောက်လာတတ်သေးသည်။

ယောက်ျားကြိုက်တော့ ဆိုက်ဆိုက်လာတယ်ပဲ ဆိုရမလား၊ တစ်စတစ်စနှင့် သုံးယောက်သားမှာ အတော်အတန်လည်း ရင်းနှီးကျွမ်းဝင်လာခဲ့ရပါပြီ။

သဏ္ဍာန့်အထင်တော့ နှစ်သည် သူ့အပေါ် လိုလိုလားလား နွေးထွေးကြိုဆိုမှုရှိပြီး မကာကတော့ မာနနည်းနည်းပိုသည်။

သို့သော် နှစ်ယောက်စလုံးက သူ့အပေါ် ခင်မင်ဂရုစိုက်ရှာပါသည်။

အမှန်အတိုင်းပြောရလျှင်တော့ သူ့နှလုံးသားထဲမှာ ရှိနေခဲ့ရတဲ့ သံလိုက်အိမ်မြှောင်တစ်ခုဟာ မကာထံ တိတိကျကျညွှန်ပြခဲ့တာပါပဲ။

သို့ပေမယ့် မကာက သူထင်သလို မတုံ့ပြန်။


www.burmeseclassic.com

www.burmeseclassic.com



သူ့အပေါ် မီးနိုပြထားသည်ဟုသာ သူ ခံစားရသည်။

တစ်ယောက်နှင့်တစ်ယောက် မေတ္တာချင်း ညီမျှမှသာ ရှေ့ဆက်တိုးဖို့ ဖြစ်နိုင်မှာ မဟုတ်လား။

တစ်ခါတစ်ရံတော့ အေးတိအေးစက် မကာပုံစံကို သူအတော်မခံမရပ်အသည်းယားမိသည်။

သူ့ဘက်က သွယ်ဝိုက်သောနည်းတွေနှင့် အကြိမ်ကြိမ် ဖွင့်ပြောဖို့ကြိုးစားပါလျက် သူမက မသိချင်ယောင်ဆောင်သည်။

ဥပမာ မကာချက်တဲ့ ဟင်းကို တစ်သက်လုံး စားခွင့်ရချင်တယ်။ ဘယ်သွားသွား အမြဲလိုက်ပို့ချင်တယ်။ တခြားလူကြည့်တာ မကြိုက်ဘူး။ ဘာညာ အခြေအနေပေးရင် ပေးသလို နှစ်မသိအောင် သဏ္ဍာန် အမြဲတမ်း စကားခေါ်ကြည့်တာ အကြိမ်ပေါင်း မနည်း။

ဒီ့ထက်ပြောဖို့တော့ သူလည်း လန့်သေးသည်။

မကာစိတ်ဆိုးမှာလည်း ကြောက်ရသေးသည် မဟုတ်လား။

ဒီအတိုင်း ခင်မင်သွားလာနေရတာလေးကိုလည်း ကိုယ့်ဘက်က ဆုံးရှုံးမခံနိုင်ဘူးလေ။

လူဆိုတာ ရှေ့ကိုပဲ မဆင်မခြင် ဖွတ်ထိုးပြန်လျှင်လည်း အထိနာမှာ စိုးရသည်။ သူမ စိတ်သဘောထားက နူးညံ့မယောင်နှင့် ပြတ်သားအေးစက်သည်။

ကိုယ်လှမ်းပေးတာကို တစ်ဖက်လူက မယူဘူးဆိုလျှင် ဘာပဲဖြစ်ဖြစ် ရှက်ရတာပဲ မဟုတ်လား။

ဒီတော့မှ ကိုယ့်ကိုလှမ်းပေးနေသူရဲ့ တန်ဖိုးကိုလည်း ကောင်းစွာကိုယ်ချင်းစာတတ်လာခဲ့သည်။

သူသည် ပထမဆုကို လိုချင်တာမှန်သော်လည်း ဒုတိယဆုနှင့်သာ ထိုက်တန်သူလည်း ဖြစ်ကောင်းဖြစ်လိမ့်မည်။

ထိုအခါ ဒုတိယဆုကို နှစ်သိမ့်စွာ မြတ်နိုးတတ်ဖို့လိုအပ်သည် မဟုတ်လား။

www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၆)

မကာသည် သဏ္ဍာန်ညိုရဲ့ မျက်ခုံးနက်နက်များအောက်က စိမ်းညို့သော မျက်လုံးအကြည့်များကို မဆုံမိအောင် သတိထားနေမိသည်။

ထိုမျက်လုံးများနှင့် ဆုံရတိုင်း ရင်ထဲမှာ ဘယ်လို ဖြစ်မှန်းမသိ။

နှစ်ရော သူမလိုပဲ ဖြစ်မိသလား။

ရုပ်ရှင်ရုံအပြင်ဘက်က စားပွဲတစ်ခုမှာ သုံးယောက်အတူတူ ထိုင်နေကြပေမယ့် သဏ္ဍာန်ညို့ထိုင်ခုံဟာ သူမရဲ့ ကုလားထိုင်နှင့် ပိုနီးကပ်နေသလိုပဲဟု စိတ်ထဲထင်မိသည်။ သူ့ဆီက စီးကရက်နံ့နှင့်အတူ သင်းပျံ့သော မွှေးရနံ့တစ်ခုကို နီးကပ်စွာ ရောနှောရှူရှိုက်မိသည်။

လယ်သာအင်္ကျီအညိုရောင် လက်ပြတ်နှင့် ဘောင်းဘီပွပွအညိုရောင်ကို ဝတ်ဆင်ထားသော သူ့ပုံစံလေးဟာ အသားညိုညိုနှင့် အင်မတန်ချောမော ကြည့်ကောင်းနေသည်ဖြစ်ရာ ဖြတ်သွားဖြတ်လာ ကောင်မလေးတွေက သူ့ကို သမင်လည်ပြန် ကြည့်ကြည့်သွားတတ်သည်။

နှစ်သည် သဏ္ဍာန်နှ့ကို ကြည့်သွားသော မိန်းကလေးတွေကို တည်တည်ပြန်ကြည့်တာမျိုးလည်း တွေ့ရ၏။ ရွယ်တူကောင်ကလေးအချို့

www.burmeseclassic.com

www.burmeseclassic.com



တော့ အမျိုးသမီးနှစ်ယောက်အလယ်မှာ ခံ့ညားစတိုင်လ်ကျနေတဲ့ သဏ္ဌာန်ကို ပြုံးဟဟကြည့်သွားတတ်၏။ သဏ္ဌာန့်မျက်နှာလေးက ပြုံးနေသည်။

"အအေးသောက်ပြီးရင် ရုံထဲဝင်တော့မလားနှစ်။ ဘာတွေဝယ်ဦးမလဲ"

"မဝင်သေးပါဘူး။ အချောကြီးပဲ ရှိသေးတာ။ ပြီးရင်လည်း ရုပ်ရှင်ရုံထဲ ညှောင်းအောင် ထိုင်ရဦးမှာပဲ"

"ခင်ဗျားလေးတို့ သဘောပါဗျာ"

တကယ်တော့ အစီအစဉ်မရှိဘဲ ရုပ်ရှင်ကြည့်ဖို့ စိတ်ကူးပေါက်လာကြတာမို့ နှစ်ရယ် မကာရယ်က ဘာမှ ပြင်ပြင်ဆင်ဆင်မရှိလှ။

နှစ်က ပါတိတ်လိမ္မော်ရောင်ဝတ်စုံလေးနှင့် လိမ္မော်ရောင်နှုတ်ခမ်းဆိုးဆေးလေးနှင့်မို့ ဝင်းဝင်းပပ ချစ်စဖွယ်ကောင်းနေသော်လည်း မကာမှာ အစိမ်းရင့်ရင့်နှင့်အနက် ရောစပ်ထားသော ရှပ်အင်္ကျီကွက်နှင့် လုံချည်အနက်လေးကို ဖြစ်သလို တွဲစပ်ဝတ်လာတာမို့ နှစ်လို ထင်ထင်ပေါ်ပေါ် လှမနေမှာ သေချာသည်။

သဏ္ဌာန်ညို့မျက်စိထဲမှာ နှစ်နှင့်မကာ ဘယ်သူများ ပိုလှနေမလဲ မတွေးစဖူး တွေးမိကာ ပြုံးချင်လာသည်။ ယောကျ်ားလေးတစ်ယောက် အနေနှင့်တော့ သူနှင့် ခင်မင်ပတ်သက်နေသော မိန်းကလေးနှစ်ယောက်ကို နှိုင်းယှဉ်ကြည့်ချင် ကြည့်မိနိုင်သည် မဟုတ်လား။

နှစ်မျက်နှာလေးက ကလေးဆန်ပြီး ပို၍ကြည်လင်သည်။ မကာကတော့ ကြွေနှင့် မျက်နှာထား အနည်းငယ်ထန်သည်။ တစ်ခါတစ်ရံ မျက်ခုံးကိုပင် တွန့်ချိုးထားလိုက်သေးတာ။

"ကိုသဏ္ဌာန်နော် ဒီနေ့ ရှိုးတွေ အရမ်းထုတ်တာပဲ"

"ဟာဗျာ မဟုတ်ပါဘူး"

နှစ်က သဏ္ဌာန် သူ့ထက်ပိုထင်ပေါ်နေမှာ မလိုလား။ မလိုအားဆို ကောင်မလေးတွေက ဒေါ်ကြတာကိုး။ သဏ္ဌာန်က နှစ်ကို ပြောင်းချင်းတောမျက်နှာလေးကို မရဲတရဲကြည့်သည်။

မကာက မသိသလို အကြည့်လွှဲနေသည်။

www.burmeseclassic.com



ဒီမိန်းကလေးသဘောကို သူသေချာ နားမလည်။ သို့သော် နှစ်ယောက်စလုံးက သူ့ကို ခင်မင်တာတော့ သူယုံကြည်သည်။

ပြီးတော့ သူတို့သုံးယောက်ဟာ မရိုးမသားစုတွဲပုံ ပတ်သက်မှုမျိုး မဟုတ်ဘဲ ရင်းနှီးသော သူငယ်ချင်းတွေပုံစံမို့ ဘေးလူတွေကလည်း စိတ်ဝင်တစား အကဲခတ်တာမျိုး ရှိသည်။

နှစ်ကတော့ ထိုအခြေအနေကို အတော်စိတ်တိုမိသည်။

သဏ္ဌာန့်ပုံကတော့ ခပ်အေးအေးသာပါ။

နှစ်က နာရီကို တစ်ချက်ကြည့်ပြီး...

"မေ့နေတာ မကာရေ။ ကုမ္ပဏီကို ဖုန်းဆက်ရဦးမှာ"

"အင်းနော် ဟုတ်သားပဲ"

"ငါ သွားဆက်လိုက်ဦးမယ်"

နှစ်က စားပွဲပေါ်က ပိုက်ဆံအိတ်လေး ကောက်ပြီး ကောင်တာမှာ ဖုန်းသွားဆက်ဖို့ပြင်သည်။

"မကာလည်း လိုက်မယ်လေ"

စားပွဲမှာ သဏ္ဌာန်နှင့်အတူ ထိုင်မနေရစ်ဘဲ မကာက နှစ်နောက် လိုက်လာသည်။

သဏ္ဌာန်က စီးကရက်လေးခဲလျက် ခပ်ငေးငေးထိုင်နေရစ်ခဲ့သည်။

"မကာ နင်က သူ့နားနေခဲ့တာ မဟုတ်ဘူး"

"မနေချင်ပါဘူး"

"ဘာလဲဟ"

နှစ်ကရယ်သည်။ မကာ နှစ်ကို မျက်စောင်းရွယ်မိ၏။ ထို့နောက် နှစ်က ဖုန်းဆက်၊ မကာက ဟိုငေးဒီငေးနှင့် ရုပ်ရှင်ရုံတဝိုက်မို့ လူတွေ စည်းကားရှုပ်ထွေးသည်မဟုတ်လား။

သဏ္ဌာန်သည် သူ့စားပွဲနံဘေး လမ်းကလေးပေါ်မှ လျှောက်သွားနေကြသူတွေကို ဒီလိုပဲ အပျင်းပြေ ကြည့်နေမိတာပါပဲ။

ဒါကိုပင် အနားသို့ ပြန်ရောက်လာသော နှစ်က မထင်မှတ်ဘဲ...

www.burmeseclassic.com

www.burmeseclassic.com


"တော်ပြီ ရုပ်ရှင်လည်း မကြည့်တော့ဘူး ပြန်မယ်"

"ဗျာ ဘာဖြစ်လို့လဲနှစ်"

"ရှင့်ဘာသာ ဟိုမိန်းမတွေ ငမ်းနေရစ်တော့။ ဒါမှမဟုတ်လည်း လိုက်သွားတော့"

နှစ်ရဲ့ မမျှော်လင့်သော အငေါ်တူးတူးစကားကြောင့် သဏ္ဌာန်ညို အတော်ရှက်သွားရပါသည်။

"ဗျာ...ဘယ်မိန်းမလဲ"

"အမယ် အခုမှ အူကြောင်ကြောင်ပုံ ဖမ်းမနေနဲ့။ အခုန အဝါလေးကိုလေ ရှင်လိုက်ကြည့်နေတာ တမေ့တမြော မြင်သားပဲ"

ခြေသလုံးလှသော ထိုမိန်းကလေးရဲ့ ကြော့ကြော့မော့မော့ လျှောက်လှမ်းသွားဟန်ကို ဒီနားတဝိုက်က ရှိသမျှအမျိုးသားတိုင်းလိုလို လိုက်ကြည့်မိကြတာ မှန်ပေမယ့်၊ ထိုအထဲ သဏ္ဌာန်ပါဝင်နေတာကိုတော့ဖြင့် နှစ်က အတော်လေး မကျေမနပ်ဖြစ်ရပါသည်။

ထို့ကြောင့်လည်း ဟန်ပင်မဆောင်နိုင်ဘဲ ချက်ချင်း ရန်တွေ့မိတာ။

မကာက တအံ့တဩ နှစ်ကို လက်ကုတ်သည်။

"အဓိပ္ပါယ်မရှိတာနှစ်ရယ်၊ ဘယ်က အဝါလေးလဲ။ ကျွန်တော် သတိတောင် မထားမိပါလားဗျာ"

"အပိုတွေပါ ဟွန်း..."

"နှစ်ရယ် ဘာတွေလျှောက်ပြောနေတာလဲ သူ့ဘာသာကြည့်တာ ကြည့်ပါစေလား"

မကာက ဝင်သတိပေးသည်။ နှစ်ကြည့်ရတာ စိတ်ဆိုးနေပုံကြီး မဟုတ်လား။

"ပြဿနာပဲ ဘယ်သူ့မှ မကြည့်ရပါဘူးဗျာ၊ ကျွန်တော့်အတွေးနဲ့ ကျွန်တော်ပါ"

သဏ္ဌာန်က မျက်နှာပျက်ပျက်နှင့် ဖြေရှင်း၏။

နှစ်က မျက်နှာကို ဆူပုတ်ထားသည်။

သဏ္ဌာန်မှာ ရယ်လည်းရယ်ချင် စိတ်လည်းညစ်နှင့် ဘာလုပ်ရ


www.burmeseclassic.com

www.burmeseclassic.com

မှုန်း သေ၏။

မကာလည်း လူကြားထဲမရှောင် သဏ္ဍာန်နဲ့ကို သဝန်တိုသော နှစ်ပုံစံကို အတော်ကလေး လန့်သွားရပါသည်။

သတိစွဲထားပြီးသား သူမရဲ့စိတ်တို့ဟာ ပို၍ပင် တင်းကျပ်လန့်ဖျန့် လို့သွားသည်။

ဘုရားရေ မကာဘက်များ လှည့်လာရင်…

အလိုလိုကြောက်မိပါသည်။

"နှစ်"

"ဘာလဲ"

ထူးသံက ဂျစ်ကန်ကန်။

"နောက်ဆို ကောင်မလေးလှလှတွေ့ရင် ကျွန်တော့်ကို ကြိုပြီး သတိပေး"

"အမယ် ဘာလုပ်ဖို့လဲ"

"မျက်စိမှိတ်ထားရအောင်ပါ"

"သွား"

နှစ်မျက်နှာ ခုမှ ပြုံးရယ်လာနိုင်သည်။

မကာမှာတော့ အသက်ရှူကျပ်သွားရပါပြီ။

နောင်များတော့ သဏ္ဍာန် သူမဘေးနား ကပ်လျှောက်ရင်တောင် သတိထားရှောင်တော့မှ။

ဘာကိုမှ သတိလက်လွတ် ပြုမူလို့မဖြစ်။ နှစ်အထင်လွဲမှာစိုး သည်။

နက်ရှိုင်းသော သဏ္ဍာန့်မျက်လုံးလေးတွေကြောင့် ပို၍ပင် စိုးရွံ့ ရပါသည်။

သဏ္ဍာန်ရယ်…

မဖြစ်နိုင်ဘူးထင်ပါတယ်။


www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၇)

မိုးကောင်းကင်က စောစောကလို လင်းမနေတော့ဘဲ၊ တစ်ခဏအတွင်း မှောင်လာတာကို ပြူတင်းပေါက်မှ လှမ်းမြင်တာမို့ မိုးရွာတော့မှာလားဟု ထင်လိုက်မိသည်။

လေတိုက်ခတ်ပုံကလည်း ရေငွေ့နှင့် အေးစိမ့်စိမ့်ဖြစ်လာသည် မဟုတ်လား။

မကာမျက်လုံးလေးက ဖိနပ်စင်အပေါ်ဘက်နံရံလေးရဲ့ တစ်နေရာစီ ရောက်သွားသည်။ ထီးက သူ့နေရာမှာ သူ မပြုတ်ရှိနေသည်။

ထင်တဲ့အတိုင်းပဲ မိုးမှမရွာတာ ထီးယူဖို့ သူဘယ်လို သတိရပါ့မလဲ။ မကာကလည်း သူ့ကို သတိမပေးမိခဲ့။

ပင့်သက်ကလေး အသာခိုးရှိုက်ရင်း နှစ်ဆီ လှမ်းကြည့်မိသည်။

"နှစ်"

"ဟင်"

ဒရင်းဘက်ခ်ပေါ်လှဲကာ စာအုပ်ဖတ်ရင်း နှစ်က မော့မကြည့်ဘဲ ပြန်ထူးသည်။

www.burmeseclassic.com

www.burmeseclassic.com



"မိုးရွာတော့မယ် ထင်တယ်"

"ဟုတ်လား။ ကောင်းတယ်၊ အဲဒါမှ အအိုက်ပြေမှာ"

စာအုပ်မှ မျက်နှာမခွာဘဲ အလိုက်သင့်ပြောတာမို့ မျက်စောင်း ရွယ်ချင်လှသည်။ နှစ်ဟာလေ သဘောကို မပေါက်ဘူး။

ကြည့်နေရင်းပင် မိုးက တဝုန်းဝုန်းနှင့် တကယ်ရွာလာသည်။

"မကာပြောတာမှန်တယ်၊ မိုးရွာလာပြီ ပြူတင်းပေါက်တွေ ပိတ်ဦး နော်"

"ပိတ်ထားပြီးပါပြီဟယ်၊ ဟိုတစ်ယောက် စိုပြီလား တွေးနေတာ"

ထိုအခါကျမှ နှစ်က အလန့်တကြားဖြင့်...

"ဟယ် ဟုတ်သားပဲ၊ ကိုသဏ္ဌာန် အခွေသွားငှားနေတာပဲ။ မှေ့တောင်နေပြီ၊ ကြည့်စမ်း သူ ထီးပါသွားလား"

"ပါမလား၊ သိတဲ့အတိုင်းပဲ"

"ဒါဆို မြန်မြန်လုပ်လေ။ မိုးမိပြီး ထပ်ဖျားနေမှဖြင့်"

"ဘာလုပ်ရမှာလဲ"

"ထီးလိုက်ပေးလေ"

ဗွီဒီယိုခွေငှားဆိုင်းတုန်းက သူပဲ အတင်းလွှတ်ပြီး အခုမှ အဲ့ဒီနှစ်က ပြူးပြူးပျာပျာဖြစ်လာသည်။

မကာကတော့ ပျင်းစရာကြီးနော်ဟု တစ်ခွန်းလောက်ပဲ ညည်း မိတာ။

"ရော့"

"ဟင် ဘာလဲမကာရယ်၊ ငါက နာစေးချောင်းဆိုနေတာ သိသား နဲ့ ဒီမိုးထဲထွက်ရင် ပိုဆိုးမှာပေါ့၊ မကာပဲ မြန်မြန်လိုက်ပေးလိုက်"

"ဟင် လုပ်ပြီ၊ ဘယ်ဆိုင်မှန်း မသိဘဲနဲ့"

"ဒီလမ်းထဲက စတားဗီဒီယိုဖြစ်ရင်ဖြစ် ဒါမှမဟုတ် ဟိုဘက်နှစ် လမ်းကျော်ကဆိုင် ဒါပဲ သူငှားတတ်တာပဲ။ နင် ဆင်းလိုက်ရင်တွေ့မှာပါ။ တော်ကြာ ဟိုတစ်ယောက်က မိုးထဲပြေးလာဦးမယ်နော်၊ မကြာနဲ့ မြန်မြန် ထွက်တော့"

www.burmeseclassic.com

www.burmeseclassic.com



မကာလည်း နှစ်နှင့်အပြိုင်ပြောမနေတော့ဘဲ ထီးနှစ်ချောင်းဆွဲကာ မြန်မြန်ပြေးဆင်းခဲ့ပါသည်။

သူ့ကို မိုးတွေစိုရွှဲလျက် အပြင်းဖျားနေပုံနှင့် စတင်တွေ့ခဲ့ဖူးတာမို့ မကာ အာရုံထဲမှာ ထိုမြင်ကွင်းက ပျောက်မသွားဘဲ သူမိုးမိမှာ စိုးထင့်စိတ်က ရင်မှာစွဲနေသည်။

သဏ္ဍာန်ညီဖို့နှင့် ပတ်သက်လျှင် အသေးစိတ် အဖြစ်အပျက်ကလေးတွေ အကုန်လုံးဟာ လွယ်လွယ်ကူကူပျောက်ပျက်မသွားဘဲ နှလုံးသားထဲ စွဲစွဲမြဲမြဲ မှတ်မိထင်ကျန်နေတာကို မကာ ဘာမှမတတ်နိုင်။

ဥပမာ သူ ဘယ်နေ့က အကျီဘာအရောင်လေးနှင့် ဘယ်လိုအမူအယာမျိုးရှိခဲ့တာ၊ သူဘာပြောခဲ့တာ စသဖြင့် ဒိုင်ယာရီမလိုဘဲ ပြန်တွေးလိုက်ရင် စီကာစဉ်ကာ ပေါ်လာသည်။

သို့သော် သူမျက်နှာရှုံ့ပြပုံလေးကို မကာက တိတ်တဆိတ်သဘောကျမိလျှင် နှစ်ကလည်း အဲဒါကိုပဲ ချစ်စနိုးနှင့် တဖွဖွပြန်ပြောနေတတ်သည်။

ကော်ဖီဆိုင် အတူတူထိုင်ရင်း သဏ္ဍာန်ဆိုတဲ့ ကာရာအိုကေသီချင်းလေးတွေကို အတူတူ တမေ့တမြော နားထောင်နှစ်သက်ရတာမျိုးလည်းရှိသည်။

ဘာပဲဖြစ်ဖြစ် မကာ သူ့အတွက် စိတ်ပူတတ်တာတော့ ဝန်ခံရပါမည်။ ထီးကို ဖွင့်ဆောင်းပြီး မိုးသည်းထဲမှာ မြန်မြန်လျှောက်မိတာမို့ လုံချည်အနားပိုင်းတွေ မိုးစိုကုန်သည်။

မျက်စိကလည်း ဟိုဟိုဒီဒီ ရှာဖွေရသေးတာမို့ ထီးအလင့်မှာလေက ဝှေ့ခနဲတိုက်သွားလျှင် ဆံနွယ်တွေ မိုးရေစင်သည်။ သို့သော် မကာက မိုးရွာတာကို ကြိုက်သဖြင့် အေးမြမြရသလေးကို ခံစားကြည်နူးမိပါသည်။

လမ်းထဲက အခွေဆိုင်မှာ သူ့ကိုရှာမတွေ့။ ထို့ကြောင့် ဆိုတက်နှစ်လမ်းကျော်ကို လျှောက်ရသည်။ မိုးရေထဲလမ်းလျှောက်ရတာဟာ ရိုးရိုးအချိန်လျှောက်ရတာလို မလွယ်ပါ။ လုံချည်ကလည်း ရေစိုကပ်ပြီး

www.burmeseclassic.com

www.burmeseclassic.com



တုတ်နေသေးတာ။

မကာ သွက်သွက်လျှောက်လို့သာ တခဏနှင့် ရောက်လာတာ။ ခပ်ခေးခေးမင် ဆိုင်တံစက်မြိတ်အောက်လေးမှာ လက်ပိုက်ရပ်နေတဲ့ သူ့ကို လှမ်းတွေ့ရတာမို့ ရင်ထဲမှာ တစ်ချက်ဆောင့်ခုန်လာသည်။

ဘယ်အချိန်မှာဖြစ်ဖြစ် သူ့အမူအယာ ဘယ်လိုမျိုးလေးဖြစ်ဖြစ် နှစ်လိုစိတ်နှင့် ချစ်စနိုးဖြစ်ရသော်လည်း သူ့ကို ချစ်ဖို့အထိ ဘယ်တော့မှ မရည်ရွယ်ပါ။ ဒါကပဲ မကာရဲ့ အချစ်ဖြစ်သည်။

သဏ္ဌာန်ညိုက မိုးသည်းထဲမှာ ထီးလေးဆောင်းပြီး သိမ်သိမ် မွေ့မွေ့လှမ်းလာနေတဲ့ မိန်းကလေးကို လှမ်းကြည့်သည်။

သူ့မျက်စိကို ချက်ချင်း သူမယုံ။

မကာ…မကာလေး။

ဒီနေရာမှာ နှစ်ဖြစ်နေရင် သူ ဒီလိုအံ့အားတသင့်ဖြစ်မိမှာမဟုတ်။

မျှော်လင့်ချက်နှင့် နှလုံးသားက တဒိတ်ဒိတ်လှုပ်ရှားလာသည်။

မကာရယ်…

ကျွန်တော့်ရင်ထဲမှာ ဘယ်လောက်နွေးသွားရသလဲ သိလား၊ ဝရှိုက်တာဟာ အချစ်ကနေ လာတာပါဗျာ။

ခင်ဗျားမညာတတ်ရင် ကောင်းမယ်။

မျက်ဝန်းနှစ်စုံ မိုးစက်တွေကြားမှာ တန်းတန်းမတ်မတ် ဆုံမိကြသည်။ မကာသည် ထီးလက်ကိုင်လေးကို လက်နှင့် တင်းတင်းဆုတ်ထား ရင်း ရင်တလှပ်လှပ်ဖိုလာသည်။

နူးညံ့ပျော့ပျောင်းသော သဏ္ဌာန်ညို့မျက်ဝန်းတွေကို သူမကို ဆွဲဆောင်ဖမ်းစားနိုင်လွန်းသည်။

ပြီးတော့ သူ့မျက်လုံးများရဲ့ အဓိပ္ပါယ်ကို မကာနားလည်ပါသည်။

ဒီလိုပဲ မေဦးကာရဲ့ ရင်ထဲကိုလည်း သဏ္ဌာန်ထွင်းဖောက်၍ မြင်မိသည်။

ကျေနပ်ကြည်နူးခြင်းက သူ့နှလုံးသားမှာ စီးဖြာလျှက် တလှိုက်လှိုက် နွေးလာသည်။

www.burmeseclassic.com

www.burmeseclassic.com



သူ့ကိုလာကြိုတဲ့ ကောင်မလေးဟာ တစ်ချိန်ချိန် သူ့အိမ်သူလေး ဖြစ်စမ်းပါတော့။

အနာဂတ်ကာလတစ်ခုဆီ မွတ်သိပ်စွာ တောင့်တမိသည်။

"မကာ"

ရုတ်ခြည်း သူပြေးထွက်လာသဖြင့် မကာ ခြေလှမ်းတုန့်သွားရသည်။

"ဘာလို့ ထွက်လာတာလဲ။ ရော့ရော့ ထီးဖွင့်လေ"

သူ့လက်ထဲ ထီးအပိုတစ်ချောင်းကို အမြန်ပေးလိုက်ပြီးတော့ လောလောဆယ် သူ့အရပ်မြင့်မြင့်ကို ထီးရွက်နှင့် ကွယ်အောင် မနည်းလှမ်းမိုးပေးရသေးသည်။

"ရတယ် ရတယ်၊ ကျွန်တော်စိုလည်း အကြောင်းမဟုတ်ဘူး"

ဖြစ်နိုင်ရင် မိုးရေထဲ ပြေးတောင် ဆော့ကစားလိုက်ချင်ပါသေးသည်။

"ဘာလို့လဲ သိလား၊ ကျွန်တော်အရမ်းပျော်လို့"

မိုးသံတွေကြားမှာ သူက မကာကြားအောင် တိုးတိုးပြောလေသည်။

မကာက သူ့ကိုမကြည့်ဘဲ ခေါင်းငုံ့သွားသည်။

"မကာ ဘာကြောင့်လဲလို့ မမေးဘူးလားဗျာ"

သူက မချင့်မရဲနှင့် မကာကို အသည်းယားသလို စိုက်ကြည့်နေသည်။

သူတစ်ခုခုဖွင့်ပြောလိုက်မှာ မသိစိတ်က စိုးထိတ်စွာ နားမထောင်ရဲ။

"ကိုသဏ္ဍာန်နော်၊ မကာထီးကို ဘာလို့ လာတွန်းနေတာလဲ ဒီမှာစိုကုန်ပြီ။ လာလည်းကြိုပေးရသေးတယ်"

"ဒါဆို မကာက လာမကြိုချင်ဘူးပေါ့"

"မီးပူတိုက်မလို့ဥစ္စာ နှစ်က အတင်းလွှတ်တာပါ"

သူ ရုတ်တရက် မကာရှေ့ပိတ်ရပ်ပြီး...

"နှစ်ကြိုခိုင်းလို့ ဟုတ်လား။ ခင်ဗျားသဘောနဲ့ဆို လိုက်မလာ

www.burmeseclassic.com

www.burmeseclassic.com



ဘူးပေါ့ ဒီလိုလား"

"မိုးရွာနေတာတောင် မသိလိုက်ဘူး"

သဏ္ဍာန်နှုတ်ဆိတ်သွားသည်။

စွန့်လွှတ်နိုင်ရင် အချစ်မဟုတ်ဘူး ဒေါ်မေဦးကာ။

စွန့်လွှတ်ခြင်းဟာ အချစ်ဖြစ်တယ်လို့ ကျွန်တော် ဘယ်တော့မှ မယုံကြည်နိုင်ဘူး။

www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၈)

နံနက်စောစောပင် သဏ္ဌာန်ညိုရောက်လာသဖြင့် နှစ်တို့အခန်းလေးမှာ စိုပြေ ဆူညံသွားသည်။

"ဘယ်လိုလဲဗျို့ အပျင်းထူလှချည်လား။ အခုမှ နိုးကြတာလား"

"အမယ် တစ်ရက်တလေ စောစောပေါ်လာပြီးတော့များ"

"ကြက်သားပေါက်စီ ဝယ်လာတယ်၊ မကာ ကြိုက်တယ်မို့လား"

"နှစ်ကြိုက်တာပါ"

"ဒါဆို မကာ ဘာကြိုက်လဲ၊ ဘာစားချင်လဲ"

"ဘာမှ မကြိုက်ဘူး"

မကာသည် သူ့ကိုဆို ထိုသို့သာ တုံးတိတိ ပြတ်သားစွာ ငြင်းပယ်မြဲတည်း။

တော်တော် အသည်းမာတဲ့မိန်းမ၊ မာနကြီးတဲ့မိန်းမ။

သဏ္ဌာန်က နှုတ်ခမ်းကို ချွန်လျက် သူမမျက်နှာလေးကို စိတ်တို စွာ စိုက်ကြည့်နေမိသည်။

မျက်နှာသစ်ပြီးစ တဘက်ကလေးကိုင်ကာ ရေချိုးခန်းဆီ ထွက်လာ

www.burmeseclassic.com

www.burmeseclassic.com


သောနှစ်က…

"ဟယ် ဘာတွေလဲ ပေါက်စီဝယ်လာတာလား၊ အတော်ပဲ ဗိုက်ဆာနေတာနဲ့ မကာရေ ကော်ဖီဖျော်တော့နော်"

"အင်း…အင်း"

မကာက ထမင်းစားခန်းဆီ လျှောက်သွားသည်။ ခုထိ မတ်တင်ရပ်နေမိတဲ့ သူ့ကို နှစ်က…

"ထိုင်လေ"

သူ ဆိုဖာမှာ ထိုင်လျှင် နှစ်က သူ့မျက်နှာ သူမှန်ထဲသွားကြည့်ပြီး…

"မနေ့က ဆိုင်မှာ မျက်နှာသွားသစ်ထားတာ ဘယ်လိုနေလဲဟင် ကိုသဏ္ဍာန်၊ နှစ်မျက်နှာ ပိုဖြူမလာဘူးလား"

"အင်း ဖြူပါတယ်"

"အဲဒါကို မကာက မထူးပါဘူးတဲ့၊ ထူးတာပေါ့နော်၊ သူမှ မကြည့်တတ်တာ"

"ဟော့ နှစ်နော် အတင်းပြောမနေနဲ့၊ ဒီမှာကြားနေရတယ်"

"ကော်ဖီရပြီလား မြန်လိုက်တာ"

မကာ ဗန်းကလေးနှင့် ပြန်ထွက်လာသည်။

"တွေ့လား နှစ်က ဒီမနက် ပေါက်စီစားချင်တယ်လို့ ပြောရုံရှိသေးတယ် မျက်စိရှေ့ကို ရောက်လာပြီ။ လိုတရပဲနော် မကာ"

"ဟုတ်ပ"

"မကာက မီးရှည်စားမယ်ဆိုလို့ နှစ်တို့နှမ်းယောက်သား ငြင်းနေတာ ကိုသဏ္ဍာန်ရဲ့။ အခုတော့ အဖြေက အလိုလိုထွက်ပြီ"

"ဟုတ်လား"

သဏ္ဍာန်က မကာမျက်နှာလေးကို ခိုးကြည့်လိုက်သည်၊ မကာက သူ့ကိုမကြည့်။

နှစ်ပြောသလိုပဲ အသေးအဖွဲ့လေးကအစ နှစ်နှင့်မကာ ဂွင်ကာတာ ချင်းမတူဘူး ထင်ပါတယ်။


www.burmeseclassic.com

www.burmeseclassic.com


သဏ္ဍာန်သည် သူဝယ်လာမိတာ မြီးရှည်သာ ဖြစ်စေချင်မိသည်။ ဒါပေမဲ့ ခုမှတော့ ဘယ်လိုပြန်ပြင်မလဲ။

"ရပါတယ်၊ ဒါက အဆာပြေပဲ၊ ပြီးရင် ကျွန်တော်တို့ မြီးရှည် သွားစားကြမယ်လေ"

"မသွားပါဘူး"

မကာက ခေါင်းယမ်းသည်။

သဏ္ဍာန်က မသိမသာ မျက်နှာပျက်သည်။

"ဟုတ်သားပဲ ကိုသဏ္ဍာန်ကလည်း ချက်ချင်းကြီး ဘယ်လို ဗိုက်ဆံ့ပါ့မလဲ၊ နေ့လည်လောက်မှဆို ဟုတ်သေး"

ကော်ဖီသောက် မုန့်စားရင်း ငြင်းခုန်ရင်းပင် နောက်ဆုံးတော့ ဈေးကို အတူတူသွားကာ အိမ်မှာပဲ မြီးရှည်ချက်စားဖို့ စိတ်ကူးပေါက်ကာ အစီအစဉ်ချလေသည်။

မကာလည်း အိမ်မှာ တစ်ခုခု အပျော်သဘော ချက်ပြုတ်ရမှာ သဘောကျသဖြင့် ကန့်ကွက်မနေတော့ပါ။

သဏ္ဍာန်က ခုမှ ကျေနပ်သွားသလို သူဝတ်ထားတဲ့ ခေါင်းစွပ် ဆွယ်တာအင်္ကျီကို ရင်ဘတ်ဟာလျက် လေနှင့်တစ်ချက်မှုတ်ရင်း မကာကို ပြုံးကြည့်သည်။

မကာ တစ်ခုခုကိုအလိုမကျလျှင် သူသည် အလိုလို စိတ်အိုက်ရ သည်မဟုတ်လား။

စိတ်ချင်းဆက်သွယ်မှုကို မကာနှင့်ရပြီး လူချင်းရင်းနှီးမှုကိုတော့ နှစ်နှင့်ရသည်။

သူ့ဒေးတွက် ဤမိန်းမနှစ်ယောက်က အမြဲထူးဆန်းနေသည်။

သူသည် မိုးလင်းတာနှင့် ဒီတိုက်ခန်းလေးကို အကြောင်းမရှိ အကြောင်းရှာကာ ရောက်လာချင်မိသည်။

မကာမျက်နှာလေးကို မြင်တွေ့ရလျှင် စိတ်ချမ်းသာပြည့်စုံသွားပြီး နှစ်ရဲ့ ပွင့်လင်းငြိတွယ်ချင်သော စီစီညံညံစကားသံလေးက သူ့အတွက် အင်အားဖြစ်လေသည်။ ဒါဟာ သူ့ရဲ့ မညာစတမ်းဝန်ခံမှုပဲ ဖြစ်ရပ်ပါ။


www.burmeseclassic.com

www.burmeseclassic.com



"တဲ ဈေးသွားမယ်ဆို ပြင်ကြမယ်လေ"

နှစ်က ခပ်လောလော အော်လိုက်ပြီး သူလည်း မြန်မြန်အလှပြင်သည်။

သဏ္ဍာန်က စီးကရက်တစ်လိပ်သောက်ရင်း ဝရံတာထွက်ရပ်နေသည်။ ပြီးတော့ သုံးယောက်သား အိမ်တံခါးသော့ခတ်ပြီး ဆင်းခဲ့ကြသည်။

ဈေးရောက်တော့လည်း ဆိုင်တွေအနှံ့အပြားလျှောက်ဝယ် တစ်ယောက်တစ်ခွန်း ညံစီနေကာ ပျော်စရာကောင်းလှသည်။

သဏ္ဍာန်သိသည် မကာနံဘေးကို မသိမသာကပ်မိတိုင်း မကာက အသာကလေး ရှောင်သွားတတ်သည်။

သူနှင့် အတူတူတွဲလျှောက်ရင် ဘာဖြစ်မှာလဲ။ ဒီအခွင့်အရေးမျိုးကို နှစ်က အလွယ်တကူပေးနိုင်ပြီး မကာက သူ့ကို စည်းခြားဆက်ဆံတာမို့ စိတ်တိုမိတာအမှန်ပါ။

ကိုယ်ကြင်နာတာ သိရက်နှင့် ဒီအကြင်အနာကို သူမက လက်မခံချင်။ အချစ်ဆိုတာ ကိုယ်ကပေးချင်တိုင်းလည်း အတင်းပေးလို့မရ။

သူမဆီက အချစ်ကိုရော ဘယ်လိုလုပ်ပြီး ဖွတ်တောင်းရမလဲ။

သဏ္ဍာန် သက်ပြင်းတွေသာ ခိုးရှိုက်နေမိပါသည်။ အပြန်မှာလည်း ကားပေါ်မှာ သူတိတ်နေမိသည်။ အိမ်ရောက်၍ ကားပေါ်က ဆင်းခါနီးကျမှပဲ မိုးက ကပ်ပြီးရွာချသည်။

"ကျွတ် ဒီမိုးကလည်းကွာ"

နှစ်က မျက်နှာလေးရှုံ့လိုက်သည်။

"ကဲ နှစ်တော့ ပြေးပြီဗျို့ ဒီတစ်အိတ်ပဲ ဆွဲသွားပြီ၊ တာ့တာ"

အထုပ်အပိုးတွေထဲက အသေးဆုံး၊ အပေါ့ဆုံး ကျွတ်ကျွတ်အိတ်ကိုဆွဲပြီး နှစ်က လှေကားဆီ အရင်ဆုံးပြေးဇာ၏။

သဏ္ဍာန်က ဆွဲခြင်းနှင့် ကျန်တဲ့အိတ်တချို့ကို ကားပေါ်က ချဖို့ပြင်ရင်း မကာက ကားပြင် ထွက်ရပ်သဖြင့်…

"ထီးဆောင်းလေ မကာ"



www.burmeseclassic.com

www.burmeseclassic.com



"ရတယ် ဆွဲခြင်း ဒီကိုပေး"

"ကျွန်တော်ဆွဲခဲ့မှာပေါ့"

မကာက အထုပ်အပိုးတွေနှင့် သူ့ကို တစ်ယောက်တည်း မချန့်ဘဲ စောင့်နေသဖြင့် သဏ္ဍာန်က ထီးကို ဖွင့်ကာ သူမကို မိုးပေးလိုက်သည်။

"ရတယ် နေပစေ ကိုသဏ္ဍာန်၊ မကာ မိုးစိုတာ ကြိုက်တယ်။ ရှင်ပဲ လုံအောင် ဆောင်းစမ်းပါ"

ကြည့်လေ ကိုယ်ထီးမိုးပေးတာလေးကိုပင် လက်သင့်မခံ ငြင်းဆန်နေမိသည်။

သဏ္ဍာန်က မဖယ်၊ သူမကို မကျေမနပ် တုန့်ပြန်ကြည့်နေမိသည်။

"ကိုသဏ္ဍာန်ရေ"

နှစ်က လေ့ကားတစ်ဝက်ရောက်မှ အောက်ကို ပြန်ဆင်းလာသည်။

"သော့ သော့ သော့ပေးဦး၊ မေ့သွားလို့"

"နှစ်ခေါ်နေပြီ သွားလေ"

သဏ္ဍာန်က မကာနားမှာ မကြားသလို ရပ်နေသည်။ နှစ်က မိုးသံနှင့် မကြားဘူးထင်ပြီး ထပ်ခေါ်သည်။

"ကိုသဏ္ဍာန်"

"ကောင်းပြီလေ ကျွန်တော် နှစ်ဆီပဲ သွားတော့မယ်။ ခင်ဗျား အတွက် ကျွန်တော်မှ မလိုအပ်ဘဲ"

သူက မိုးဖွဲကြားမှ ခံစားချက်နှင့် အဓိပ္ပါယ်ပါပါ ပြောသွားခဲ့သည်။

ထိုအချိန်ကစလို့ မကာနှင့်သူ တစ်စတစ်စ ဝေးကွာသွားခဲ့တာပဲ ထင်ပါသည်။

www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၉)

ယခုတလော သဏ္ဍာန်ညို သိသိသာသာ စကားနည်းသွားသည်။ မကာအပေါ် ဂရုတစိုက်အပြုအမူတွေလည်း သူ့ဘာသာရုပ်သိမ်းသွားခဲ့သည်။

တစ်ခုခုပြောစရာရှိလျှင်တောင် နှစ်မျက်နှာလေးကို ခပ်ပြုံးပြုံးစိုက်ကြည့်ကာ ပြောတတ်၏။

နှစ်ကလည်း ပျော်နေသည်။

အရင်ကထက်ပိုပြီး ကိုသဏ္ဍာန့်ကို ဦးစားပေးလာသည်။ ပြောင်းလဲသွားသော အနေအထားကို မကာ ခတ်မဆိတ်သာ ကြည့်နေမိသည်။

ရှေ့လျှောက်လည်း ဒီ့ထက်ပြောင်းလဲသွားဖို့ပဲ ရှိသည် မဟုတ်လား။ မကာအတွက်ကတော့ ဖြစ်တည်လာသော အချစ်တစ်ခုကို နှလုံးသားထဲပဲ သိုသိုသိပ်သိပ် သော့ခတ်သိမ်းဆည်းပြီးသားမို့ ထူးပြီး ကြေကွဲသည်ရယ်လို့လည်း မရှိတော့ပါ။

ဒီလိုပဲ မျှော်လင့်ထားခဲ့တယ်လေ။

ဒီနေ့လည်း သဏ္ဍာန်ရောက်လာတော့ မကာ ဧည့်ခန်းကိုပင်



www.burmeseclassic.com

www.burmeseclassic.com



မထွက်မိ။ အလုပ်ပိတ်ရက်မို့ အိမ်သန့်ရှင်းရေး လုပ်နေမိသည်။

သူတို့ တအောင့်ကြာမျှ စကားပြောပြီးလျှင် နှစ်က မီးဖိုခန်းထဲ ဝင်လာသည်။

"မကာ"

"ဟင်"

"ရှင်းလို့ လင်းလို့ မပြီးသေးဘူးလား"

နံရံကပ်ကြောင်အိမ်ထဲက ဖန်ပုလင်းတွေကို အဝတ်နှင့် ပွတ်တိုက်နေသော မကာကို ပခုံးလာပုတ်၏။

"ပြီးတော့မှာပါ၊ ဘာဖြစ်လို့လဲ"

"ဒီနေ့ ဘယ်သွားကြရင် ကောင်းမလဲ မြကျွန်းသာသွားမလား၊ သူကတော့ ရုပ်ရှင်ကြည့်မယ်တဲ့"

"နင်တို့ဘာသာပဲ စဉ်းစားကြလေ"

"အင်း..."

နှစ်က မျက်ခုံးလေးရှုံ့ကာ...

"မကာ ဖရေ့ချ်ထဲမှာ ဘာရှိသေးလဲ"

"အခုစားဖို့လား"

"အင်း"

"လိမ္မော်သီးတော့ရှိတယ်၊ ဩော် ညကဝယ်ထားတဲ့ ကျောက်ကျောလည်းရှိသေးတယ်"

"အတော်ပဲ ကိုသဏ္ဍာန်အကြိုက်တွေပဲ ငါ့ကို လာထုတ်ပေးဦး"

မကာကိုယ်တိုင်က သူကြိုက်တာတွေ အမြဲရွေးဝယ်နေမိတာကိုး နော်။

ရေခဲသေတ္တာဖွင့်ရင်း တစ်ယောက်ထဲ ကြိတ်ပြုံးမိပါသည်။

လိမ္မော်သီးကို ပန်းကန်ပြားထဲထည့် ကျောက်ကျောပန်းကန်ပါ ထုတ်ပေးတော့ နှစ်က သယ်သွားပေးသည်။

နှုတ်ဖျားကလည်း သီချင်းတိုးတိုး ဆိုညည်းလို့။

မကာက တစ်ယောက်တည်း မျက်ခုံးပင့်လျက် ဘယ်လိုပါလိမ့်မှာ

www.burmeseclassic.com



တစ်ချက်တွေးပြီးနောက် လုပ်လက်စအလုပ်လေးတွေ ဆက်လုပ်နေလိုက်သည်။ ခဏလောက်ကြာသွားပြီးမှ နှစ်ကို လက်သုတ်ပဝါထည့်မပေးလိုက်မိတာ သတိရသည်။

တစ်သျှူးဘူးကို ဆွဲပြီး အိမ်ရှေ့ထွက်၏။ လိုက်ကာကို ဟပြီးမှ ရှုတ်တရက် ခြေလှမ်းတုန့်သွားမိသည်။ ရင်ထဲမှာလည်း ရုတ်ခြည်း လစ်ဟာကျသွားရသည်။ နှစ်က လိမ္မော်သီးလေးတွေကို တစ်မွှာချင်းခွာပြီး သဏ္ဍာန်တို ခွဲ့ကျွေးနေသည်။

သူတို့ မျက်နှာနှစ်ခုက နီးနီးကပ်ကပ် ပြုံးပြုံးရယ်ရယ်။ ပြီးတော့ သဏ္ဍာန့်ပခုံးတွေ လက်ဖျံတွေမှာ နှစ်က ဘောပင်နှင့် ဝါးရုပ်တို့ ဘဲရုပ်တို့လိုဟာတွေ ပေါက်ကရ ရေးခြစ်ထားသေးသည်။

ရက်ပိုင်းအတွင်း သူတို့နှစ်ယောက်ရဲ့ ရင်းနှီးနှောင်ဖွဲ့မှုက မြန်ဆန်လှချည်လား။

သူတို့ သူတို့ ချစ်သူတွေဖြစ်သွားကြပြီလား။ ဖြစ်နိုင်သည်။ မကော သတိမထားမိလို့သာပါ။ ဆုံးရှုံးခြင်းနှင့် နှလုံးသားက အားငယ်နွမ်းလျသွားသည်။ မကော အသက်ရှူကျပ်လာသလို ခံစားရ၏။

ထို့နောက် မီးဖိုခန်းဘက် ခပ်ဖြေးဖြေးပြန်လျှောက်လာမိသည်။

တစ်သျှူးဘူးကို စားပွဲပေါ်ချလျက် စိတ်ပင်ပန်းကြီးစွာ ကုလားထိုင်ပေါ် မှီထိုင်လိုက်ရသည်။

မျက်လုံးတွေ မှိတ်ထားမိ၏။ မကောမျက်လုံးအိမ်တွေကို မျက်ရည်နှင့် ပူခနွေးစွတ်စိုလာမှာ မလိုလားပါ။ မျှော်လင့်ပြီးသားပဲမို့ ခံနိုင်ရည်နှင့် စိတ်ကို တင်းထားသည်။ မကော မငိုဘူးနော်။



www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၁၀)

"နေ့လည်ထမင်းစားချိန်က နင် ဘယ်ပျောက်သွားတာလဲနှစ်"

နှစ်က မဖြေဘဲ တဟင့်ဟင့်နှင့် ရယ်လိုက်သည်။

"ဘာရယ်နေတာလဲ"

"အပြင်ခဏ လစ်တာ"

"ဘယ်သူနဲ့လဲ"

"ပြောပြရမလား"

နှစ်က မကာနားနားကပ်ပြီး...

"ဘဲဘဲနဲ့"

တိုးတိုးလေး ဆိုသည်။ မကာက မျက်ခုံးပင့်လိုက်ပြီး...

"ကြည့်စမ်း လျှို့ထားတယ်"

"ပြောမလို့ပါနော်၊ အေးအေးဆေးဆေးကို ပြောချင်တာ၊ ဒီဇာ ကြည့် မကာအတွက် လက်ဆောင်လေးတောင် သွားဝယ်ထားတာ။ သူနဲ့ ချစ်သူဖြစ်ခွင့်ရရင် ပေးမယ်လို့ ရည်ရွယ်ထားတာ သိလား"

"အခု ချစ်သူဖြစ်ပြီလား"

www.burmeseclassic.com

www.burmeseclassic.com



"ကိုသဏ္ဌာန်ကလေး နှစ်ကို ပရိုပို့စ်လုပ်တာ သုံးရက်နေ့က"

နှစ်မျက်နှာဟာ သူမ မြင်ဖူးသမျှထဲ အလှဆုံး အချိုဆုံးဖြစ်၏။

"ဟင် ဒီနေ့ ဆယ်ရက်နေ့တောင်ရှိပြီ မြို့ထားတယ်ကွာ၊ နှစ် မကောင်းဘူး"

မကာက နှစ်ကို မနာအောင် ဆိတ်မိ၏။

နှစ်ကိုယ်တိုင်က ဒီလို ဖွင့်ဟဝန်ခံပြီဆိုမှတော့ မကာအထင် မှန်ခဲ့တာ သေချာပြီ။

"အဖြေပေးတာကရော၊ ကဲ..."

"အဟဲ အဲဒီနေ့ကပဲ"

"တော်တော် စဉ်းစားတာပဲ"

"စဉ်းစားနေတာက သူနဲ့ စတွေ့ပြီးကတည်းကပဲလေ။ အချိန် ထပ်ယူစရာမှ မလိုတော့တာ"

"ဟုတ်ကဲ့ ရှင်းပါပြီ"

ဒီတစ်ခါတော့ မကာကို နှစ်က လက်သီးနှင့် ထုလိုက်သည်။

ပြီးတော့ နှစ်ယောက်သား တွန်းထိုးရယ်မိကြသည်။ နှစ်ရဲ့ အပျော်က သူမထံ ကူးစက်လာသလိုပါပဲ၊ ကြေကွဲခြင်းတွေကို ဖုံးလွှမ်း လိုက်သွားသည်။

"ဝမ်းသာပါတယ်နှစ်ရယ်၊ နင်က သူ့ကို ချစ်တာပဲ"

"ဒါဆိုရင် ဝမ်းသာခြင်းအထိမ်းအမှတ် ရော့ ဖွင့်ကြည့်ဦး"

သူမပါးကို တစ်ချက်မွှေးပြီးမှ ကတ္တီပါဘူးလေးကို လက်ထဲ လာထည့်သည်။

"ဘာကြီးလဲ"

"ကြည့်လေ"

ဘူးကို ဖွင့်လိုက်တော့ အထဲမှာ လက်ကောက်အပျော့စားလေး တစ်ခု။

မကာကြည့်ထားပြီး မဝယ်ဖြစ်သေးတဲ့ ပလက်တီနမ်လက်ကောက် ကလေးပါ။



www.burmeseclassic.com

www.burmeseclassic.com


မြင်တုန်းက မျက်စိထဲမှာ သိပ်ကြိုက်တဲ့ပစ္စည်းလေး ဖြစ်ခဲ့ပေမယ့်၊ အခုလို နှစ်တို့ချစ်သူဖြစ်ကြောင်း အထိမ်းအမှတ်ဖြင့် လက်ဆောင်ရသောအခါ ကိုင်တွယ်ဖို့ပင် ဝန်လေးတွန့်ဆုတ်သွားမိသည်။

ချစ်ခြင်းအပေါ်မှာ ဖြစ်ပေါ်တဲ့ စိတ်ရဲ့ စွမ်းအားနှင့် ပြောင်းလဲပုံကို မကာလိုက်မမီချေ။

"ဝတ်ကြည့်ပါဦး၊ မကာနဲ့ အရမ်းလိုက်တာ"

နှစ်က သူမလက်မှာ အသာအယာ ဆင်မြန်းပေးသည်။

"အင်း လှပါတယ်၊ မကာကြိုက်ပါတယ်၊ ကျေးဇူးပဲနှစ် နှင်တို့စုံတွဲ အမြဲတမ်း ချစ်သွားနိုင်ပါစေလို့ ဆုတောင်းပါတယ်"

မကာရဲ့ စကားသံအေးအေးလေးက နှစ်နားထဲ ချိုမြစွာ စီးဝင်သွားပြီး နှစ် မကာပခုံးကို ဖက်ထားလိုက်သည်။

"စိတ်ချ၊ ငါကတော့ မောင့်ကို အမြဲချစ်သွားမှာ သိလား"

www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၁၁)

ထို့နောက်မှာတော့ သူတို့ ချစ်သူနှစ်ဦးက တစ်စတစ်စ ပိုမိုရင်းနှီးနွေးထွေးလာပြီး မကာက ဘေးက လူတစ်ယောက်အဖြစ် သူတို့နှင့် ဟိုဟိုဒီဒီ အတူပါသွားတာလည်းရှိ၊ ကိုယ့်ဘာသာ ချန်နေခဲ့တာလည်းရှိနှင့် သုံးယောက်သား ပြေလည်ငြိမ်းချမ်းနေခဲ့ပါသည်။

တစ်ခါတစ်ခါ သူတို့စိတ်ကောက်ကြရင်လည်း မကာက ဖြန်ဖြေရေးသမားလုပ်ရသည်။

နှစ်ကို ချော့မော့ရသည်။ သူ့ကိုလည်း နှစ်အပေါ် အပြစ်မယူဖို့ ဖျောင်းဖျနားချရသည်။ ထိုအခါ သူက ကလေးတစ်ယောက်လို မကာစကားကို နာယူရှာပါသည်။

နှစ်ရဲ့ အချစ်တွေကိုလည်း သဏ္ဍာန်က မြတ်နိုးစွာ တန်ဖိုးထားတတ်ခဲ့ပြီ မဟုတ်လား။

သူတို့နှစ်ယောက် ခိုင်ခိုင်မာမာချစ်ခဲ့ကြပြီ။ မကာအပေါ်လည်း သူငယ်ချင်းတစ်ယောက်လိုပဲ သဘောထားပြောင်းဖို့ ကြိုးစားခဲ့သည်။

အရင်ကလို သတိလက်လွတ် သူစိုက်ကြည့်မိတာမျိုးမရှိ၊ နှစ်ကို

www.burmeseclassic.com

www.burmeseclassic.com



လည်း အလွန်သစ္စာရှိသည်။ နှစ်မကြိုက်တာ သူဘာမှ မလုပ်ရှာ။

နှစ်များ နည်းနည်းလေး ကိုယ်ပူပြီး ဖျားလျှင် အနားက မခွာတော့။ နဖူးလေးစမ်းလိုက်၊ လက်ဖျားလေးဆုပ်ထွေးထားလိုက်နှင့် အလွန်အမင်း ကြင်နာဟန်ပေါက်သည်။

မကာပင် နှစ်ကိုယ်စား နှစ်သိမ့်ကြည်နူးရသည်။

သူဟာ မကာထင်တာထက် မိန်းမတစ်ယောက်အပေါ် အလိုက်သိ ကြင်နာနွေးထွေးမှုရှိနေသည်မဟုတ်လား။ သူသည် နှစ် အားကိုးထိုက်သော ယောကျ်ားကောင်း ယောကျ်ားမြတ်တစ်ဦးပါပဲ။

သူတို့ရဲ့ ချစ်သူသက်တမ်း အတန်ငယ်ကြာလာသောအခါ လက်ထပ်ဖို့ တိုင်ပင်ဆွေးနွေးလာခဲ့သည်။

ဘယ်မှာနေမလဲ၊ ဘယ်လိုလက်ထပ်မလဲ စသည်ဖြင့် မကာကိုပါ အကြံဉာဏ်ကောင်း တောင်းသေးသည်။

မကာက နှစ်နှင့် နှစ်ယောက်အတူ အခန်းငှားနေခဲ့တာမို့ နှစ်အိမ်ထောင်ပြုသွားလျှင် တစ်ယောက်တည်း အားငယ်ကျန်ရစ်ရမှာ စိုးသည်။

နှစ်ကတော့ မကာကို မခွဲဘူးဟု ကတိပေးသည်။ သူကလည်း မကာတို့နှစ်ယောက်ကို ကွဲကွာစေသူ မဟုတ်ပါဘူးဟု ဆိုသည်။

တကယ်လည်း သုံးယောက်သား တစ်ယောက်ကို တစ်ယောက် အဖော်ပြုပြီး နေကြတာမဟုတ်လား။

သို့သော် အနာဂတ်မှာ ဘယ်လိုလာမလဲ မကာမသိ၊ ခုထက်ထိတော့ အရာရာ အဆင်ပြေပြေ ရှိပါသည်။

www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၁၂)

အနုပညာ၌ ပျော်ဝင်ခုံမင်တတ်သော သူတစ်ပါးအပေါ် သည်းခံစိတ်ရှည်ခွင့်လွှတ်တတ်သော နူးညံ့ပျော့ပျောင်းခံစား လွယ်တတ်သော မကာဟာ ကိုယ်တိုင်တိုးချစ်ရပါသော ယောကျ်ားတစ်ယောက်ရဲ့ ပါးကို လက်ဖဝါးချက်ပြင်းပြင်းနှင့် ရိုက်ချဖြစ်လိမ့်မည်ဟု ဘယ်တုန်းကမှ အိပ်မက်ပင် မမက်ဖူးခဲ့ပါ။

သို့သော် အိပ်မက် မမက်ဖူးသော်ငြားလည်း ထိုအဖြစ်အပျက်က အပြင်မှာ တကယ်လက်တွေ့ ဖြစ်ပျက်ကြုံတွေ့ခဲ့ရပါသည်။

ထိုနေ့က တိုက်ဆိုင်လှစွာ မကာကလည်း ညနေခင်း ရေချိုးပြီးချိန် ဗီရိုထဲမှာ ဂါဝန်အဖြူ ကိုယ်နှင့်အတိ ချုပ်ထားတာလေးကို ဆွဲထုတ်ဝတ်ဆင်မိသလို သူမရဲ့ နောက်မှ ရေချိုးခန်း ကမန်းကတန်းဝင်သော နစ်ကလည်း သူ့ရဲ့ဗီရိုထဲက နစ်ယောက်ဆင်တူ ချုပ်ထားသော ထိုဂါဝန်နှင့် အဖြူကိုပဲ ရွေးထုတ်ဝတ်ဆင်ခဲ့ပါသည်။

ပြီးတော့ ရေချိုးခန်းထွက်လာပြီးမှ တအံ့တသြနှင့်...

"ဟယ်တော့ ဆင်တူဖြစ်နေပါလား"



www.burmeseclassic.com

www.burmeseclassic.com



နှစ်သည် ရယ်မောရင်း သူမကို လာဖက်သည်။ ထို့နောက် မှန်ရှေ့မှာ နှစ်ယောက်သား ရပ်ကြည့်ကြသည်။

"နှစ်က ငါနဲ့ ဆင်တူလိုက်ဝတ်တာပါနော်"

"အမယ် မဟုတ်ပါဘူး၊ သိတောင်မသိဘူး။ နှစ်ဘာသာ ရတဲ့ အကျီ ဆွဲထုတ်ဝတ်လိုက်တာပါနော်"

"ထားပါတော့၊ အခုရော ဟိုဘက်ခန်း ပြန်ပြေးရဦးမှာ မဟုတ်လား"

မကာက မျက်နှာလေးရှုံ့လျက်မေးသည်။ နှစ်ကတော့ ဝမ်းပန်းတသာ ပြုံးရွှင်စွာ…

"မပြေးလို့ရဦးမှာလား။ မောင်တစ်ယောက်တည်း ပစ်ထားလို့ ရမလားဟဲ့။ သူ့ခမျာ ပစ္စည်းသယ်လည်းပါ၊ အိမ်ဆေးသုတ်လည်းပါနဲ့ တစ်နေကုန်ပင်ပန်းနေတာ"

"ဒါကတော့ နှစ်ယောက်တစ်ဘဝခရီးစဖို့ပဲ ဒီလောက်တော့ ပင်ပန်းခံရမှာပေါ့"

"ဟွန်း ကိုယ်ချင်းမစာတတ်တော့ ပြောထားဦးပေါ့လေ"

"ကဲပါ သွားမှာ သွားပါ"

"မကာ ညစာ ဘာစားမလဲ"

"အိမ်မှာရှိတဲ့မုန့်ပဲ စားမယ်"

"နှစ်ကတော့ မောင်နဲ့ အပြင်ခဏသွားမလို့"

"သွားလေ"

"မကာ မလိုက်ဘူးလား"

"ဟင့်အင်း မလိုက်တော့ဘူး"

သူတို့ စုံတွဲနား နေရတာ မပျော်လို့တော့ မဟုတ်ပါဘူး။

ဒါပေမဲ့ တစ်ခါတစ်ရံတော့လည်း စိတ်တွေက ငြိုးငွေ့ချင်သည့်ကိုသဏ္ဌာန်နှင့် နှစ်သက်တို့ရဲ့ လက်ထပ်ရက်က တစ်စတစ်စ နီးကပ်လာပြီး နှစ်နှင့် မကာနှစ်ယောက်အတူရှိနေဆဲ ဖြစ်ပေမယ့် တစ်ဖြည်းဖြည်း ဝေးကွာသွားသလို ခံစားရသည်။



www.burmeseclassic.com

www.burmeseclassic.com



ဒီနေ့တစ်နေ့လုံး သူတို့နှစ်ဦးသား သွားလိုက်လာလိုက်နှင့် မျက်စိနောက်အောင်ပင် အလုပ်ရှုပ်နေသည်။

အိမ်ထောင်ပြုတော့မည့်သူများမို့ ပျော်ရွှင်တက်ကြွစွာ ဝယ်လို့ခြမ်းလို့ မကုန်နိုင်။

ဟိုဘက်ခန်းလေးကိုငှားပြီး ပြင်ဆင်နေကြတာ ဘယ်နှရက်ရှိပြီလဲ။

လိုအပ်တဲ့ ပရိဘောဂတွေ ပန်းကန်ခွက်ယောက်တွေ တိုလီမိုလီတွေ သူတို့ပဲ စဉ်းစားနိုင်ကြပါရဲ့။

စဉ်းနီတုံးလို ကျောက်ပျဉ်လိုဟာတွေပင် မမေ့မလျော့ သယ်လာကြတာ။

"အခန်းထဲမှာထားဖို့ အမှိုက်ပုံးသေးသေးဝယ်ဖို့ ကျန်သွားတယ်။ ပြေးလိုက်ဦးမှ"ဆိုကာ နှစ်ယောက်သား ကားတစ်စီးနှင့် ထွက်ကြပြန်ရော။ အဲဒါမျိုးလေးတွေ ခေါက်ကုံ့ခေါက်ပြန် အကြိမ်မနည်း။

မကာတောင် သူတို့ကြည့်ပြီး မောလာသလိုပင်။ ထို့ကြောင့် ညနေတော့ ဘယ်မှမလိုက်တော့ဘဲ နားနားနေနေ တစ်ယောက်တည်း စာအုပ်ဖတ်အပန်းဖြေဖို့ပဲ ရွေးချယ်လိုက်ပါသည်။

"မကာရေ ငါ့ပိုက်ဆံအိတ်ရော"

"နင် ဘယ်မှာထားလို့လဲ"

"မသိတော့ဘူး၊ အိပ်ရာပေါ်လား မှန်တင်ခုံလား..."

နှစ်က စဉ်းစားဟန်ပြုသည်။

"ဟိုဘက်ခန်းမှာရော"

"အင်း ဖြစ်နိုင်တယ်"

"သွားရှာလေ"

"ရှိမှာပါ၊ ပျောက်တော့ မပျောက်ပါဘူး၊ မောင် တွေ့ရင်သိမ်းထားပေးမှာပေါ့"

နှစ်က ပေါ့ပေါ့ပင်ပြောကာ ဘီးသွားယူပြီး ဆံပင်ဖြီးနေသည်။

မကာက နှစ်ကို ဖြီးပေးလိုက်၏။

www.burmeseclassic.com

www.burmeseclassic.com



"နှင့်လိုမျိုး နှစ်ဖက်ခွဲချည်ပေးနော်၊ ဒီနေ့ စိတ်တွေအိုက်နေတာ"

"အင်းပါ"

မကာက နှစ်ဆံပင်ကို နှစ်ဖက်ခွဲချည်ကာ ဖန်လုံးအဖြူလေးတွေ ပါသော ကွင်းကလေးနှင့် စည်းနှောင်ပေးလိုက်ပါသည်။

ထိုအခါ သူမတို့နှစ်ယောက် ဆံပင်စည်းထားပုံလည်း တူသွားပြီ။

"ရပြီ ကြည့်ဦး"

"လှပါတယ်"

နှစ်က မှန်ထဲကြည့်ကာ ပြုံးစိစိ။ သူပျော်နေတော့လည်း မကာ စိတ်ထဲ ချမ်းမြေ့ကျေနပ်ရပါသည်။ နှစ်နဲ့ ကိုသဏ္ဌာန်သည်သာ ဖူးစာဖက် အစစ်အမှန်တွေ မဟုတ်လား။ မေဦးကာက ပင့်သက်ကလေး ခိုးရှိုက် လိုက်သည်။

"နှင်တစ်ယောက်တည်းနော် မကာ တံခါးသေချာပိတ်ဦး"

"အင်းပါ"

နှစ်က ဒီဘက်ခန်းထဲက ထွက်ပြီး ဟိုဘက်ဘေးခန်းတံခါးကို တွန်းဖွင့်လို့ ဝင်သွားသည်။

မကာသည် အဝီပွါယ်မဲ့စွာ ခဏရပ်ကြည့်နေမိသေးသည်။ ကျွန်း တံခါးပြောင်ပြောင်လေးမှာ အဖွင့်အပိတ်တိုင်း အသံမြည်သော ငါးရုပ် ကလေးကို ချိတ်ထားတာမို့ တချွင်ချွင်သံလေးက မြည်ပြီး ကျန်ခဲ့သည်။

နောက်ဆိုလျှင် ကိုသဏ္ဌာန်နဲ့ နှစ်က ဟိုဘက်ခန်းမှာနေပြီး ဒီအခန်းထဲမှာ မကာတစ်ယောက်တည်းသာ ကျန်ရစ်လိမ့်မည်။ ရင်ထဲမှာ ဓာဆစ်ဆစ်နှင့် ဆွေးသလို ခံစားချက်မျိုး ဖြစ်ပေါ်လာသည်။ သူဟာ နှစ်ကို မကာဆီကနေ တစ်စတစ်စ ဆွဲထုတ်သွားမှာ သေချာနေလျက်။ ဒါကို သူမဘက်က လက်ခံကျေနပ်လိုက်ရသည်မှာ ဘာကြောင့်လဲ။

နှစ်ကို ခင်လို့လား သူ့ကို စိတ်ချမ်းသာစေချင်လို့လား။ မကာဟာ လောကကြီးမှာ ကိုယ့်အတွက်ကိုယ် မကြည့်တတ်သော မိန်းမတစ်ယောက် သည်းဖြစ်ကောင်းဖြစ်နေပါမည်။

သို့သော် ကိစ္စမရှိ။

www.burmeseclassic.com

www.burmeseclassic.com


တံခါးကို ဖြည်းဖြည်းပြန်ပိတ်လိုက်သည်။ တိတ်ဆိတ်ငြိမ်သက်နေသော တိုက်ခန်းကလေးအတွင်းမှာကော တစ်ဦးတည်း အထီးကျန်စွာ ကျန်ရစ်ပြီ။

မကာသည် ကက်ဆက်ဖွင့်ဖို့ ရည်ရွယ်လိုက်သည်။ ဒီလို တိတ်တိတ်ကြီးတော့ မနေချင်ပါဘူးနော်။

ပေါ့ပ်မျိုးဇစ်တာတ်ပြားလေးကို ထည့်လိုက်သည်။ ဘာပဲပြောပြော အသံတစ်ခုခု ထွက်နေလျှင် သူမတစ်ယောက်တည်း မဟုတ်တော့ဘဲ နေသာထိုင်သာရှိလိမ့်မည် ထင်သည်။

မကာ သီချင်းတွေကြိုက်သည်။ စာဖတ်လည်း ဝါသနာပါသည်။ သူမရဲ့အပန်းဖြေနည်း တစ်ခုပဲလေ။

ခဏကြာလျှင် ဟိုတက်ခန်းက တံခါးပိတ်သံ၊ စကားပြောသံတွေ ကြားရသည်။

နှစ်တို့အပြင် သွားဖို့ထင်သည်။ ဝရံတာကနေ ငုံ့ကြည့်တော့ ထင်တဲ့အတိုင်း သူတို့စုံတွဲ ကားပေါ်တက်သွားတာ တွေ့ရသည်။ နှစ်က သူမကို ကားထဲကနေ လက်ပြနှုတ်ဆက်၏။

မကာက လက်ကလေး ပြန်ဝှေ့ရမ်းကာ ဝရံတာမှာ ခဏရပ်နေမိသည်။ အနည်းငယ်ကျန်သော နေရောင်ဖျော့ဖျော့ကလေးက တဖြည်းဖြည်းကွယ်ပျောက်ကာ ညရောက်လေပြီ။

မီးခလုတ်တချို့ကို မကာ လိုက်ဖွင့်သည်။ ပြီးတော့ မီးဖိုချောင်ဝင်ကာ ရှင်းလင်းစရာရှိတာ ရှင်းလင်း၊ အိမ်မှာရှိသော ဂွတ်မောနင်းပေါင်မုန့်နှစ်ချပ်ကို မီးကင်ပြီး စတော်ဘယ်ရီဂျမ်သုတ် ကော်ဖီဖျော်ကာ တစ်ယောက်တည်းပဲ ပျင်းခြောက်ခြောက် ထိုင်စားနေလိုက်သည်။

တကယ်တော့ နှစ်အနားမှာမရှိလျှင် မကာ မနေတတ်ပါ။ သို့သော် ယခုလိုအချိန်မှာ သဏ္ဌာန်ညိုကလည်း သူ့အနားမှာ နှစ်မရှိလျှင် မဖြစ်ပါဘူးဟု ဆင်ခြေတက်လိမ့်မည်။

နှစ်ကို သူမ လိုအပ်တာထက် ကိုသဏ္ဌာန်က ပိုလိုအပ်လိမ့်မည်။ နှစ်ကလည်း ကိုသဏ္ဌာန်ရဲ့ ရင်ခွင်ထဲ တိုးဝင်ပျော်ပိုက်နိုင်ပြီ။

www.burmeseclassic.com

www.burmeseclassic.com


ဒီတော့ မကာ ဘာလုပ်သင့်သနည်း။

စဉ်းစား၍မရ။

ကိုယ်ချစ်သော ယောကျ်ားတစ်ယောက်ကို ဆုံးရှုံးခဲ့ရလျှင် ကိုယ်မချစ်သော ယောကျ်ားတစ်ယောက်ကိုရော ရှာဖွေယူဖို့ လိုဦးမှာလား။

ဘဝမှာ အဖော်လိုတယ်ဆိုတာတော့ မကာလည်း သိသားပဲပေါ့နော်။ ဒါပေမဲ့ နှလုံးသားမှာ တခြားတစ်ယောက်ကို အစားထိုးဖို့ဆိုတာ မဖြစ်နိုင်သေးပါ။

မကာပဲ ပျော့ညံ့လွန်းတာ ထင်ပါရဲ့။ တစ်ယောက်တည်း ပင့်သက်ရိုက်ရင်း အိမ်ပြင်ဝရံတာသို့ ထွက်မိပြန်သည်။ ဟိုနှစ်ယောက်တော့ ဘယ်တွေ လျှောက်သွားနေကြသလဲမသိ။ ကိုသဏ္ဌာန်က များသောအားဖြင့်တော့ နှစ်ကို အလိုလိုက်ရှာပါသည်။ ဘာမဆို ဂရုတစိုက်နှင့် တယုတယလည်းရှိသည်။ နှစ် ကံကောင်းသည်ပဲ ဆိုရမည်။

မကာသည် ခဏကြာတော့ တီဗီက တရုတ်ဇာတ်လမ်းတွဲလာပြီမို့ ပျော်သွားရသည်။

ကိုယ်ကြိုက်သော ဇာတ်လမ်းတွဲလေးမို့ အရာရာကို မေ့မေ့ပျောက်ပျောက်နှင့် ဇာတ်လမ်းထဲ မျောပါသွားရသည်။

ကြော်ငြာလာရင် ခဏထလျှောက် ရေသောက်ချင်သောက်။

ဒုတိယကြော်ငြာလာနေတဲ့အချိန် ရှစ်နာရီမထိုးခင်မှာ တံခါးခေါက်သံသဲ့သဲ့ ကြားရ၏။

ဒါ နှစ်ခေါက်ပုံမျိုးပဲ။

"နှစ်လား"

"အင်း...ဟုတ်တယ်"

တံခါးဖွင့်ပေးလိုက်တော့ နှစ်က စူပုပ်ပုပ်မျက်နှာထားနှင့် ဝင်လာသည်။

"ဟိုတစ်ယောက်ရော"

"ကျန်ခဲ့တယ်"

"ဘယ်မှာကျန်ခဲ့တာလဲ"

www.burmeseclassic.com

www.burmeseclassic.com



"သူ့ယောက်ဖတွေနဲ့လေ"

နှစ်က မဲ့ရွဲ့ပြောကာ အခန်းထဲ တန်းဝင်သွားတော့၏။ မကာက ပခုံးတွန့်မိကာ တီဗီရှေ့ ပြန်လာထိုင်သည်။ ထို့နောက် ဇာတ်လမ်းထဲ အာရုံရောက်သွားမိတော့၏။ ဇာတ်လမ်းအပိုင်းတစ်ခု ပြီးသွားပြန်တော့လည်း သူမက အိပ်ရာမဝင်ချင်သေးတာမို့ မဂ္ဂဇင်းစာအုပ် ရှာဖတ်နေလိုက်သည်။

နှစ်ကိုကြည့်တော့ အိပ်ပျော်နေပြီ၊ မြန်လိုက်တာ။ သူမလည်း နှစ်ကို မနှောင့်ယှက်ချင်တာမို့ မဂ္ဂဇင်းတစ်အုပ်နှင့် အချိန်ဖြုန်းနေလိုက်ပါသည်။

ဖက်ရှင်အင်မေ့ချ်ကို တစ်အုပ်လုံးနီးပါး လှန်လှောဖတ်ရှုလိုက်တော့ အချိန်တွေ ကုန်လို့ ကုန်သွားမှန်းပင် မသိတော့။

ဖက်ညောင်းလို့ စာအုပ်ကို ပစ်ချလိုက်ချိန်မှာ ညက အတော် တိတ်ဆိတ်ငြိမ်ကျနေပြီ။

တိုက်ခန်းထဲမှာ သူမရဲ့ လှုပ်ရှားသံတစ်ခုပဲ ရှိနေသည်။ မကာက ဝရံတာမီးကို ပိတ်သည်။ ပြီးတော့ ဧည့်ခန်းမီးကို ပိတ်သည်။

အခန်းလေးက မှောင်အတိနှင့် ငြိမ်သက်သွားပြီး...

မကာလည်း ခြေလက်ဆေးကာ အိပ်ရာဝင်တော့ဖို့ ရည်ရွယ်သည်။ တစ်ချက်သန်းဝေလိုက်ကာ အိမ်ထဲသို့ လျှောက်ဝင်လာမိသည်။

အာရုံတွေ လေးလံငိုက်မြည်းလာပြီး...

ဒီအချိန်တော့ အိပ်တော့မှုပဲ။ မီးဖိုခန်းနား မရောက်မီပင် တံခါး ခေါက်သံကြားတာမို့ အိမ်ရှေ့ကို ပြန်ပြေးခဲ့ရသည်။

"ဘယ်သူလဲ"

"သဏ္ဌာန်ညိုဗျို့၊ တံခါးဖွင့်ပါဦး"

သူ့အသံ ခပ်လေးလေးကြီးမို့ တံခါးကို အမြန်ဖွင့်လိုက်သည်။ သူ ဘာလို့ ပြန်လာတာလဲ။ ဒီည ဟိုဘက်အခန်းမှာ အိပ်ဖို့ အစီအစဉ် ရှိလို့လား။ နှစ်ကလည်း ဘာမှမပြော။ ဘာပဲဖြစ်ဖြစ် သူနှစ်ကို လာတွေ့ရင် မကာက ခေါ်ပေးရမှာပဲ မဟုတ်လား။



www.burmeseclassic.com

www.burmeseclassic.com


တံခါးဖွင့်ပြီးလျှင် သူ့ရဲ့ရိုဝေဝေမျက်လုံးတွေက အမှောင်ရိပ်ထဲမှာ တောက်ပနေကာ သတိထားမိသွား၏။

ဘုရားရေ သူ မူးလာတာလား၊ မကာရင်ထဲ ထိတ်ခနဲ ဖြစ်သွားသည်။ ဘယ်လိုပဲဖြစ်ဖြစ် နှစ်ကို ပြေးနိုးမှ ဖြစ်မည်။ သူတို့ ချစ်သူချင်း ကြိုက်သလိုရှင်းပစေ။

သူမူးတာ မမူးတာကို မကာမှာလည်း ပြောခွင့်မရှိ။ သူအိမ်ထဲ လှမ်းဝင်တာနှင့် မကာလည်း လှစ်ခနဲ အထဲဘက်ကို ပြေးဖို့ပြင်သည်။

ဧည့်ခန်းမီးကို ပြန်ဖွင့်ဖို့ မေ့လျော့တာကတော့ သူမရဲ့ ပျာယီး ပျာယာနိုင်တဲ့ အပြစ်တစ်ခုပါပဲ။

"ချစ်လေး မောင့်ကို စိတ်မကောက်နဲ့ကွာ"

လျှာလေးအာလေးသံနှင့်ဆိုကာ သူမကို နောက်ကနေ ဖြုန်းခနဲ တအားကျုံးဖက်လိုက်သဖြင့် မကာ ထိတ်လန့်သွားရ၏။

"ဘာလုပ်တာလဲ လွှတ်"

သဏ္ဍာန်ညိုက မမျှော်လင့်ဘဲ သူမကို အနီးက ဆိုဖာဆက်တီ ပေါ် အတင်းထိုင်စေလိုက်သဖြင့် သူ့ကိုယ်ကြီးပါ အရှိန်မထိန်းနိုင်ဘဲ နှစ်ယောက်သား ဆိုဖာပေါ်ပစ်လှဲချသလို ဖြစ်သွားသည်။

"ဆောရီး အချစ်လေးရယ်၊ မောင့်အသည်းလေး"

ပါးစပ်က ဗလုံးဗထွေးရေရွတ်ရင်း သူမ နှုတ်ခမ်းကို ထိတွေ့ဖို့ ကြိုးစားနေသဖြင့် မကာ သူ့ကို တွန်းပစ်သည်။

"ဟ...ဟ မောင် ဘယ်လိုချော့ရမှာလဲကွာ"

"ရှ ရိုင်းလှချည်လားဟင်၊ ကဲ..."

လက်ကိုလွှဲကာ သူ့ပါးပြင်ကို ရိုက်ချလိုက်မိ၏။ ဖျန်းခနဲအသံနှင့် အတူ သတိဝင်သလို သူငြိမ်သက်သွားသည်။

မကာလည်း သူ့ရင်ခွင့်ထဲက ရုန်းထွက်လိုက်၏။

"နှစ်မဟုတ်ဘူးရှင့် သိရဲ့လား။ နှစ်မဟုတ်ဘူး သေချာ မျက်လုံး ဖွင့်ကြည့်ဦး"

သူက ခေါင်းကို တစ်ချက်ခါကာ တကယ်ပဲ နောက်ဆုတ်ကြည့်


www.burmeseclassic.com

www.burmeseclassic.com



သည်။

"မကာ"

တုန်လှုပ်သလို သူရေရွတ်သည်။

"ကျွန်တော် မူးသွားတယ်ဗျာ၊ တောင်းပန်ပါတယ်"

မကာလည်း ထူပူတုန်ခိုနေလျက် သူ့ကိုဘာမှ ခွန်းမတုံ့နိုင်။ ထူးဆန်းသည်မှာ နှစ်အခန်းက ဘာအသံမှမကြား။ နှစ် နိုးပုံမပေါ်ချေ။

"ကျွန်တော် တကယ်အသုံးမကျတဲ့ကောင်ပါဗျာ၊ ကျွန်တော့်ပါးကို နောက်တစ်ချက်လောက် ရိုက်စမ်းပါ"

မကာလက်ကို ဆွဲယူပြီး သူ့ပါးကို ရိုက်စေသည်။ ရင်ထဲမှာ နင့်ခနဲဖြစ်လျက် ဝမ်းပန်းတနည်း ငိုချလိုက်ချင်မိသည်။

တကယ်တော့ ရှင့်ကို ရိုက်ချင်လို့ မဟုတ်ပါဘူး ကိုသတ္တာနိရယ်။

"ကျွန်တော် အမြဲတမ်း မှားနေတဲ့ကောင်ပဲ မကာရဲ့။ ခွင့်လွှတ်မှုနဲ့လည်း မတန်ပါဘူး၊ ရိုက်ပါ မကာ"

"ရှင် ပြန်တော့၊ နှစ်လည်း အိပ်ပျော်နေပြီ"

သူက ဒယိမ်းဒယိုင်နှင့် မတ်တပ်ထရပ်သည်။ ဒီလိုတော့ဖြင့်လည်း မကာ့စကားကို သူ လိမ်လိမ်မာမာ နာခံရှာပါသည်။

သူ့မျက်လုံး ရီဝေဝေမှာ မျက်ရည်ရစ်ဝဲနေသည်ဟု မကာ ထင်မိသည်။

ပြီးတော့ တံခါးဆီကို သူသွားသည်။ ယိုင်ယိုင်ထိုးထိုးနှင့်ပဲ ဟိုဘက်အခန်းတံခါးကို လက်နှင့်စမ်းကာ သူဖွင့်သည်။ သူ့အခန်းဘက် သူရောက်သွားမှ မကာလည်း စိတ်ချလက်ချ တံခါးသော့ချနိုင်ပါတော့သည်။

သို့သော် လက်ဖျားကလေးတွေ တဆတ်ဆတ်တုန်နေသည်။ ရင်ထဲလည်း တလှပ်လှပ် တုန်ရင်နေဆဲပါ။

အိပ်ရာပေါ်လှဲချပြီးသောအခါ ဘာကြောင့်မှန်းမသိ၊ ခေါင်းအုံးနှင့် မျက်နှာအပ်ကာ တိတ်တိတ်ကြိတ်လျက် ရှိုက်ငိုလိုက်မိတော့သည်။

* * *



www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၁၃)

နှစ်မျက်နှာလေးက ကြည်လင်မှုအစ်လျက် မနက်ခင်းနှင့်အပြိုင် လန်းဆန်းတက်ကြွနေသည်။

"ထင်သား၊ပဲ သူပြန်လိုက်ချော့မယ်ဆိုတာ"

"နှစ်ရယ် ဘယ်လိုဖြစ်ရတာလဲ"

"ရန်ဖြစ်တာလေ၊ သူ့အပေါင်းအသင်းတွေနဲ့ ဘီယာစတေရှင် လိုက်သွားလို့ နှစ်ကို သူက နားလည်မှုမရှိတဲ့မိန်းမတဲ့။ နှစ်ကလည်း ပြန်ပြောလိုက်တယ်၊ ဒါဖြင့်နားလည်မှုရှိတဲ့ မိန်းမဆီသွား နှစ်ဆီ တစ်သက်လုံး ပြန်မလာခဲ့နဲ့လို့ အပြတ်ပြောခဲ့တာ"

အပြတ်ပြောခဲ့တဲ့ ရုပ်ကလည်း...

မနက်လင်းလို့ သဏ္ဍာန်ညိုကို တွေ့မှပဲ စိတ်အေးလက်အေး ရင်ဘတ်ဖိနိုင်တာများ။

အကြောင်းမသိတာမှတ်လို့၊ နှစ်စိတ်က ကောက်လိုက် ဖြောင့်လိုက် လေ။

စိတ်ဆိုးလွယ်သလို စိတ်ပြေလည်း လွယ်တတ်သည်။



www.burmeseclassic.com

www.burmeseclassic.com



"အဟဲ ဒါပေမဲ့ သူလိုက်လာမယ်ဆိုတာ သိသားပဲ"

"သိရင် ဘာလို့ အိပ်ရာထဲ ထိုးအိပ်ပစ်တာလဲ၊ ခေါ်လို့တောင် မထူးဘူး"

"အိပ်ဆေးသောက်ပြီး အိပ်လိုက်တာ မကာရဲ့၊ ကောင်းလိုက်တာ မိုးလင်းမှ တစ်ရေးနိုးတယ်"

"နှင်က ကောင်းနေ၊ ဟိုတစ်ယောက်က ညမိုးချုပ်မှ တံခါးလာခေါက်သေးတယ်"

"ဟုတ်လား"

နှစ်မျက်နှာလေးက သဏ္ဍာန်ညို့ကို သူအနိုင်ယူနိုင်တာကို ဂုဏ်ယူကျေနပ်နေတဲ့ပုံလေး။

မကာမှာသာ ကွာခြေမပျက်ထိန်းပြောနေသည်။

"မောင်က ဘာတဲ့လဲ"

"နှင့်ကို ခေါ်တာပေါ့၊ အိပ်နေပြီလို့ ပြောလိုက်ရတယ်"

မကာက နှစ်နှင့် လူမှားသွားတဲ့ကိစ္စကိုတော့ ထည့်ပြောမနေတော့ပါ။

ဘာမှလည်း ဟုတ်မှမဟုတ်ဘဲ။

"သူ ဟိုဘက်မှာ တစ်ယောက်တည်း သနားပါတယ်နော်"

ခုတော့လည်း စိတ်ကောင်းဝင်လာသလို မကာကို လာကပ်ပြောနေသည်။

မကာမှာ သက်ပြင်းလေးသာ ခိုးရှိုက်ရပါသည်။ သဏ္ဍာန်ညိုဟာ မကာကို သူ့မျက်စိထဲ နှစ်ဟုထင်မှတ်မှားစွာ ပြုမူဆက်ဆံခဲ့တာကို ပြန်တွေးမိတဲ့အခါ ဘာကိုမှန်းမသိစိတ်တို့ ဝမ်းနည်းမိလေသည်။

သူ့ကို ရင်ဆိုင်ဆုံတွေ့ရမှာလည်း မျက်နှာပူနေမိသည်။ သူလည်း မကာလိုပဲ ဖြစ်နေမည်ထင်ပါသည်။ ခုထက်ထိ ဒီဘက်ခန်းကို ရောက်မလာ။

ဘာပဲဖြစ်ဖြစ် သူရောက်မလာသေးတာ စိတ်သက်သာရရသည်။ တကယ်တမ်း သူ့ကိုရှောင်နေဖို့ဆိုတာ မလွယ်ကူ။ နှစ်နှင့်သူက ဆက်ထပ်



www.burmeseclassic.com

www.burmeseclassic.com



ရက်နီးလာလေ တပူးတွဲတွဲ ပြင်ဆင်စီစဉ်စရာတွေ များလာလေ မဟုတ်လား။

မကာက ဆံပင်လေး တစ်ချက်နှစ်ချက်ဖြီးကာ တီရှပ်လက်ပြတ်ပေါ်မှ ရှပ်အင်္ကျီတစ်ထည် ထပ်စွပ်လိုက်သည်။

နှစ်က သူမအနားကပ်လာပြီး…

"ဒါက ဘယ်သွားဖို့တုန်း"

"ဘရိတ်ဖတ်စားလေ၊ ကျုပ်ဗိုက်ဆာပြီ ကိုယ့်ဘာသာပဲ သွားစားတော့မယ်၊ ရှင်တို့က စိတ်ကောက်ပြီး နေမြင့်အောင် အိပ်တဲ့သူနဲ့ မူးပြီးတော်တော်နဲ့ အိပ်ရာမထနိုင်တဲ့သူနဲ့။ ကဲ အဲဒါတွေနဲ့ ဘယ်လိုအပေါင်းအသင်းလုပ်မလဲ"

"အမယ် ဒီလောက်လည်း မဟုတ်ပါဘူးနော်၊ နှစ်ကလည်း အခု စိတ်ကောက်ပြေပြီ၊ မောင်လည်း အမူးပြေနေပြီ"

"ဒါဖြင့်လည်း ပြေလည်ခြင်းတွေ ငြိမ်းချမ်းရေးအမှတ်တွေနဲ့ ရှင်တို့ဘာသာ နှစ်ပါးသွားပေတော့"

"ကျွတ် ဒီမနက် မကာ ဘယ်လိုဖြစ်နေသလဲ မသိပါဘူး"

မကာက နှစ်ကို မျက်စောင်းရွယ်လိုက်ပါသည်။

ကိုယ် ဘယ်လိုဖြစ်နေမိသလဲ နှစ်ရယ်။ ကိုယ်ကတော့ ဘာမှမဖြစ်ဘူး ထင်တာပဲ၊ မကာက ပိုက်ဆံအိတ်နှင့် အခန်းသော့ကို ယူသည်။

"မကာနော် နှစ်တို့လည်း လိုက်မှာ"

"မစောင့်ဘူးကွာ ကြာတယ်"

"မကြာပါဘူး တကယ်တည်း"

"မကာက ဒီဈေးထိပ်တင် မုန့်ဟင်ခါး သွားစားမှာ"

"နှစ်လည်း အဲဒီဆိုင်ကြိုက်ပါတယ်၊ မောင့်ကို သွားခေါ်လိုက်မယ်နော် ခဏလေး"

နှစ်က လှစ်ခနဲ ပြေးထွက်သွားလျှင် မကာ မျက်ခုံးရှုံ့ကာ ကျန်ရစ်သည်။ ပြဿနာပဲနော် ဒီနှစ်ယောက်နဲ့တော့။

ပိုက်ဆံအိတ်ကို ပစ်ချကာ ငုတ်တုတ်ထိုင်နေမိသည်။ စိတ်တွေ

www.burmeseclassic.com

www.burmeseclassic.com



လည်း ရှုပ်ထွေးနေသည်။ ညကလည်း ကောင်းကောင်း အိပ်မပျော်ခဲ့။

သဏ္ဍာန်ညိုကို သူမ မတွေ့ချင်။ လိုက်လာခဲ့ရင် မကာ ဘာ အကြောင်းပြပြီး နေရစ်ခဲ့ရပါ့မလဲ မစဉ်းစားတတ်တော့။ စိတ်တွေ ညစ်လာပြီနော်။

"မောင် မောင်ရေ"

နှစ်အသံကြားလျှင် သဏ္ဍာန်ညိုက ကုလားထိုင်ပေါ် လှဲကာ စောင်ပါခြုံထားလိုက်သည်။

"ဘယ်လိုဖြစ်တာလဲ ခုထိ အိပ်ပုပ်တုန်းလား။ သောက်တုန်းက ဖွတ်သောက်ပြီးတော့ ခုမှ..."

"အင်း..."

သဏ္ဍာန်ညိုက တစ်ချက် ညည်းညူရင်း အပျင်းဆန့်လိုက်သည်။ ခုလိုတော့လည်း မောင့်ပုံစံလေးက အိပ်ရေးမဝသော ကလေးငယ်တစ်ယောက်လို မှုန်ကစ်ကစ်နှင့် အပြစ်ကင်းနေပြန်သည်။

"နေမကောင်းဘူးလား"

နှစ်က နဖူးလေး လာစမ်းသည်။ ဘာပဲဖြစ်ဖြစ် နှစ် သူ့ကို သိပ်ချစ်တာကိုတော့ သူအရမ်းယုံသည်။

"ကောင်းပါတယ်"

သူက နှစ်လက်ကလေးကို ဆုပ်ထွေးထားလိုက်သည်။ ခုတော့ လည်း ဒုတိယဆုလေးအပေါ်မှာ သူ တစိမ့်စိမ့် တန်ဖိုးထား မြတ်နိုးတတ် ပါပြီ။

သူ့အတွက် နှစ်သာ အကောင်းဆုံး မဟုတ်လား။ စိတ်ကူးယဉ် အိပ်မက်များကို သူစွန့်လွှတ်ခဲ့ပြီးသားပါ။ ကိုယ့်ကို သိပ်ချစ်တဲ့ ကောင်မလေး တစ်ယောက်ရဲ့အချစ်ကိုပဲ ကိုယ်တန်ဖိုးထားဖို့ ဆုံးဖြတ်ခဲ့ပါတယ်။

ထို့ကြောင့် များမကြာမီ လက်ထပ်ဖို့ပင် စီစဉ်ခဲ့ပြီပဲ။

"ကောင်းရင်လည်း ဘာလို့ မျက်လုံးကြီး မှိတ်ထားတာလဲ"

"အား...ကိုယ် အရမ်း ခေါင်းတွေအုံနေတယ်ကွာ"

"ဖြစ်ရမယ် ဒါဖြင့် ဘာလက်ကော်ဖီထဲ သံပုရာရည် ထည့်ပေးရ

www.burmeseclassic.com

www.burmeseclassic.com



မလား''

''အား…အချစ်လေး ဒီလို ဂရုစိုက်တာနဲ့ ပျောက်သွားပြီ''

မောင်က သူမကို လှမ်းဖက်မည် ပြင်သဖြင့် လက်ကိုဖယ်ချကာ…

''နေပါဦး။ ဟိုမှာ မကာ မုန့်သွားစားဖို့ စောင့်နေတယ်''

''ဟင်…ဟုတ်လား''

သဏ္ဍာန်ညို ပြန်၍ငြိမ်ကျသွားရသည်။ သွေးခုန်နှုန်းက တဒိတ်ဒိတ် တုန်၍လာသည်။ နွေးထွေးသော မကာရဲ့ အငွေ့အသက်လေးတွေက နှလုံးသားမှာ အရှိန်ပြင်းပြင်း လာရိုက်သည်။

ပြီးနောက် ကြေကွဲခြင်းနှင့် သက်ပြင်းရှိုက်မိသည်။ ဒီလိုမျိုး မဖြစ်နိုင်မှန်းသိလို့ ဖြစ်နိုင်တဲ့ လမ်းတစ်ခုကို ကိုယ်ရွေးလျှောက်ခဲ့ပြီပဲ မကာရယ်။

ဒါပေမဲ့ အချစ်စိတ်ဆိုတာ တငွေ့ငွေ့နဲ့ မီးမသေနိုင်ဘဲ အချိန်အကန့်အသတ်မဲ့ လောင်ကျွမ်းနေတယ်နော်။

''သွားမယ်လေ၊ လာကွာ အကျီလဲ''

နှစ်က သူ့လက်ကို ဆွဲထူသည်။

သဏ္ဍာန်ညိုက ခေါင်းယမ်းသည်။

''ခေါင်းထဲ မကြည်သေးဘူးနှစ်ရာ၊ မောင် ခဏအိပ်ဦးမယ်''

''မရပါဘူး။ ဒီနားလေး မုန့်ဟင်းခါးဆိုင်ကိုပဲဉစ္စာ''

''မုန့်ဟင်ခါးလား၊ အား အဲဒါဆို မဖြစ်ဘူး၊ မောင်ဗိုက်လည်း နာနေတယ်ချစ်ရဲ့''

''တကယ်''

''ဪ ဗိုက်နာတာပဲ ညာရဦးမလားကွာ''

သဏ္ဍာန်ညိုက တမင် ပိုပိုသာသာမျက်နှာကို ရှုံ့မဲ့ထားလိုက်သည်။ နှစ်က သူ့ပုံစံကို ယုံသွားပြီး လက်လျှော့လေဟန်…

''ကဲ ဒီလိုဆိုလည်း နေခဲ့တော့၊ အိပ်ရေးဝအောင် အိပ်လိုက်နော်၊ မကာနဲ့ သွားလိုက်မယ်။ အပြန် မောင့်အတွက် တစ်ခုခုဝယ်လာမယ်

www.burmeseclassic.com

www.burmeseclassic.com



နော် သိလား"

"အင်း"

ခုမှပဲ သဏ္ဌာန်ညှိ စိတ်အေးသွားရပါသည်။

နှစ်က တံခါးကို စေ့ပိတ်၊ အပြင်သံပန်းကို သော့ခတ်ပြီး ဒီဘက်ခန်းဆီ ပြန်ဝင်လာသည်၊

"ဟင် ဒီမှာ အေးအေးဆေးဆေး ထိုင်နေတယ်"

မကာသည် စိတ်ပျက်လက်ပျက် နံရံကို မှီထားရာမှ အခန်းဝဆီ လှမ်းကြည့်သည်။

သဏ္ဌာန်ညှိ့ အရိပ်အယောင် မမြင်ရ။

"မောင်လား ခေါင်းတွေအုံလို့ အိပ်ဦးမယ်တဲ့၊ နှစ်တို့ပဲ သွားကြမယ်လေ၊ လာ"

ခုမှပဲ မကာ ဖျတ်ခနဲ ထရပ်သည်။ စိတ်ထဲမှာတော့ သူ့ကို တိတ်တဆိတ် ကျေးဇူးတင်လိုက်သည်။

သူလည်း တမင်ရှောင်နေတာပဲဆိုတာ အလိုလို နားလည်မိသည် မဟုတ်လား။

www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၁၄)

လေးငါးရက်ကြာမျှ အတင်းကုပ်ကပ်ရှောင်နေပြီးချိန်မှာတော့ မကာရော သူရော အနည်းငယ် သွေးအေး အနည်ထိုင်လာသည်။

တကယ်တမ်းမှာ အတူနီးစပ် ပတ်သက်နေတဲ့ ဒီလူနှင့်ဒီလူ မတွေ့အောင် ရှောင်နေဖို့ဆိုတာလည်း မဖြစ်နိုင်ပါဘူးလေ။ သူ့ကို ရင်ဆိုင်ရလျှင် ဘယ်လိုနေရပါ့မလဲ ပြင်ဆင်တွေးတောလာနိုင်သည်။ နေ့လည်ခင်းတစ်ခုမှာ တံခါးခေါက်သံသဲ့သဲ့နှင့်အတူ သူရောက်လာသည်။

ထိုအချိန်က မကာ ဧည့်ခန်းမှာ ကြက်မွေးတစ်ချောင်းနှင့် ဖုန်ခါဆိုဖာပေါ်က မှီအုံးတွေ ပြန့်စီနှင့် လူပုံစံက ရေမချိုးရသေးဘဲ ဆံပင်တွေကို ဖြစ်သလို ခေါက်တင်ကာ၊ မျက်နှာပြောင်နှင့်ဖြစ်သည်။

ရုတ်တရက် သူပဲဆိုတာ သိလျက် အိမ်ထဲ လုစ်ခနဲပြေးဝင်ပြီး နှစ်ကို တံခါးဖွင့်ခိုင်းဖို့ ကြံရွယ်လိုက်သေးသည်။ သို့သော် တိုက်ဆိုင်ချင်တော့ နှစ်က ခုလေးတင် ရေချိုးခန်းဝင်သွားတာ သတိရသည်။

မတတ်နိုင်ပါဘူး။ သက်ပြင်းချရင်း ခပ်အေးအေးပဲ တံခါးဖွင့်ပေးလိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



"ဪ"

သဏ္ဍာန်ညိုကလည်း အံ့ဩသွားသည်။ သူ့စိတ်ထင် မကော ပုန်းနေဦးမည်ပေါ့။

မျက်လွှာချထားသော မျက်နှာလေးကို သူပြုံး၍ ကြည့်မိသည်။ သူ့အပေါ် စိတ်ဆိုးတင်းမာနေတဲ့ အရိပ်အခြည်မျိုးတော့ မတွေ့တာမို့ ရင်ထဲ ဝမ်းသာလှသည်။

တကယ်တော့ သူ့စိတ်ထဲမှာ နှစ်ကို တရင်းတနှီးတွယ်တာမိသလိုပဲ မကောအပေါ်လည်း ပြောပြမရနိုင်တဲ့ တိတ်တခိုးသံယောဇဉ်မျိုး ရှိပါသည်။

မကော သူ့ကိုစိတ်ဆိုးမှာလည်း သူစိုးလှပါသည်။ သူဘာမှ မမေးရသေးခင် မကောက...

"နှစ် ရေချိုးနေတယ်"

တုံးတိတိ အသိပေးသည်။

"ဒါဆို ကျွန်တော် ဒီမှာပဲ ခဏထိုင်စောင့်မယ်နော်"

သဏ္ဍာန်ညိုက ခွင့်တောင်းသည်။ သူ့လက်ထဲပါလာတဲ့ ကျွတ်ကျွတ်အိတ်ကို စားပွဲပေါ်ချသည်။

ခါတိုင်းလည်း သူ ဒီလိုပဲ နှစ်ကိုစောင့်နေကျကိုများ အထူးအဆန်းလုပ်ပြီး ခွင့်တောင်းနေသေးသည်။

ပြီးတော့ မကောမျက်နှာကို မရဲတရဲကြည့်နေသည်။ သူနှင့်မကော ကြားမှာ တစ်စုံတစ်ခု ရှိနေသည်။

ထိုတစ်စုံတစ်ခုကို မကော မကြိုက်။ ဘယ်လိုမှလည်း မကြိုက်နိုင်ပါ။

အရင်လိုပဲ ပွင့်လင်းအေးဆေးစွာ ပြောဆိုဆက်ဆံချင်သည်။ တစ်စုံတစ်ရာကြီး ခုခံပြီး တစ်ယောက်နှင့် တစ်ယောက် မခေါ်မပြော မကြည့်ရဲအောင် ဖြစ်မနေချင်။

"စောင့်လေ၊ မကော ပြောထားလိုက်မယ်"

မကောဆီက တုန့်ပြန်စကားရသဖြင့် သဏ္ဍာန် မျက်နှာရွှင်ပြ

www.burmeseclassic.com

www.burmeseclassic.com


သွားပြီး အားတက်သရော…

"ဒီအချိန် ကျွန်တော်လာမယ်ဆိုတာ သူသိသားနဲ့ မကာသူငယ်ချင်းက ရေလေးဘာလေး ကြိုပြီး မချိုးထားဘူးဗျာ၊ အလှပြင်ရင်လည်း အရမ်းကြာတာပဲ မလွယ်ဘူး"

"အဲဒါပါ ပြောပေးရမှာလား"

"ဟာဗျာ"

သဏ္ဍာန့်မျက်နှာ ပြုံးသွားရသည်။ သဘောထားကြီးမြင့်သော မကာကို သူ မလေးစားဘဲ မနေနိုင်။

"မကာ"

"ရှင်"

"ခွင့်လွှတ်ပြီလား"

"ဘာကိုလဲ"

"ကျွန်တော့်ကိုလေ"

မကာက သူ့မျက်လုံးများကို ရှောင်ဖယ်ကာ အကြည့်လွှဲသွားသည်။

"အဲဒီညက ရိုင်းပျတဲ့ ကျွန်တော့်အပြုအမူကို မကာအထင်သေးမှာပဲနော်၊ အရမ်းခံစားရတယ်ဗျာ၊ ကျွန်တော်ထပ်ပြီး အနူးအညွတ်တောင်းပန်ပါရစေ"

"ထားလိုက်ပါတော့ မကာလည်း တောင်းပန်ရမှာပါ၊ သူတစ်ပါးကို ကိုယ်ထိလက်ရောက် လုပ်မိတယ်၊ အဲဒီညက မကာလည်း အရမ်းကို စိတ်မကောင်း ဖြစ်မိပါတယ်"

မကာအသံတိုးတိုးလေးက ရင်ထဲသို့ ညင်သာစွာ စီးမျောသွားသည်။

"မဟုတ်တာဗျာ၊ မကာမှ မမှားတာ ဒီလောက်ကတော့ လက်တုန့်ပြန်သင့်တာပဲ"

"အဲဒီသဘောမျိုး မဟုတ်ရပါဘူး"

"သိပါတယ်ဗျာ၊ ဒေါသဖြစ်သွားလို့ဆိုတာ"


www.burmeseclassic.com

www.burmeseclassic.com



မကာနွတ်ခမ်းလေးတွေ ခုမှ ပြန်ပြုံးလာသည်။ သူက မကာရဲ့ အပြုံးမျက်နှာကိုသာ မြင်ချင်သူပါ။

"ခင်ဗျားလက်ဖဝါးလေးက ကြည့်တော့ နုနုလေး၊ ဒါပေမဲ့ လက်သံကတော့ ပြောင်သလားမမေးနဲ့၊ ခုတောင် ပါးတွေ ကျိန်းနေတယ်"

"ဟင် တကယ်လား"

မကာ မျက်နှာ အပြုံးပျောက်သွားသည်။

သူ့ပါးပြင်ကို သေချာကြည့်သည်။

"အဟား အလကားစတာပါ လုံးဝမနာဘူး။ အဲဒီတုန်းက နာရ မှန်းလည်း ကျွန်တော်မသိဘူး တကယ်"

"လွန်လွန်းတယ်"

"မကာ အခု ကျွန်တော်တို့ ငြိမ်းချမ်းရေး ရပြီနော်"

သူက အလေးအနက် ထပ်မေးနေသေးတာမို့ မကာ ခေါင်း ညိတ်ပြလိုက်သည်။

"အင်း"

"ဒါဆိုရင် ဟောဒီမှာ ကျွန်တော် စတော်ဘယ်ရီခြင်းလေးတွေ ဝယ်လာတယ်၊ ဖျော်တိုက်ဗျာ မောလာတယ်"

"ဟင်..."

မကာက မျက်စောင်းရှယ်သည်။

သူဝယ်လာတဲ့ ကျွတ်ကျွတ်အိတ်ကို ဟကြည့်သည်။

"မြန်မြန်လုပ်နော် ကျွန်တော့်ဖို့ အချိုလျှော့ပြီး ဆိမ့်ဆိမ့်လေး နော်"

"သိပါတယ်"

မကာရဲ့ စိတ်မရှည်သံနှင့် စူအောင့်အောင့် ပြောသွားပုံလေးကို သဘောတကျ ကြည့်နူးနှစ်သိမ့်စွာ ရယ်မိရင်း ဆိုဖာပေါ် မှီလဲချလိုက်မိ လေသည်။

❧ ❧ ❧



www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၁၅)

နှစ်သည် အဖြူရောင် ဇာဝတ်စုံလေးနှင့် သိပ်ကို လှပနေသည်။ ရတနာကိုလည်း ဝတ်စုံအဖြူရောင်နှင့် လိုက်ဖက်စွာ ပုလဲဆက်တွေကိုသာ သုံးထားသည်။

သတို့သမီးလေးရဲ့အလှဟာ ရင်သပ်ရှုမောစဖွယ်ပင်။ ဒီနေ့ဟာ ကိုသဏ္ဍာန်နှင့် ခင်နှစ်သက်တို့ရဲ့ မင်္ဂလာရက်မြတ်ဖြစ်သည်။

လက်မှတ်ထိုးလက်ထပ်ပွဲ အခမ်းအနားဟာ အောင်မြင်စွာ ပြီးစီးခဲ့ပါပြီ။

နှစ်သည် သူ့ရည်မှန်းချက်အတိုင်း သူအလွန်ချစ်မြတ်နိုးသော သတို့သားကို တရားဝင်ပိုင်ဆိုင် အားကိုးခွင့်ရလေပြီ မဟုတ်လား။

မကာသည့် သူတို့ဘေးနားမှာ တစ်ချိန်လုံးနေပေး၊ လိုအပ်တာ လုပ်ပေးနေရပေမယ့် ကိုယ့်ကိုကိုယ် အိပ်မက်ထဲ လမ်းလျှောက်နေသလိုပင် ခံစားရသည်။

သူမရဲ့ သူငယ်ချင်းနှစ်ဟာ အိမ်ထောင်ရှင်ဘဝကို ပျော်ရွှင်စွာ ကူးပြောင်းသွားခဲ့ပြီ။

www.burmeseclassic.com

www.burmeseclassic.com


ပြီးလျှင် မိသားစု အသိုက်အမြုံလေးတစ်ခုဖြစ်လာတော့မည်။

မကာသည် နှစ်နှင့်အတူ ဗီရိုထဲက နှစ်အဝတ်အစားတွေ ဝိုင်းထုတ်ကာ ထပ်ပေးရင်း မျက်ရည်ရစ်ဝိုင်းလာမိသည်။

"မကာ နှစ်တယ်ကိုမှ ပြောင်းတာမဟုတ်ဘူးနော်၊ ဒီတစ်တိုက်ထဲ ဟိုဘက် ဘေးခန်းလေးတင်"

မျက်ရည်ကျတော့မှာ သိသဖြင့် နှစ်က သူမကို နှစ်သိမ့်သည်။ ဟိုဘက်ခန်းလေးလည်း တံခါးသွားခေါက်လို့ ဖြစ်မှာလား။ ကြင်စဦး ခနိုးမောင်နှံကို နှောင့်ယှက်ရာကျမှာပေါ့။

ဝေးတာတော့ ဝေးသွားတာပါပဲ။ ဒါမျိုးဆိုတာ နီးရက်နှင့်လည်း တစ်လိုင်းစီ တစ်ကဏ္ဍစီ ခြားသွားတတ်တာမျိုးပါ။

"သိပါတယ်နှစ်ရယ်၊ မကာ နေတတ်အောင် နေမှာပါ"

"ဘာကိစ္စပဲဖြစ်ဖြစ် အရင်ကလိုပဲ တိုင်ပင်ရမယ်နော်၊ လူကို အိုပြီဆိုပြီး စာရင်းထဲက ပယ်မပစ်လိုက်နဲ့ဦး"

"ပြောစရာလား ဒါ..."

နှစ်က သူမပါးပြင်ကို ချစ်စနိုးဆွဲလိမ်သည်။

"အဝတ်အစားတွေ မကာ ကူသယ်ပေးမယ်"

နှစ်ပစ္စည်းတွေ တော်တော်များများ ဟိုဘက်ခန်းရွှေ့ပြီးနေပါပြီ။ လက်ကျန်အဝတ်အစားတချို့ ဗီရိုထဲက ရှာထုတ်နေတာ။

"ကိုသဏ္ဍာန်ရော"

"ဟိုဘက်ခန်းမှာ"

"ဒါဆို မကာ မလိုက်တော့ဘူးနော်၊ နှစ်ဘာသာပဲ ယူသွားတော့"

"တော့တာ"

နှစ်က တံခါးအပြင်ဘက်ရောက်မှ ခပ်တိုးတိုးဖြင့်...

"မကာ ငါ ရင်ခုန်မြန်နေတယ်၊ သိလား တဒိတ်ဒိတ်နဲ့"

"ဖြစ်ရပြန်ပြီ"

"နင်ကြုံဖူးမှ သိမယ်"

"တော်ပါတော့နော် ဝင်မှာသာဝင်ပါ၊ ဟိုက မျှော်နေလောက်ပြီ"



www.burmeseclassic.com

www.burmeseclassic.com



နှစ်ကို အသာတွန်းလှတ်လိုက်သည်။ ပြီးတော့ သူမအခန်းဘက် သူမ ပြန်ဝင် တံခါးပိတ်ပြီး ဝရံတာ ထွက်ခဲ့၏။

အပြင်ဘက်မှာ လရောင်လေးက ခပ်အေးအေး ဖြာကျနေသည်။ ဒီညက ရာသီဥတုသာယာသည်။

မကာဘာဝလည်း ရင်ထဲ ဘာမှမရှိတော့အောင် လစ်ဟာသော ခံစားချက်နှင့် နံရံကိုမှီ၍ ထိုင်လိုက်သည်။

ဒီလိုနှင့်ပဲ နေ့သစ်များကို ဖြတ်သန်းရတော့မည်ထင်သည်။

www.burmeseclassic.com

www.burmeseclassic.com


## အခန်း (၁၆)

တစ်နှစ်ခန့်ကြာပြီးနောက် တစ်ရက်မှာတော့...

"မကာရေ မကာ လာပါတော့ မြန်မြန် ဒီမှာ နေလို့မရတော့ဘူး"

နှစ်အသံစူးစူးကြောင့် မကာမှာ ခြေမကိုင်မိ လက်မကိုင်မိ ဖြစ်ရလျက် ပျာယာခတ်နေသည်။ ဘာကစပြီး ယူရမှန်းမသိ။

"မကာ"

"လာပါပြီ ခဏအောင့်ထားပါဦး၊ ဒီမှာ ဘာမှ လုပ်လို့မရတော့ဘူး။ ကိုသဏ္ဌာန်ရောက်တော့မှာပါ ခဏလေး"

"အား အရမ်းနာတယ်၊ မစောင့်တော့ဘူး သွားနှင့်ရအောင် အမယ်လေး ဆိုးလိုက်တာ မြန်မြန်လုပ်ပါ မကာရယ်၊ နှစ်မခံနိုင်တော့ဘူး"

နှစ်က ငိုလည်းငို အော်လည်းအော်နေတာမို့ မကာမှာ ထုပ်ပြီး ဟိုဟာကောက်ယူ သည်ဟာကောက်ထည့်နှင့် စုံမစုံလည်း မစဉ်းစားအား တော့ပါ။ နောက်မှပဲ တစ်ခေါက်လာယူရတော့မည်။

နှစ်အော်သံကြောင့်လက်ဖျားတွေ တုန်ယင်အေးစက်ကာ ချွေး

www.burmeseclassic.com

www.burmeseclassic.com



တွေ့ ပျံ့လာ၏။ ခေါင်းထဲမှာ တရိပ်ရိပ် မူးချင်သည်။

"မောင့်ကို မစောင့်တော့ဘူး နှစ်အရမ်းနာနေပြီ"

"အင်းပါ အင်းပါ၊ လာ သွားမယ် မကာကိုတွဲ ဖြည်းဖြည်း..."

နှစ်က တဟင်းဟင်း တကျွတ်ကျွတ် ညည်းညူပါလာ၏။ အောက်ရောက်တော့ သဏ္ဌာန်ညို့ကားက တုန့်ခနဲ အရပ်မို့ အရမ်းအဆင် ပြေသွားသည်။

"မောင်အရမ်းကြာတာပဲ"

"ချက်ချင်းလာတာပဲ နှစ်ရဲ့"

နှစ်က မျက်ရည်တွေနှင့် အပြစ်တင်သည်။ သဏ္ဌာန်နှင့် မကာက နှစ်ကို တွဲပြီး ကားပေါ်ပို့သည်။

"အား မြန်မြန်မောင်းနော် မောင်၊ နှစ်သေတော့မှာပဲ၊ ဟူး... အမယ်လေး..."

"ခဏသည်းခံပါ နှစ်ရယ်"

မကာက နှစ်လက်ဖျားလေးကို ဆုပ်ထား၏။ နှစ်က နာကျင် လွန်းသော ဝေဒနာကို အံ့ကြိတ်လျက် မကာလက်ကို ဖျစ်ညှစ်ထားတာ လက်တွေပင် နာကျင်လာ၏။ ပြောလည်းမပြောရဲ ရှုန်းလည်း မရှုန်းရက်ပါ။

"ဟာ ကားဘာလို့ ရပ်တာလဲမောင်၊ ဒီမှာ အရမ်းနာနေပြီ မောင်းလေ မောင်းပါဆို"

နှစ်က ကားမောင်းနေသော သဏ္ဌာန်ကို နောက်ကနေ လှမ်း ဆိတ်သည်။ ဒေါသဖြစ်ရလွန်းလို့ပါ။ ဆေးရုံကို ချက်ချင်းရောက်ချင်ပါပြီ။

သည်လောက် ဆိုးဆိုးဝါးဝါး နာကျင်မှုမျိုး မကြုံဖူးပါ။ သတိပင် လစ်ချင်သည်။

"မီးပွိုင့်လေ မီးပွိုင့် မိနေတယ်၊ မရပ်လို့ရမလား"

သဏ္ဌာန်ညိုက နှစ်ကို ပြန်ရှင်းပြကာ နှစ်က မခံမရပ်နိုင်အောင် နာကျင်လွန်းတာမို့ မောင့်ကို လက်သည်းနှင့် ဖိဆိတ်ပစ်တာ အညိုအမဲ စွဲထင်လောက်သည်။

နှစ်အာရုံမှာ ဘာမှမရှိ သိပ်နာနေတာ တစ်ခုပဲရှိသည်။ သည်လို

www.burmeseclassic.com

www.burmeseclassic.com



သာ နာရီကြာကြာ နာနေမယ်ဆို နှစ်သေသွားမလား မသိတော့ပါ။ ဘာကယ်ဆို ခုလောက် မဖြစ်ခင်ကတည်းက ဆေးရုံသွားသင့်သည်။

မကာက မောင့်ကို ဖုန်းဆင်းဆက်၊ မောင်လာတာစောင့်နှင့် မကြာသင့်ဘဲ ကြာသွားခဲ့တာပါ။

ဆေးရုံရှေ့ရောက်တော့ နှစ်မှာ မဟာန်နိုင်တော့တာမို့ တွန်းလှည်းက လာခေါ်ပါသည်။

"နှစ် မောင် အပြင်မှာရှိမယ်နော်၊ အားတင်းထားပါ"

နှစ်က မျက်ရည်များနှင့် ခေါင်းလေး ဆတ်ပြသည်။

နှစ်မွေးခန်းထဲ ဝင်သွားမှပဲ သဏ္ဍာန်နှင့် မကာ သက်ပြင်းချနိုင်တော့သည်။ မကာက လက်ညှိုးထိပ်ကလေးကို သွားနှင့်ကိုက်လျက် စိတ်စောစွာ မွေးခန်းရှေ့မှာ သွားရပ်နေသည်။

ဆေးရုံကို ချောချောမောမော ရောက်ခဲ့ပြီမို့ စိတ်အေးရပါပြီ။ နှစ်အတွက် ဘုရားစာတွေ ရွတ်ပေးနေမိသည်။

"မကာ"

"ဟင်"

သဏ္ဍာန်က မကာဘေးမှာ လာရပ်သည်။

"ပင်ပန်းသွားပြီနော်"

"အင်း ကိစ္စမရှိပါဘူး၊ နှစ် မထွက်လာသေးဘူး"

"စိတ်အေးအေးထားပါ မကာရယ်၊ ဘာမှ မဖြစ်ပါဘူး" မကာကို သူအားပေးမိသည်။

"နှစ်သနားပါတယ်၊ သူတော်တော်လေး အနေခက်ပုံပဲ"

"အင်း ဟုတ်တယ် ကျွန်တော်လည်း မကာဖုန်းဆက်ပြီးပြီးချင်း ထွက်လာခဲ့တာပဲ"

သဏ္ဍာန်လည်း မောပန်းနွမ်းဟိုက်နေပုံပေါ်သည်။

"ကိုသဏ္ဍာန် ထိုင်နေလေ နှစ်ကို မကာ စောင့်နေမှာပေါ့"

သူ့ကို စာနာစိတ်နှင့် ဆိုမိသည်။

သဏ္ဍာန်က မကာကို ရုတ်တရက် လုံးဝမရည်ရွယ်ဘဲ ငေးစိုက်

www.burmeseclassic.com

www.burmeseclassic.com



ကြည့်ဖြစ်သွားသည်။

အမြဲတမ်း ဘယ်တော့မဆို မကာရင်ထဲမှာ သူ့အတွက် စေတနာသည် ပထမဦးဆုံးနေရာမှာ ရှိနေတတ်သည်။

ဒါကို သူသေသေချာချာ ခံစားလို့ရပါသည်။ သူ့အပေါ်ထားသော စိတ်ကို သူ့စိတ်က အလိုလို နားလည်နေမိသည်။ မကာက ချက်ချင်းပဲ မျက်လွှာချ၏။ မကာကို ကြည့်မိတိုင်း သူ့ကိုယ်သူ အပြစ်ကြီးကြီးမားမား တစ်ခု ကျူးလွန်ထားမိသူလို နောင်တတွေ တနင့်တပိုးရသည်။

"မွေးပြီ စိတ်အေးတော့၊ သမီးလေး"

သူနာပြုဆရာမက လာပြောတော့ မကာမျက်နှာလေး ဝင်းခနဲ လက်သွားသည်။ နှစ်သမီးလေးကို မကာ အရမ်းတွေ့ချင်သည်။

အနီးထုပ်ကလေးနှင့် နီတာရဲလေးကို ဆရာမက မကာလက်ထဲ လာထည့်ပေးသည်။

"ရော့ ရှင်တို့ကလေး ဟော့တော့ ချိတတ်ရဲ့လား၊ လှမ်းယူတော့ ချီတတ်တယ်မှတ်လို့"

မကာက ရှက်ရှက်နှင့် ခစ်ခနဲရယ်သည်။ မျက်နှာလေးက ကြည်နူးမှုနှင့် ရွှန်းလက်နေ၏။

သဏ္ဌာန်နှင့် နှစ်၏ သမီးလေး။ မကာအချစ်ရဆုံးနှစ်ယောက်ကို ပေါင်းစပ်ထားသော အနှစ်အစိုင်အခဲလေး။

မကာ ချစ်မဝ ကြည့်မဝဖြစ်ကာ နှုတ်ခမ်းတွေက မစေ့နိုင် အမြဲတမ်း ထုံထုံအေးအေးလေး နေတတ်သော မကာဆီမှ 'ခစ်ခနဲ'ရယ်သံလေး ထွက်လာသောအခါ သဏ္ဌာန်ညို အံ့အားသင့်မိသည်။ ကလေးလေးကို အရုပ်ကလေးလို တယုတယပွေ့ပြီး ပတ်ဝန်းကျင်ကို မေ့နေသည်။ သူ့ကိုပင် မေ့နေသည်။

* * *

www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၁၇)

သဏ္ဍာန်ညိုက စာဖတ်နေသော နှစ်ကို စူးစူးစိုက်စိုက်ကြည့်နေပါသည်။ ဘ-ယ်ကစာများလဲဟု စိတ်ဝင်စားမိသည်။

နှစ်ရယ် သဏ္ဍာန်ညိုရယ် ပြန်လာသောအခါ ကလေးလေးနှင့် အိမ်ကျန်ရစ်ခဲ့သော မကာက စာတိုက်ကရောက်လာသော ထိုစာကို လက်မှတ်ထိုးပြီး ယူထားခဲ့ပါသည်။

"ခင်နှစ်သက်"ဟု ရေးထားတာမို့ မကာက စာအိတ်ကို ဖွင့်မကြည့်ဘော့ဘဲ စားပွဲပေါ်တင်ထားသည်။ စာအိတ်အပြင်က လိပ်စာမှာ ခင်နှစ်သက်မိဘများနေသော မြို့လေးတစ်မြို့ဖြစ်ပါသည်။

နှစ်က စာဖတ်ပြီးသောအခါ သဏ္ဍာန်ညို့ဆီ မျက်လုံးရောက်လာ၏။ ပြီးမှ သမီးလေးကို မြူချော့နေသာ မကာဆီ အကြည့်ရောက်၏။ ဘာကို ဘယ်လိုဆုံးဖြတ်ရမှန်း မသိတော့လောက်အောင်ဘဲ တွေဝေသွားရသည်။

မောင်က ခုတလော အရမ်းကို အလုပ်ရှုပ်နေသည်။ မောင်တို့ကုမ္ပဏီနှင့် စီးပွားရေးစာချုပ်တစ်ခုလုပ်ဖို့ ကမ်းလှမ်းစကားပြောနေသော

www.burmeseclassic.com

www.burmeseclassic.com


ကိစ္စက သိပ်အရေးကြီးသည်။

မောင်သည် တစ်ရက်လောက်မှ ခွင့်ယူလို့ရမှာမဟုတ်။ ပြီးတော့ သမီးလေးက ခုမှ ပေါက်စနလေး ရှိသေးတာ၊ ခရီးသွားလို့ ကောင်းပါ့မလား။ ချက်ချင်းပဲ ခေါင်းထဲစီကာစဉ်ကာ စဉ်းစားမိသည်။

"ဘာတဲ့လဲနှစ်"

သဏ္ဍာန်ညိုက မစောင့်နိုင်တော့ဘဲ မေးလာသည်။

"မေမေ အရမ်းနေမကောင်းဘူးတဲ့မောင်"

"ဟင်..."

မကာလည်း ကလေးပုခက်စီ ငုံ့နေရာမှ ဖျက်ခနဲ လှည့်ကြည့်လာ၏။ သဏ္ဍာန်ညိုက နှုတ်ဆိတ်သွားသည်။

"စိုးရိမ်ရလား နှစ်"

မကာက ဝင်မေးလာပါသည်။

"အင်း ဆရာဝန်လက်လျှော့လိုက်ပြီတဲ့"

နှစ် မျက်နှာမှာ မှောင်မှိုင်းသော အရိပ်တစ်ခု ထင်ဟပ်လာ၏။ မိခင်ရင်းမဟုတ်လား။ နှစ် ဘယ်စိတ်ကောင်းနိုင်ပါ့မလဲ။

"နှစ် ဘယ်လိုလုပ်ရမလဲမောင်"

နှစ်က သဏ္ဍာန်ညို့ကိုပဲ ဦးတည်ဆုံးဖြတ်ခိုင်းလိုက်၏။ သဏ္ဍာန်ညိုက ဖြေရခက်သွားသည်။

ဇနီးသည်ကို တစ်ယောက်တည်းလည်း စိတ်မချပါ။ ကိုယ့်အလုပ်က ခွင့်ရချိန်အထိ ယောက္ခမကြီးက စောင့်ပါ့မလား။ နှစ်ကတော့ နောက်ဆုံးအကြိမ်အဖြစ် မိခင်ရင်းကို တွေ့ချင်လိမ့်မည်။

"မောင် သူ့ဒွေးကို ပြောကြည့်မယ်လေ"

"ရပါ့မလားမောင်၊ တော်ကြာ အပြောကြီး အဖတ်တင်နေပါ့မယ် နှစ်တစ်ယောက်တည်းပဲ သွားလို့ရမလားဟင်"

"ဟာ မောင် စိတ်မချဘူး"

သဏ္ဍာန်ညို့စကားကြောင့် မကာက မျက်နှာပူ အနေခက်သလို ဖြစ်လျက် သမီးလေးကို ပြန်ငုံ့ကြည့်နေလိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



သူကလည်း လွှတ်ခနဲ ပြောမိပြီးမှ မကာဆီ အကြည့်ရောက်လျက် တစ်မျိုးဖြစ်သွားရလေသည်။ နှစ်နှင့် သူကတော့ လင်မယားမို့ ပွင့်ပွင့်လင်းလင်း တိုင်ပင်ပြောဆိုနေကြပါ။ မကာအနားမှာ ရှိတာကို တစ်ခါတလေ မေ့လျော့သွားတတ်ပါသည်။

"မောင်ကလည်း နှစ်က ကလေးအမေပါ၊ စိတ်မချစရာလား"

"ဘာပဲဖြစ်ဖြစ်ပေါ့ကွာ"

သဏ္ဌာန်ညိုက နှစ်ကို စိုက်ကြည့်ပြီး ခေါင်းမာစွာဆို၏။ မောင့်မျက်လုံးများ၏ အကြည့်ကို နှစ် နားလည်မိပါသည်။ နှစ်ကို လေးငါးဆယ်ရက်ပင် မခွဲနိုင်သလို ဖြစ်နေသည်။

မောင်ရယ် နှစ်ကရော ခွဲနိုင်လို့လား၊ မလွှဲသာလို့ သွားရမှာလေ။ နှစ်လည်း မောင့်ကို ဘယ်လောက်သတိရလွမ်းနေမိမလဲ မသိသေးဘူး။

သဏ္ဌာန်ညိုနှင့် နှစ် မျက်လုံးချင်းဆုံကာ အကြာကြီး ငြိမ်နေမိသည်။ ပြီးတော့ ပြိုင်တူ သက်ပြင်းရှိုက်မိ၏။

နှလုံးသားချင်း နားလည်နေခဲ့သည်။ သူစိမ်းတွေမှ မဟုတ်ဘဲ။

"သမီးလေးက သိပ်ငယ်သေးတော့ ခရီးပမ်းမှာ စိုးရတယ်၊ ကိစ္စမရှိပါဘူး၊ မကာရှိနေတာပဲ စိတ်ချပါတယ်"

နှစ်က သူငယ်ချင်းကို ယုံကြည်စိတ်ချသည်။ ညီအစ်မအရင်းလို ခင်မင်နေထိုင်လာကြတာ နှစ်ရှည်ကြာခဲ့ပြီ မဟုတ်လား။ မကာစိတ်ရင်းကို နှစ်ယုံကြည်သည်။

"မကာ မီးမီးလေးကို ကြည့်ထားပေးနော်"

"ရပါတယ်၊ ပြောစရာတောင် မလိုဘူး။ ဒါပေမဲ့ နှစ်တစ်ယောက်တည်းသွားလို့ ကောင်းပါ့မလားဟင်"

နှစ်က ဘာမဆို ကြောက်တတ်တာ အစိုးရိမ်ကြီးတတ်တာ သိထားတော့ စိတ်မအေးနိုင်။

"ဘယ်တတ်နိုင်ပါ့မလဲ"

"မကာ လိုက်ခဲ့မယ်လေ"

"သမီးလေးကို ဘယ်သူကြည့်ပေးထားမလဲ"



www.burmeseclassic.com

www.burmeseclassic.com



နှစ် မေးလိုက်သောအခါ မဖြေနိုင်ပါ။ ပြုံးတုံ့တုံ့လေးငြိမ်ကျသွား၏။

"မကာ သမီးနဲ့ပဲ နေခဲ့ပါ"

ကလေးလေးက မကာကိုလည်း နှစ်လိုပဲ တွယ်တာနေသည်မို့ မကာရှိလည်း ဖြစ်ပါသည်။

သဏ္ဍာန်ညိုက ဇနီးကိုလည်း စိတ်မချ အလုပ်ကလည်း ခွင့်မရ ဖြစ်နေတာမို့ ဒွိဟာစိတ်နှင့် မျက်ခုံးရှုံ့နေသည်။

"မောင်ရာ လေးငါးရက်ပါ"

နှစ်ကပဲ ပြန်လည် အားပေးရသည်။

"မောင် မခွဲနိုင်ဘူးကွ"

သဏ္ဍာန်ညိုက နှစ်ဘေးနား လာရပ်ပြီး တိုးတိုးသက်သက် ဆိုသည်။

"အဟင်း ပိုလိုက်တာ"

နှစ်မျက်နှာလေးမှာ ကျေနပ်ခြင်းတွေ လျှံတက်လာ၏။ မကာက တော့ သူတို့ကို ကျောပေးထားလျက် မကြားသလို နေမိပါသည်။ ကြားရဖန်များလို့လည်း ရိုးနေခဲ့ပါပြီ။ သည်လိုစကားသံတွေကို ကိုယ်က သူတို့ လင်မယားအနား အမြဲရှိနေတာကိုး။

"ချိန်ခွင်နဲ့ ချိန်ကြည့်မယ်ဆို ဖောက်ထိုးကြီး ဖြစ်နေမှာ နှစ်က မောင်ချစ်သလောက် မချစ်ပါဘူး"

"အမယ် သွားရင် နည်းနည်းပေါ့။ လုပ်မနေနဲ့ နှစ်လည်း ချစ်တာပဲ။ မောင် မတရားမပြောပါနဲ့"

"ဒါဆို နှစ်က တစ်ယောက်တည်းသွားဖို့ ဘာလို့ပြောလဲ၊ မောင် နှစ်မရှိရင် အိပ်ပျော်မှာ မဟုတ်ဘူး"

တောက်ပရွှန်းလက်သော မျက်လုံးလေးနှင့် ငေးကြည့်လျက် ဘာပြောရမှန်းပင် မသိတော့ပါ။ နှစ် စိတ်တွေ ငေးငိုင်တွေဝေသွားအောင် မောင် လုပ်တတ်လွန်းပါသည်။

www.burmeseclassic.com

www.burmeseclassic.com


## အခန်း (၁၈)

နှစ်ခရီးထွက်သွားသောအခါ မကာမှာ သမီးလေးနှင့်အတူ ကျန်ရစ်ခဲ့၏။ နှစ်မရှိခိုက် နှစ်တာဝန်မှန်သမျှ မကာက လုပ်ကိုင်ပေးပါသည်။ ဘာတစ်ခုမှ မလစ်ဟင်းစေရပါ။

ကိုသဏ္ဍာန်ကိုရော သမီးလေးကိုပါ ပိုဂရုစိုက်ခဲ့ပါသည်။ သို့သော် မမျှော်လင့်ပါဘဲ ကြေကွဲတုန်လှုပ်စရာ နှစ်၏ သတင်းဆိုးကို ကြားသိခဲ့ရပါသည်။

လေယာဉ်မှောက်ပြီး နှစ်ဆုံးသွားပြီဟု သိရခိုက်မှာ သဏ္ဍာန်ညို့က စိတ်မထိန်းနိုင်ပဲ နံရံနှင့် ခေါင်းကို ပြေးဆောင့်သည်။ လက်သီးနှင့် ဆွဲထိုးသည်။

မကာမှာ လန့်လန့်ဖျန့်ဖျန့်နှင့် ဝင်ဆွဲရသည်။

"ကိုသဏ္ဍာန် စိတ်ကိုထိန်းပါဦး၊ မကာနဲ့ သမီးလေးကို ငဲ့ပါဦး။ ကိုသဏ္ဍာန်ပါ တစ်ခုခုဖြစ်သွားရင် သမီးလေးနဲ့ မကာ ဘယ်လိုအသက်ရှင်ရမလဲဟင်"

မျက်ရည်များနှင့် တုန်ခိုက်စွာပြောမိပါသည်။ ကိုသဏ္ဍာန် ဘယ်

www.burmeseclassic.com

www.burmeseclassic.com



လောက်အထိ စိတ်ထိခိုက်နာကျင်သွားသလဲဆိုတာ မကာ စာနာနားလည်ပါသည်။ နှစ်ကို ဆုံးရှုံးရတာ သူဘယ်လိုလုပ် ခံနိုင်ရည်ရှိမှာလဲ။

"နှစ် မောင့်ကို ဒီလောက်အစောကြီးခွဲသွားဖို့ မကောင်းဘူးကွာ"

ရင်ကွဲသံကြီးနှင့် ရေရွတ်သောအခါ မကာအသက်ရှူကြပ်သွားမိသည်။ နှစ်ရယ် ဖြစ်မှဖြစ်ရလေ။

လူချင်းလဲလို့ရလျှင် လဲပေးလိုက်ချင်ပါရဲ့။

နှစ်မှာက ကိုသဏ္ဌာန်နှင့် သမီးလေးနှင့် မကာလိုမဟုတ်။ သည်နေရာမှာ မကာသာဆို ဘယ်သူမှ သည်လောက် လူးလူးလှိမ့်လှိမ့်ခံစားနေမှာ မဟုတ်ပါ။

သမီးလေးလည်း အမေရင်းကို ဆုံးရှုံးရပြီ။ မကာဘယ်လိုဖြေရမလဲ နှစ်ရယ်။ တကယ်ပဲ အားလုံးကို ထားခဲ့ပြီလား။

ကိုသဏ္ဌာန်က စိတ်ထိခိုက်ပြီး ရက်အတော်ကြာအောင် ငေးငိုင်ငိုင်နှင့် အစားအသောက်ပျက်ကာ လဲနေခဲ့ပါသည်။

မကာက စိတ်မကောင်းဖြစ်ရတာတစ်ဖက် ကိုသဏ္ဌာန်ညိုကို အားပေးရတာ တစ်ဖက်နှင့် ပင်းပန်းမောဟိုက် နေခဲ့ပါသည်။

တဖြည်းဖြည်းနှင့် ကိုသဏ္ဌာန် နလန်ထူလာနိုင်ဖို့ မျှော်လင့်သည်။ နှစ်မရှိတော့ မကာမှာ ကိုသဏ္ဌာန်နှင့် သမီးလေးပဲရှိတော့သည်။

သူတို့နှစ်ယောက်ကို မကာ ထိခိုက်မခံနိုင်ပါ။ ကြာလာတော့ ကိုသဏ္ဌာန်က မကာကို သနားလာပုံရသည်။ ဂရုဏာမျက်ဝန်းများနှင့် ကြည့်လျက် အနေအထိုင်ကို ပြုပြင်လာ၏။

နှစ်ကြောင့် ဘုန်းဘုန်းလဲသွားလို့ မဖြစ်သေးတာကို နားလည်လာပုံရသည်။ မကာနှင့် သမီးလေးက သူ့ကို မှီပြီးရပ်တည်နေကြတာ။ သူနေကောင်းလာမှ ဖြစ်လိမ့်မည်။ စိတ်လျှော့ပြီး အရာရာကို အရှုံးပေးလို့ မရသေးပါ။

www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၁၉)

"မကာ"

သူ့အတွက် ကော်ဖီနှင့်မုန့် ယူလာပေးသော မကာကို သဏ္ဍာန်ညီ ခေါ်မိသည်။ မကာက မျက်လုံးလေးရွှေ့ကြည့်သည်။

သူ့မျက်နှာမှာ ကျေးဇူးတင်ရိပ်က လွှမ်းထားသည်။

"ကျေးဇူးတင်ပါတယ်ဗျာ"

နှုတ်က ဖွင့်မပြောလည်း သူ့မျက်လုံးတွေကို နားလည်ပြီးသားပါ။

မကာနှလုံးသား၏ ထူးခြားချက် လှို့ဝှက်ဆန်းကြယ်မှုက အဲ့ဒါပဲဖြစ်ပါသည်။

သဏ္ဍာန်ညီဆိုသော လူတစ်ယောက်၏ အကြည့်အမျိုးမျိုးကို သရုပ်ခွဲ နားလည်မိခြင်းပါပဲ။ တစ်ခါမှ မလွဲချော်ခဲ့ဘူးပါ။

သူ့မျက်လုံးတွေကို ဘယ်တော့ဖြစ်ဖြစ် သဘောပေါက် ခံစားပေးနိုင်ပါသည်။

"ကျွန်တော်တို့ သားအဖကို ခုလိုဂရုစိုက်တာအတွက် ကျွန်တော်တကယ်ပဲ ကျေးဇူးတင်မိတာပါ"

www.burmeseclassic.com

www.burmeseclassic.com



ဟိုတုန်းကလို 'နှစ်မျက်နှာကြောင့်ပါ'ဟု တုံးတိတိ မာပြတ်ပြတ် မပြောမိတော့ပါ။

သူထိခိုက်နာကျင်သွားမည့် စကားမျိုးကို နှုတ်ဖျားက ဘယ်တော့မှ မထွက်လာဖို့ ကြိုးစားတော့မည်။

သူ့မှာက ဝေဒနာတနင့်တပိုးနှင့်။

"နှစ်ဆုံးသွားပေမယ့် သမီးလေးနဲ့ ကျွန်တော်က ဆက်ပြီး အသက်ရှင်သွားရဦးမှာ၊ ကျွန်တော် တည်ငြိမ်ရင့်ကျက်ဖို့ လိုတယ်ဆိုတာ သိပါတယ်၊ မကာ သိပ်ပင်ပန်းသွားပြီနော်၊ ကျွန်တော့်ပျော့ညံ့မှုတွေက မကာကို ပိုပြီးဒုက္ခရောက်စေခဲ့တယ်ဆိုရင် တောင်းပန်ပါတယ်"

"ရပါတယ်"

"မကာ စိတ်ချပါ၊ ကျွန်တော့်ကိုကျွန်တော် ထိန်းနိုင်သွားပါပြီ"

သည်စကားကြားရမှပဲ ရတက်အေးရတော့သည်။

"သမီးလေးကို နှစ်ကိုယ်စား မကာပဲ စောင့်ရှောက်ပေးပါ။ မကာနဲ့ပဲ ကျွန်တော် စိတ်ချတယ်"

မကာ ဆတ်ခနဲခေါင်းညိတ်သည်။ သဏ္ဍာန်ညိုက နွမ်းနွမ်း ညိုးညိုး မကာမျက်နှာကို ငေးကာ ကြည့်နေမိပါသည်။

ဘယ်လိုကြောင့်များ ဘယ်ကိစ္စလေးမဆို သူနှင့် နှစ်ဘေးမှာ ပါဝင်ခံစားပြီး တစ်ချိန်လုံးရှိနေခဲ့ပါလိမ့်။

သူပျော်နေတော့လည်း မကာက အနားမှာရှိနေသည်။

သူကြေကွဲရလွန်းတော့လည်း မကာက အနားမှာရှိနေသည်။ ဘာမဆို မျှဝေခံစားပြီး ဖြည့်ဆည်းပေးနေတော့မည်လို့ တိတ်တိတ်ကလေး ဆုံးဖြတ်ထားခဲ့သလား။

မကာရယ်...

မကာအပေါ်မှာ ကျွန်တော် မတရားခဲ့ရင် ခွင့်လွှတ်ပါ။ သူနှင့် နှစ်ဘေးမှာ အမြဲရှိနေပြီး ဘယ်တော့မှ အပြစ်မတင်တတ်သော ဘယ်တော့မှ ရန်မလုပ်တတ်သော မကာ၏ ဖြူစင်အေးချမ်းမှုလေးကို သူ ခုတော့ ကောင်းစွာ နားလည်လာမိသည်။

www.burmeseclassic.com

www.burmeseclassic.com



"နှစ်သမီးလေးကို မကာက အရမ်းချစ်ပါတယ် ကိုသဏ္ဌာန်။ ကလေးအတွက် စိတ်ချပါ။ မကာ တစ်သက်လုံးအတွက် အဲ့ဒီကလေးလေးကို တာဝန်ယူစောင့်ရှောက်ပေးမှာပါ"

မကာက ရဲရဲဝံ့ဝံ့ ကတိပေးသည်။

ဘာပဲ ဖြစ်ဖြစ် မကာရှိနေလို့သာ တော်သေးသည်။

သူရှူးသွပ်ယိုင်လဲချင်ပုံနှင့် သမီးလေးကတစ်ဖက်ဆို ဖရိုဖရဲ ဖြစ်ကုန်တော့မှာ။

www.burmeseclassic.com

www.burmeseclassic.com


## အခန်း (၂၀)

တိမ်စိုင်တိမ်လိပ်တွေလို နူးညံ့သော အတွေ့အထိက တစ်ကိုယ်လုံးကို လွှမ်းခြုံထားသည်။ လူကပေါ့ပါးပြီး ကောင်းကင်မှာ ဝဲပျံနေသလို ငြိမ့်ညောင်းလှသည်။

မသိတစ်ဝက် သိတစ်ဝက် အာရုံတွေမှာ မောင်က လက်ဖဝါးနှင့် ဖိဆုပ်ကာ အင်အားရှိစေသော အပြုံးတစ်ခုနှင့် ရှေ့မှာက သမီးကလေးကို မြင်နေရသည်။

စောစောတုန်းက မှောင်မဲမဲကြီးထဲမှာ မောင်နှင့်သမီးလေးပျောက်သွားလို့ ငိုလိုက်ရတာ သည်းသည်းခိုက်ခိုက်။

ခုတော့လည်း နွေးသောအလင်းရောင်မှာ မောင့်အပြုံးနှင့် သမီးလေး မျက်နှာက သဲကွဲထင်ရှားလာသည်။

တော်ပါသေးရဲ့ သမီးလေးကို နှစ်မြင်ရပြီပဲ။

နှစ်ရင်ထဲမှာ ဝမ်းသာကျေနပ်သွား၏။ သမီးကို ထပ်တော့ကြိမ် ပျောက်သွားမှာ စိုးသလို ဖွတ်အတင်းဖက်ထားမိသည်။

မောင့်လက်ကိုလည်း နှစ်မလွှတ်ရဲပေ။


www.burmeseclassic.com

www.burmeseclassic.com



ဟင်…ဘေးမှာ မကာကို နှစ်မေ့နေခဲ့ပါသည်။ ခုမှပဲ မကာကို သတိရမိသည်။ မကာရယ် ဘယ်ပျောက်နေတာလဲဟင်။ နှစ်အနားကနေ ဘယ်မှ မသွားကြပါနဲ့။ အားလုံးကို နှစ်မခွဲနိုင်ဘူး။ သမီးလေးကို မခွဲနိုင်ဆုံး။

နှစ် သမီးလေးကို တစ်သက်လုံး ပြုစုပျိုးထောင်ပါရစေ။ မကာကို နှစ် လှမ်းပြီး ပြုံးပြမိသည်။ နှစ်ရင်ထဲမှာ အသက်ရှုရတာ ကြပ်လာပြန်၏။ မောင်ရယ် မကာရယ် အာရုံထဲက ပျောက်သွားမှာ စိုးကြောက်လှတာမို့ အသက်ပင် ရဲရဲမရှူဝံ့ပါ။

နှစ် တစ်စတစ်စ ပိုပြီးပင်ပန်းနွမ်းဟိုက်လာ၏။ သမီးလေးကို မလွှတ်တမ်းဖက်ထားရင်း အသက်ကို ခဲယဉ်းစွာ ရှူရှိုက်နေရသည်။ လွှတ်လိုက်လို့ မဖြစ်ပါ။ လက်ကျန်အင်အားလေးနှင့် သမီးလေးကို ပွေ့ထားပါရစေ။

နှစ်သမီးလေး…

နှစ်အသက်ငွေ့ငွေ့ ကျန်နေသရွေ့တော့ သမီးလေးကို လွှတ်မပေးနိုင်ပါ။

"အင်း…အင်း…အင်း"

"သမီး သမီး၊ ကလေးမ သတိရပြီလား"

နားထဲမှာ တစ်ယောက်ယောက်ခေါ်သံလိုလို ဘာလိုလို မပီမသကြားရသည်။ အာရုံတွေ စုစည်းမရ ဝေဝါးနေသည်။ မျက်လုံးတွေထဲမှာ တလက်လက်နှင့် တောက်လာသော အမှုန်စတွေ ပြန့်ကြဲကာနေသည်။ ခေါ်သံလို ထပ်မကြားရ။ နှစ် ဘယ်ရောက်နေတာလဲ။

နွေးထွေးသော မွေ့ရာ၏ အတွေ့အထိကို ပထမဦးဆုံး သတိပြုမိလာသည်။ မောင်ရော မောင် ဘယ်မှာလဲ။

ပထမဦးစွာ မောင့်ကို တမ်းတသတိရမိ၏။

မျက်လုံးတွေ ဆတ်ခနဲ ဖွင့်မိသည်။

"ဟင်…"

"ဒါ ဒါ ဘယ်ရောက်နေတာလဲ"

"ကလေးမလေး သတိရပြီလား"



www.burmeseclassic.com

www.burmeseclassic.com



ဘီးဆံပတ် ပတ်ထားသော ပိန်ပိန်ညှိုညှို ကျစ်ကျစ်လစ်လစ် အဘွားအိုတစ်ဦးကို မြင်ရသည်။ နားတောင်းပန်ထားသော နားနှစ်ဖက်က တွဲကျနေပြီး ဆံပင်ဖြူဖြူတွေက အသက်ကို ဖော်ညွှန်းနေသည်။ နှစ် နှာခေါင်းဝမှာ ဘာမှန်းမသိ လာတော့ပေးသည်။

ကျိုးတိုးကျဲတဲသာ ကျန်တော့သည့် သွားများကို မြင်ရသည်မို့ အဘွားအိုရယ်လိုက်တာလား၊ ဒါမှမဟုတ် ပြုံးလိုက်တာလား တစ်ခုခုတော့ သေချာပါသည်။

"သမီး သိပ်ကံကောင်းတာပဲ ဒီလောက်ရေပြင်ကျယ်ကြီးထဲမှာ အသက်ကျန်နေသေးတယ်။ ကံစီမံရာပဲ၊ တကယ်ပဲ သေရွာပြန်ခဲ့ပြီ။ အဘွားတို့က မြင်လို့သာ ဆယ်ရတာ အသက်မရှိတော့ဘူးဘဲ ထင်တာ"

နှစ်က ပြူးကျယ်သောမျက်လုံးများနှင့် ငြိမ်သက်နေသည်။

"သမီး သတိရပြီလား"

ခေါင်းလည်း မညိတ်မိ ခေါင်းလည်းမခါမိပါ။ နှစ် ခေါင်းတစ်ခုလုံး အုံခဲရှုပ်ထွေး နေပါသည်။ ဘာမှ စဉ်းစားလို့မရသေး၊ အဘွားအိုမျက်နှာက မျက်လုံးထဲ ဝေဝါးလာ၏။

မျက်လုံးတွေ ဖွင့်ထားရတာ တစ်ကိုယ်လုံးမှာရှိသည့် အင်အား အားလုံးစုပြုံသုံးထားရသလို ပင်ပန်းခဲယဉ်းလှသည်မို့ မျက်ခွံကို လေးပင်စွာ ပြန်မှိတ်လိုက်သည်။

"ကောင်းကောင်း သတိမလည်သေးဘူး"

အဘွားအိုစကားလုံးတွေက မသဲကွဲပါ။ လုံးထွေးနေသည်။ တစ်ယောက်ကို ဇကားလှမ်းပြောလိုက်တာတော့ သိ၏။

နောက်တော့ နှစ်ပြန်ပြီး အိပ်ပျော်သွားသည်။ အိပ်မက်ထဲမှာ နှစ်ရယ်၊ မောင်ရယ်၊ သမီးလေးရယ်၊ မကာရယ် အရမ်းပျော်မြူးနေကြသည်။

နှစ် ဝမ်းသာအားရ ရယ်နေမိပါသည်။ မောင်တို့အားလုံးကို သည်တစ်ခါ နှစ် သေချာမြင်ရသည်။ ဝေဝါးဝါး ပျောက်တစ်လှည့် မြင်တစ်လှည့် မဟုတ်တော့ပါ။



www.burmeseclassic.com

www.burmeseclassic.com



နှစ်ကို မောင်က လက်ကလေး ဆွဲထားသည်။ မောင့်အပြုံးတွေက နီးကပ်လွန်းစွာ ပိုပြင်လာ၏။

သည်တော့မှပဲ နှစ် စိတ်အေးသွားရတော့သည်။ မောင်နှင့် သမီးလေးကို မျက်စိအောက်က အပျောက်မခံနိုင်ပါ။ နှစ်ရင်မှာ ပိုပြီး လောဘတွေ ကြီးလာမိ၏။

ဆ ဆ ဆ



www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၂၁)

သည့်တစ်ခါတော့ နှစ်တကယ်ပဲ သတိရလာတော့သည်။ မျက်လုံးတွေ ဖွင့်ကြည့်ကာ ထထိုင်ဖို့ ကြိုးစားသည်။

"သမီး လှဲနေပါကွယ်"

အဘွားအို၏ ပိန်သွယ်သော လက်ချောင်းများက နှစ်လက်မောင်းကို ဖမ်းဆုပ်ခြင်းနှင့်အတူ တားမြစ်သံကိုပါ ကြားရ၏။

"နှစ်ဘယ်ရောက်နေတာလဲဟင် မောင်ရော"

ကယောင်ကတမ်းမေးမိပါသည်။ အသိစိတ်ထဲမှာ အကြီးအကျယ်တုန်လှုပ်ခြောက်ခြားကာ နေသည်။ ဘာတွေ စိုးရိမ်နေမှန်းမသိ တဆတ်ဆတ်တုန်နေသည်။

"သမီး ဒီကျွန်းကလေးပေါ်ကို ရောက်နေတာ နှစ်ရက်ရှိပြီး ဒီနေ့ ညနေဆို နှစ်ရက်ပေါ့"

"ရှင်"

"သမီးကို ရေစပ်ကနေ ဆယ်ယူလာတာ ရေစပ်မှာ လာတင်နေတယ်။ တကယ်ပဲ သမီးမှာ သေကံမပါသေးဘူး"

www.burmeseclassic.com

www.burmeseclassic.com



နှစ်က ဝိုင်းစက်သော မျက်လုံးများနှင့် နားထောင်နေမိသည်။

"ရေဆာလိုက်တာ"

"နေဦး ရေတိုက်မယ်"

အဘွားအိုက အသက်ကြီးပေမယ့် မာကျစ်ကာ သန်သန်မာမာ ရှိလှပါသည်။ ဖျတ်လတ်မှုက အသက်နှင့်ပင်မလိုက်ပါ။

"အဘွားတို့က ဒီမှာနေကြတာလားဟင်"

ရေသောက်ပြီးသောအခါ နှစ်မေးမိ၏။ ကိုယ့်ကိုယ်ကိုလည်း ငုံ့ကြည့်မိပါသည်။ အဘွား၏ အကျီနှင့် ထမိနှင့်ပါလား။

အသက်သခင်ကျေးဇူးရှင်ဆိုတာ နှစ်ဘဝမှာ ကြုံခဲ့ရပြီ။

"ဒီမှာနေတာ မဟုတ်ပါဘူး၊ ဟိုဘက် ခပ်လှမ်းလှမ်းက ကျွန်းထောင့်မှာ သင်္ဘောပျက်ရှိတယ်၊ အဲဒီသင်္ဘောပျက်ကို လာဆယ်ယူတဲ့ အဖွဲ့ကို ထမင်းချက်ပေးဖို့ အဘွားနဲ့ အဘွားရဲ့အဘိုးက လိုက်လာကြတာပါ၊ ကျန်တာတွေက ယောက်ျားလေးတွေချည်းပဲ"

"ဩော်..."

"အဘွားတို့ စက်လှေနဲ့လာတာ၊ စက်လှေက ဒီမှာ ချပေးခဲ့ပြီး ပြန်ပြီ၊ အဘွားတို့ရောက်တာလည်း မကြာသေးဘူး"

"ဟင်"

နှစ် ထိတ်ခနဲ ပူသွား၏။

"ဒါဆို ဒါဆို နှစ် ဘယ်လိုပြန်မလဲဟင်"

"တစ်လခွဲနှစ်လ ဒါမှမဟုတ် အလွန်ဆုံး သုံးလလောက်ပေါ့ ကွယ်။ သင်္ဘောဖြစ်ဖြစ် စက်လှေဖြစ်ဖြစ် ကြုံမှာပါ"

"ဟင် အဲ့ဒီလောက်တောင် ကြာမှာလား"

အဘွားအိုက နှစ်ကို သဘောကျစွာ ပြုံးကာကြည့်၏။

"သေဘေးက လွတ်မြောက်လာပြီပဲ သမီးရယ်၊ သည်းခံစိတ် တော့ရှိရမှာပေါ့၊ သမီးဘယ်လိုဖြစ်ပြီး ရေထဲ မျောလာတာလဲ"

အဘွားမေးမှပဲ မေမေ့ကို ဖျတ်ခနဲ သတိရ၏။

မေမေဆုံးသွားခဲ့ပြီလား။ ဒါမှမဟုတ် နှစ်အလားတူ အားတင်း

www.burmeseclassic.com



စောင့်နေမှာလား ရင်ထဲမှာ နှင့်ကာ မျက်ရည်ဝဲလာမိသည်။

"အဘွား စာတွေဘာတွေ လူကြုံပါးလို့ရလား"

"အဲဒါ သင်္ဘောလာမှ ဖြစ်မယ်လေ၊ သင်္ဘောလာမှတော့ စာထည့်တော့မလား။ သမီးလိုက်သွားလို့ရပြီဟာ၊ စိတ်မလျှော့ပါနဲ့ သမီးရယ်၊ ဒီလောက်ခဲခဲယဉ်းယဉ်း အသက်ရှင်လာပြီးမှ နေကောင်းလာအောင် ပျော်ရွှင်အောင် နေပါ"

"ဟုတ်ကဲ့"

နှစ် ဆတ်ခနဲ ခေါင်းညိတ်မိပါသည်။

သမီးလေးကို မခွဲနိုင်သော စိတ်တစ်ခုတည်းနှင့် နှစ်အသက်ရှင်လာခဲ့တာပါ။

နှစ်က ကြုံတွေ့ခဲ့ရသော အဖြစ်ဆိုးကို အဘွားအား ပြန်ပြောပြသည်။ မေမေနေမကောင်း၍ နှစ်တစ်ယောက်တည်း မေမေ့ရွာကို အပြန်မှာ လှေမှောက်ပြီး ရေထဲမျောခဲ့ရင်း သတိလစ်ခဲ့ရတာကို အစအဆုံး ပြောပြ၏။

"နှစ်လည်း ဘယ်လိုမှ အသက်မရှင်နိုင်တော့ဘူးဘဲ ထင်ခဲ့တာပါ"

"အင်း တကယ်ပဲ မယုံနိုင်စရာကောင်းတယ်၊ သမီးကို သေနေပြီပဲထင်တာ။ အသက်ရှိသေးတာ သိရတော့ အဘွားတို့လည်း တတ်သလောက်မှတ်သလောက် ကြိုးစားပြုစုရတာပဲ"

"ကျေးဇူးတင်ပါတယ် အဘွားရယ်၊ နှစ် ကန်တော့ပါရစေနော်"

"မဟုတ်တာကွယ် နေကောင်းလာအောင်ပဲ ဂရုစိုက်ပါ"

"စိတ်ချပါအဘွား နှစ်နေကောင်းလာအောင် ကြိုးစားပါ့မယ်"

"အစားအသောက်ကတော့ သမီးစိတ်ညစ်သွားမှာပဲ၊ ည မနက် ငါးသလောက်ပေါင်းပဲရှိတယ်"

"ရှင်..."

အဘွားက ရယ်ပါသည်။

"အဘွားနာမည်က ဒေါ်မယ်ခင်တဲ့"

www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်ကဲ့"

"သူတို့က ငါးသလောက်ပေါင်းပဲ တစ်အိုးကြီး ယူလာတာ"

"နေ့တိုင်းစားဖို့ ဟုတ်လား"

"ဟုတ်တာပေါ့၊ ဒါပဲ စားစရာရှိတာ"

"ခက်ပါပြီ နှစ်က ငါးသလောက်ဆို ညှီလို့ လုံးဝမစားဘူး။ အနံ့ကို မခံနိုင်တာ အဘွားရဲ့"

"ဟုတ်လား စားရင်းစားရင်း ကြိုက်သွားမှာပါ၊ တခြားစားစရာမှ မရှိဘဲ သမီးရဲ့။ အသက်ရှင် နေဖို့က အရေးကြီးဆုံးပဲမဟုတ်လား။ ကြိုက်တာမကြိုက်တာ အသာထား ကြိတ်မှိတ်မျိုချပြီး အကျင့်လုပ်ပေါ့။ အဘွားကတော့ ငါးသလောက်ပေါင်းသိပ်ကြိုက်တာ၊ နေ့တိုင်းစားရမယ် ဆိုလည်း စိတ်မပျက်ဘူး"

နှစ်က ငြိမ်သက်နားထောင်ရင်း ကိုယ့်ဘဝကို ဘာတွေ ဖြစ်နေပါလိမ့်ဟု ဇဝေဇဝါဖြစ်လာသည်။

ဘယ်တော့မဆို ငါးသလောက်ပေါင်းကို ရှုံ့မဲ့ရှောင်တတ်ခဲ့သော နှစ်ပါ။ ထမင်းကို ဆီစမ်းပြီး စားရစားရပါ။ ငါးသလောက်ပေါင်း၏ ပြင်းသောအနံ့ကို နှစ် ခံနိုင်ရည်မရှိ။

ဘယ်လိုဝဋ်ကြွေးပါလို့ သည်လိုတွေ ဖြစ်ရတာလဲ။ မောင်နှင့် သမီးလေးကိုပါ ရှင်ကွဲခွဲနေရပြီး နှစ်အသက်ရှင်နေသေးတယ်ဆိုတာပင် မောင်မသိနိုင်တော့ပါ။ နှစ်ကလည်း ပြေးပြောလို့မရ ခံစားမှုက နက်နဲလွန်းလှသည်။

မောင် ဘယ်လောက်တုန်လှုပ်သွေးပျက်သွားမလဲ။ နှစ်သေဆုံးသွားပြီလို့သိရင် မောင် ဘယ်လိုဖြစ်သွားမလဲ။ ချက်ချင်းပဲ မျက်လုံးအိမ်မှာ မျက်ရည်တွေ ပြည့်လာ၏။

"သမီးလေး သမီးလေးနဲ့ တတွတ်တွတ်ခေါ်နေတာပဲ၊ သတိက မရတစ်ချက် ရတစ်ချက်"

"ဟုတ်ကဲ့အဘွား နှစ်မှာ သိပ်ချစ်စရာကောင်းတဲ့ သမီးလေး တစ်ယောက်ရှိပါတယ်"

www.burmeseclassic.com

www.burmeseclassic.com



"အေးပေါ့ကွယ် ဒီသံယောဇဉ်ကြောင့် သေမင်းဆီက ရုန်းကန်ထွက်လာနိုင်တာ ထင်ပါရဲ့"

အဘွားက တွေးတွေးဆဆ ပြောလာပါသည်။

"သမီး ဗိုက်ဆာရင် ထမင်းစားဖို့ အဘွားလုပ်ပေးမယ်၊ အဘွားမှာ ပုစွန်ခြောက် နည်းနည်းပါတယ်၊ လက်ဖက်ဆီစိမ်ထားတာလည်းရှိတယ်။ ဒါပေမဲ့ လက်ဖက်က မစားသင့်သေးဘူး၊ ပုစွန်ခြောက်လေးကို ထမင်းနဲ့ ဆီဆမ်းပေးမယ်၊ ဒါပေမဲ့ သိပ်များများ မရှိဘူး။ နောက်နေ့တွေ နေကောင်းသွားရင်တော့ ငါးသလောက်ပေါင်းကို အကျင့်လုပ်စားတာအကောင်းဆုံးပဲ။ တစ်အိုးကြီးရှိတယ် စားလို့မကုန်ဘူး၊ အလျှံပယ်ပဲ၊ သမီး ချွေတာစားစရာ မလိုဘူးပေါ့ကွယ်"

နှစ်က စိတ်ပျက်စွာ နှာခေါင်းလေးရှုံ့သည်။ အဘွားက နှစ်ဖို့ရေနွေးတစ်အိုး ယူလာမိ၏။

"ဟာ အဘွားခင် သူ သတိရပြီလား"

"အေး သတိရပြီ၊ လာ မင်း စကားပြောနှင့်ဦး အထွန်း၊ အဘွားခင် ထမင်းခူးဦးမယ်"

"ဟုတ်ကဲ့ပါ"

ဒူးဆစ်ဖုံးဘောင်းဘီတစ်ထည်၊ စွပ်ကျယ်တစ်ထည်နှင့် ရောက်လာသော လူတစ်ယောက်ကို နှစ် မဗိုတ်မသုန် ကြည့်နေမိပါသည်။ ပါးသိုင်းမွေး မုတ်ဆိတ်မွေးများနှင့် တကယ်ပဲ တောကြီးထဲက လူရိုင်းတစ်ယောက်လို ဖြစ်ကာနေသည်။

"ခင်ဗျားနေကောင်းသွားပြီလား"

သူက ရှေ့တည့်တည့်မှာ လာထိုင်ချပြီး တရင်းတနှီးမေးပါသည်။

"ဟုတ်ကဲ့ ခေါင်းထဲမှာ အုံတုံ့တုံ့နဲ့ ကျန်တာတွေတော့ ကောင်းပါတယ်"

"ခင်ဗျား တကယ်အသက်ပြင်းတယ်ဗျာ၊ ဘယ်လိုနေတာတွေရှတ်ခဲ့သလဲ ပြောစမ်းပါ၊ လုံးဝမယုံနိုင်စရာဘဲ"



www.burmeseclassic.com

www.burmeseclassic.com



သူက အားပါးတရပြောပေမယ့် နှစ်က နွမ်းလျော့စွာ ပြုံး၏။ သူကြည့်ရတာတော့ သည်ကျွန်းပေါ်ရောက်နေတာ စိတ်ပျက်ပုံမရ။ သူ့အိမ်သူ့ယာလို ခပ်အေးအေး အရယ်မပျက်၊ အပြုံးမပျက်။

လူသူမရှိသော မျက်စိတစ်ဆုံးရေပြင်ကြီးသာ တွေ့နိုင်သော နေရာမျိုးမှာ အလုပ်လာလုပ်တာ၊ ဘယ်လိုစိတ်ဓာတ်မျိုး ရှိလို့ပါလိမ့်။ နှစ်မှာဖြင့် အားငယ်ကြေကွဲနေလိုက်ရတာ၊ ပြန်ချင်လည်း ချက်ချင်းပြန်မရ။ သင်္ဘောလာတာ စောင့်ရဦးမယ်။ သူတို့စိတ်ဓာတ်က ခိုင်မာလှချည်လား။ စားတော့လည်း ငါးသလောက်ပေါင်းပဲရှိတာ။ ဖွယ်ဖွယ်ရာရာ ဟိုဟာလေး ဒီဟာလေး မစားချင်ဘူးလား၊ မတမ်းတဖူးတဲ့လား။ ထူးဆန်းလွန်းသည့် သူတွေပါပဲလား။

"ရေနွေးသောက်ပါ၊ ကျွန်တော်တို့က ခင်ဗျားသတိပြန်ရလာဖို့ အရမ်းမျှော်လင့်ခဲ့တယ်။ ဒါပေမဲ့ ညကတည်းက သိတယ်။ ခင်ဗျား ဘာမှမဖြစ်နိုင်တော့ဘူးဆိုတာ။ ခင်ဗျား ကယောင်ကတမ်းတွေဖြစ်ပြီး အော်နေပြီလေ"

"အားလုံးကို ကျေးဇူးတင်ပါတယ်"

နှစ် သည်စကားစုပဲ ပြောနိုင်ပါသည်။ သူတို့အားလုံးကို ထိုင်ကန်တော့လည်း သည်ကျေးဇူးက မကုန်နိုင်ပါ၊ မကြေနိုင်ပါ။

"ဘာပဲဖြစ်ဖြစ်ပေါ့ဗျာ၊ ခင်ဗျားခုလို ထိုင်ပြီး ကျေးဇူးတင်စကား ပြောတာကို ကြားခွင့်ရတာ ဝမ်းသာလှပါပြီ။ အဲ့ဒီလိုမှ ဖြစ်ပါ့မလားလို့ စိတ်ပူနေခဲ့ကြတာ အားလုံးပဲ"

သူ့စကားက ရိုးသားပွင့်လင်းသည်။ ဟန်ဆောင်မှုကင်းသည်။ နှစ် အသက်ရှင်လာခြင်းသည် သူတို့အတွက် အောင်မြင်ခြင်းမှတ်တိုင် ဖြစ်လေသည်။ သူတို့ ကျေနပ်ဂုဏ်ယူကြသည်။

"သင်္ဘောလာမှာပါ မကြာပါဘူး။ ဒီကြားထဲမှာတော့ ကျွန်တော်တို့ကို ဆွေမျိုးရင်းချာ သဘောထားပြီး ပျော်အောင်နေပေါ့။ ရေစက်ရှိလို့ တွေ့ကြရတာမဟုတ်လား"

"ဟုတ်ပါတယ်"



www.burmeseclassic.com

www.burmeseclassic.com



"ဘာမှ အားမနာနဲ့. အားလည်းမငယ်နဲ့၊ လိုအပ်တာ ပြောပါ။ ဘွားခင်လည်း ရှိသားပဲ။ လေးလေးက ဘွားခင်ကို ခေါ်လာခဲ့တာ၊ ခင်ဗျားအတွက် သိပ်အဆင်ပြေသွားတယ်ဗျာ"

"အထွန်းတို့က ဒီမှာ ကြာဦးမှာလားဟင်"

"ကြာဦးမှာပေါ့။ ရောက်တာဖြင့် ဘာမှ မကြာသေးဘူး၊ ခုမှ သဘောပျက်ကို လေ့လာနေတုန်း။ လုပ်ငန်းတောင် မစရသေးဘူး"

"နေနိုင်တယ်နော် ဒီလိုနေရာကြီးမှာ"

နှစ် အံ့အားသင့်စွာ မေးမိပါသည်။

"အင်း ပြောရင် ယုံမှာမဟုတ်ဘူး၊ ရောက်ပြီး သုံးလေးရက်က ထမင်းစားလို့မရဘူး၊ မျက်ရည်တောင် ကျတယ်ဗျာ။ ညဆို အိမ်ကို သိပ်သတိရတယ်။ လမ်းထဲက လက်ဖက်ရည်ဆိုင်ကို ဘယ်လိုအောက်မေ့တမ်းတမှန်းလည်း မသိဘူး၊ ဟာနေတယ်"

တခြားလူဆို ယုံချင်မှ ယုံမှာ။ နှစ်ကတော့ သိပ်ယုံသည်။ အပြည့်အဝယုံသည်။ ကိုယ်တိုင်လည်း ရောက်နေခဲ့ပြီ မဟုတ်လား။

ရင်ထဲမှာ အိမ်ကို ပြန်ချင်သည့်စိတ်က အလုံးအရင်းနှင့် အုံဖွဲ့နေသည်။ တောင်ပံတပ်ပြီး ပျံလို့ရရင် ပျံသွားလိုက်ချင်သည်။ သည်နေရာသည် ပတ်ဝန်းကျင်၏ တိတ်ဆိတ်ငြိမ်သက်မှုက ရင်ထဲအထိ ဖောက်ပြီး ချဉ်းနင်းလာသလိုပါ။

ကကယ်ပဲ ညည်းငွေ့စရာကောင်းလှသည်။ ပတ်ဝန်းကျင်ကို ဝေ့ဝဲကြည့်ကာ သီးခြားကမ္ဘာလေးထဲရောက်နေသလို ခံစားအားငယ်မိလေသည်။

ဘယ်နှရက်အထိ နေရဦးမှာပါလိမ့်။

မျက်ရည်တွေ မျက်လုံးအိမ်မှာ ပြည့်လာတော့ ရင်ထဲမှာ မွန်းကြပ်ကာ အသက်ရှူကြပ်လာသည်။ နှစ်မှ ကောင်းကောင်း နေမကောင်းသေးဘဲ။

စိတ်ကိုလျှော့ချထားမိသည်။ ခံစားမှုပြင်းပြင်းကို လူက မခံစားနိုင်သေးပါ။ လက်ဖျားတွေ အေးစက်ကာ တုန်ခိုက်လာသည်။

www.burmeseclassic.com

www.burmeseclassic.com



"ခင်ဗျားနာမည်က..."

"နှစ်ပါ"

"နှစ် ဟုတ်လား"

"ဟုတ်ကဲ့ ခင်နှစ်သက်ပါ"

"သြော် မခင်နှစ်သက်"

သူက တိုးတိုးရေရွတ်ခေါ်ကြည့်သည်။

"တော်တော်နဲ့ သေမှာ မဟုတ်ဘူး၊ သေမင်းက ခင်ဗျားကို လက်မခံဘူးဗျာ။ ဟဲ ဟဲ ဟဲ"

ပြောပုံက နောက်ရွတ်ရွတ်နှင့် နှစ်ပင် ရယ်ချင်လာမိသည်။

"ခင်ဗျားက ဗီဇာတွေ ပတ်(စ်)ပို့တွေ မလုပ်ဘဲ သွားတော့ ဖြန်းစားကြီး ဘယ်ရမလဲဗျ"

မျက်ရည်ဝဲ့နေရာမှ ပြုံးယောင်ယောင် ဖြစ်လာရသည်။

"အလှည့်ကျော်တာကိုး၊ အဲ့ဒီလို ကြားဖြတ်လို့မရဘူး၊ တန်းစီစနစ်လေ၊ အရှေ့မှာ အများကြီးရှိသေးတယ် တကယ့် လူမမာတွေ"

"ရှင် တကယ် နောက်တတ်ပါလားနော်"

"သြော် ဟုတ်တယ်၊ ဟိုမှာ သေမင်းက စာရင်းဇယားတွေ ရှုပ်နေတာ၊ ခင်ဗျားက ရောက်သွားတော့ စိတ်ဆိုးသွားမှာပေါ့။ ခင်ဗျားကို လက်မခံဘဲ ပြန်လွှတ်လိုက်ကာ"

"နှစ်က သွားချင်ပါလိမ့်မယ် အားကြီးကြီး"

နှုတ်ခမ်းလေးနှစ်ခု ဖိကိုက်ကာ မကျေမနပ်ပြန်ပြောမိပါသည်။

"ခင်ဗျား နည်းနည်းပေါ့ပါးနေသာသွားအောင် လျှောက်ပြောရတာပါဗျာ၊ ကျွန်တော် မနောက်တတ်ပါဘူး။ ဒါပေမဲ့ ခင်ဗျားစိတ်ထဲမှာ သိပ်ပြီး မွန်းကြပ်ရှုပ်ထွေးနေမယ်ဆိုတာ သိလို့၊ သတိရရခြင်း ကိုယ့်အိမ် ကိုယ့်မိသားစုကို မြင်ချင်မှာပါ၊ ကျွန်တော်တို့လည်း စိတ်မကောင်းပါဘူး"

သူပြောမှပဲ စောစောက အိုင်ထွန်းနေသော မျက်ရည်တွေ ပါးပေါ်လိမ့်ဆင်းကျလာတော့သည်။

"ဟော်ဗျာ ခင်ဗျား ဝမ်းနည်းမှုကို ပင့်ပေးလိုက်သလို ဖြစ်သွား



www.burmeseclassic.com

www.burmeseclassic.com



ပြီး၊ ဒုက္ခပဲ၊ ဘွားခင် လာပါဦး"

သူက ထူပူပြီး ဘာလုပ်ရမှန်းမသိ ဖြစ်သွား၏။

မောင်ရယ်...

နှစ်တွေ့ချင်လိုက်တာ။

မောင့်ရင်ခွင်ကို မှတ်သိပ်ဆာလောင်စွာ တမ်းတမိသည်။ မောင်ရယ်၊ သမီးလေးရယ်၊ ပြီးတော့ မကာရယ် အနားမှာရှိနေလျှင် ရင်ထဲက ဝေဒနာတွေ တစ်ဝက်မက ပျောက်ကင်းသက်သာသွားမှာပါ။

ခုတော့...

www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၂၂)

"မခင်နှစ်သက်"

ကျို့ကျို့ကလေးထိုင်ကာ ငေးနေသော နှစ်မှာ အထွန်း၏ ခေါ်သံကြောင့် ဆတ်ခနဲ ဖြစ်ရလေသည်။

"ဘာတွေ တွေးပြီး မှိုင်နေတာလဲ။ နှစ်လ သုံးလဆိုတာ ခဏလေးပါ။ ခုတောင် ဘာလိုလိုနဲ့ တစ်လပြည့်ကာနီးပြီ၊ တင်းထားပါဗျ အိမ်ပြန်ရမယ့်နေ့ ရောက်လာမှာပါ"

သူ့အားပေးစကားကို အားမရှိလှစွာ ပြုံးပြပြီး ခေါင်းညိတ်မိပါသည်။

"မစိုးရိမ်ပါနဲ့ဗျာ အားလုံးအဆင်ပြေမှာပါ၊ သင်္ဘောကြုံလာရင် ပြန်ရမှာပဲ၊ စိတ်မပူနဲ့"

အထွန်းက လက်နှစ်ဖက် နောက်မှာ ကွယ်ထားပြီး ဆိုလာ၏။

"ကျွန်တော် ပြစရာရှိတယ်"

"ဟင် ဘာလဲ"

နှစ် စိတ်ဝင်စားသွားရသည်။ စကားပြောဖော် အထွန်းရောက်

www.burmeseclassic.com

www.burmeseclassic.com



ရောက်လာတတ်လို့သာ တော်သေးသည်။ အထီးကျန်လှသော ရက်တွေကို ခြောက်သွေ့စွာ ဖြတ်သန်းနေရသည်။ တစ်နေ့နေ့ ဘာအလုပ်မှလည်း မရှိ။

မောင်နှင့် သမီးလေးဆိုသော စိတ်ကြောင့်သာ ရှင်သန်နေရတာ။ လူက ပုံလဲချင်လောက်အောင်ပင် စိတ်ဓာတ်ကျနေမိ၏။

"ဒီမှာကြည့်"

အထွန်းက အရင်းတုတ်ပြီး အဖျားတဖြည်းဖြည်း သေးသွားသော အမြီးရှည်မာမာကြီး ဖွက်ထားသော လက်ကို ရှေ့ယူကာ မျက်စိရှေ့ပြလာ၏။

"အဲဒါ ဘာလဲဟင်"

"မြင်ဖူးလား"

"ဟင့်အင်း"

တစ်ခါမှ မမြင်ဖူးတာမို့ ယူကြည့်မိသည်။

"ဟွန်း နံလိုက်တာ၊ ညှီလိုက်တာနော်"

"မခင်နှစ်သက်ကိုပြဖို့ လေးလေးဆီက ယူလာခဲ့တာ၊ ငါးလိပ်ကျောက်မြီးတဲ့ သိပြီလား"

"ဟုတ်လား"

ကြာပွတ်ကြီး တစ်ချောင်းလို ရှည်လျားမာကျစ်နေပြီး ညှီနံ့က လက်မှာ စွဲကျန်ရစ်သည်။

"မခင်နှစ်သက် နေဝင်တာ သွားထိုင်ကြည့်ရအောင်"

အဖ ုပ်ဆိုလို့ အဲဒါတစ်ခုပဲရှိသည်။ ညနေ နေဝင်ချိန်ကို ကွန်းပေါ်ကနေ ထိုင်ကြည့်၊ ကြာတော့လည်း စိတ်ပင် မပါချင်တော့။

"မကြည့်ချင်တော့ပါဘူး"

"ဟာ မဟုတ်တာဘဲ မခင်နှစ်သက်ရယ် တောင့်ထားစမ်းပါ ဒါ စိတ်ဓာတ်စာမေးပွဲ ဖြေနေတာ၊ ကျလို့မဖြစ်ဘူး ရှုံးလို့မဖြစ်ဘူး အောင်ကိုအောင်ရမယ်ဆိုတဲ့ မာကျောတဲ့စွဲ ခိုင်မာတဲ့စွဲ ရှိမှဖြစ်မှာ ပြောလို့ မရဘူးလေ"

www.burmeseclassic.com



"စိတ်ညစ်တာတော့ အမှန်ပဲ အထွန်းရယ်"

"လာပါဗျာ နေဝင်ချိန်ကို ထွက်ထိုင်ကြည့်ရအောင်။ ပြီးရင် ကျွန်တော် ဂစ်တာသွားယူပြီး သီချင်းဆိုပြမယ်"

အထွန်းက နှစ်ကို မရမက ခေါ်နေပါသည်။

အားနာတာမို့ နှစ် သူနှင့် ထွက်လိုက်လာခဲ့ပါသည်။

"ကဲ ဘယ်လောက်လှလဲ၊ မျက်စိတဆုံး ရေပြင်ကျယ်ကြီးနဲ့ နေလုံးနီရဲရဲနဲ့ အရမ်းကဗျာဆန်တယ်ဗျ"

အထွန်းမျက်လုံးများက နှစ်ကို စူးစိုက်ကြည့်ကာ နူတ်ခမ်းတွေ ပြုံးလာ၏။

"မခင်နှစ်သက် ရန်ကုန်ပြန်ရောက်ရင် ကျွန်တော့်ကို မေ့သွားမှာ လားဟင်၊ သတိရပါ့မလား"

သူ့အကြည့်တွေမှာ စိုးရိမ်ပူပန်မှုပါသည်။

နှစ် သက်ပြင်း ငွေ့ငွေ့ရှိုက်မိသည်။

"အထွန်းကို နှစ် မမေ့ပါဘူး တကယ်ပါ၊ မေ့နိုင်စရာအဖြစ်မှ မဟုတ်ဘဲ။ ဒါပေမဲ့ နှစ်က အိမ်ထောင်သည်ပါ၊ ကလေးအမေပါ။ နှစ်မှာ ယောက်ျားနဲ့ သမီးလေးနဲ့"

အထွန်းငိုင်ကျသွား၏။ နှစ် အားနာစွာ ပြုံးမိပါသည်။ နှစ်ဘဝမှာ မောင့်တစ်ယောက်တည်းကိုပဲ တစ်သက်လုံး မြတ်နိုးစွာ ချစ်ခွင့်ရပါရစေ။

မောင့်နေရာမှာ ဘယ်သူတစ်ဦးတစ်ယောက်ကိုမှ နှစ် မလိုချင် ပါဘူး။ နှစ်ဘဝဟာ မောင်ပါ။ နှစ်နှလုံးသားဟာ မောင်ပါ။ မောင့် ကြောင့်သာ အသက်ရှင်ချင်နေတာပါ။

"အထွန်း"

"ဗျာ"

"နှစ်မှာ အရမ်းခင်တဲ့ သူငယ်ချင်း 'မကာ' ရှိတယ်၊ သူက သဘောကောင်းတယ်၊ ချောလည်း ချောတယ်"

"အင်း"

နှစ်ကို အထွန်းက ရယ်လိုက်၏။ သူငယ်ချင်းနှင့် သဘောတူ

www.burmeseclassic.com

www.burmeseclassic.com



အောင်သွယ်နေတာ ရယ်စရာပဲ မဟုတ်လား။

"ဘယ်လိုပုံစံလေးလဲ ပြောပါဦး"

"ချောတယ်ဆို ဘယ်လိုပုံစံလည်းလို့ ဘယ်ပြောတတ်ပါ့မလဲ၊ စာရေးဆရာမှ မဟုတ်တာ"

"နည်းနည်းပါးပါးပေါ့ဗျာ၊ ဥပမာ အသားဖြူလား၊ ညိုလား၊ ပိန်လား၊ ပြည့်လား၊ မြင့်လား၊ ပုလား အဲဒါလောက်ပေါ့"

"မသိဘူး၊ မြင်မှ ကြည့်ပေါ့"

"အဟား ဘယ်လိုလုပ်မြင်မှာလဲ၊ ကျွန်တော်က ဒီကျွန်းပေါ်မှာ"

"ရန်ကုန်ကို လာလည်ပေါ့၊ နှစ်ဆီလာလည်လေ"

"နှစ်နဲ့ အတူတူနေလား"

"အင်း"

"ဒါဆို တော်တော်ခင်တာပဲ"

"ဟုတ်တယ်၊ မကာကို အထွန်းနဲ့ဆို သဘောတူတယ်သိလား" ဟု နှစ်က ဝမ်းသာစွာဆိုသည်။

"မခင်နှစ်သက်ရဲ့ သူငယ်ချင်းက ကျွန်တော့်ကို သဘောကျပါ့မလား၊ အပိုပြောနေပြန်ပြီ"

သူ့စကားကြောင့် နှစ် ရယ်မိပါသည်။

"ဒါကတော့ ဖူးစာလည်း လိုတာပေါ့နော်"

အထွန်းက ဂစ်တာယူဖို့ ထထွက်သွားသောအခါ နှစ်တစ်ဦးတည်း ကျန်ရစ်၏။

အိမ်ကို နှစ်အရမ်းသတိရလာသည်။ မောင်နှင့် သမီးလေးနှင့် နွေးထွေးသောမိသားစုကို ပိုင်ပိုင်ပြန်ရဖို့ စိတ်ဓာတ်ခိုင်ခိုင်မာမာနှင့် နှစ်စောင့်နေမိပါသည်။

မသေချင်သေးဘူးမောင်ရယ်။

နှစ်ဘဝလေးကို သိပ်ခင်တွယ်နေမိသေးတယ်။

www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၂၃)

လုံးဝ လုံးဝ တစ်စက်ကလေးမှာ မထင်ထားသောစကားမို့ မကာက ကော်ဖီခွက်ကို မြုန်းခနဲ စားပွဲပေါ်ပြန်ချပြီး မျက်လုံးလေး ဝိုင်းလျက် မော့ကြည့်မိပါသည်။

သဏ္ဍာန်ညိုက စီးကရက်ကို လက်မှာကိုင်ထားပြီး ဆိုဖာကို မှီကာ ခြေချိတ်ထိုင်နေပြီး မကာဆီ မလွှဲတမ်းကြည့်နေ၏။

"မကာ ကျွန်တော့်စကားမှားသွားရင် ခွင့်လွှတ်ပေးပါ"

သူက မကာ လှုပ်လှုပ်ရှားရှား ဖြစ်သွားတာကို ကြည့်ပြီး ကြိုတင်တောင်းပန်လိုက်၏။

"မကာကို ကျွန်တော် လက်ထပ်ပါရစေ"ဟု ရုတ်တရက် ပြောချလာတာမို့ သည်လောက်တော့ မူပျက်တုန်လုပ်မှာပေါ့။

ပြီးတော့ သည်လောက် မြန်မြန်ဆန်ဆန် ပြောလာလိမ့်မည်ဟု လုံးဝမထင်။ သဏ္ဍာန်ညိုသည် လက်တွေ့ကျပြီး ပြတ်သားသော ယောကျ်ားတစ်ယောက်ပါလား။ ဆုံးဖြတ်ချက်က တိကျမြန်ဆန်သည်။ အချိန်မဆွဲ။

www.burmeseclassic.com

www.burmeseclassic.com


"အခုဆို နှစ်မရှိတော့ဘူး"

သူက တစ်ခွန်းချင်းဆိုလာပါသည်။ သူ့လေသံက ငြိမ်သက်နေသော ရေပြင်လို တည်တံ့အင်အားရှိသည်။

"မကာရယ် ကျွန်တော်ရယ် သမီးလေးရယ် သုံးယောက်ပဲ ရှိတယ်၊ ကျွန်တော်တို့မှာ ဆွေမျိုးလည်း ရန်ကုန်မှာ မရှိကြဘူး၊ ဘာမှမတော်တဲ့ လူသုံးယောက် ဘယ်လောက်ကြာကြာ အတူတူ ရပ်တည်နေထိုင်သွားမလဲ၊ သမီးလေး တာဝန်ကလည်း မကာအပေါ်ပဲ လုံးဝကျရောက်နေပြီ၊ ပြီးတော့ ပတ်ဝန်းကျင်က ရှိသေးတယ်၊ မကာ ဒါဝမကာ ဒီလိုပဲ တစ်သက်လုံး ကျွန်တော်တို့ သားအဖနဲ့ နေသွားမှာလား"

မကာက မျက်လွှာချထားပြီး ပင့်သက်ရှိုက်သည်။

"နှစ်မရှိတော့တဲ့ နောက်မှာ ကျွန်တော် တစ်ယောက်တည်း ဒီကလေးပေါက်စနလေးကို မစောင့်ရှောက်နိုင်ဘူး"

"ပြီးတော့ ကျွန်တော်အစောကြီးကတည်းက မကာကို အရင်ရွေးခဲ့တာပါ၊ မကာက အေးတိအေးစက်နဲ့ဆိုတော့ ကျွန်တော့်ကို မချစ်ဘူးဘဲထင်ခဲ့တယ်၊ နှစ်ကိုလည်း ကျွန်တော် ဆုံးဖြတ်ချက်ခိုင်ခိုင်နဲ့ ရွေးခဲ့တာပါ။ နှစ်နဲ့ ချစ်သူတွေ ဖြစ်ပြီးမှ မကာစိတ်ကို ကျွန်တော် နားလည်ခဲ့တယ်"

သူ့စကားများကြောင့် မကာ မျက်နှာလေး ထူအမ်းနွေးတက်လာရပါသည်။ ရှက်စိတ်နှင့် ခေါင်းငုံ့မိသည်။

"မကာလည်း ကျွန်တော့်ကို ဟိုးကတည်းက ချစ်ခဲ့တယ်ဆိုတာ ကျွန်တော်သိလာတယ်။ ဒါပေမဲ့ ကျွန်တော်က နှစ်ကိုပဲ ချစ်သူဖြစ်နေပြီးသားမို့ ပိုချစ်ခဲ့ပါတယ်၊ မကာကလည်း နှစ်အပေါ် သူငယ်ချင်းကောင်းပီသစွာနဲ့ပဲ နှစ်ယောက်စလုံး ထိန်းချုပ်သစ္စာရှိခဲ့ကြတာပဲ မဟုတ်လား၊ ဒီတော့ နှစ်သေဆုံးပြီးသွားတဲ့နောက်မှာတော့ မကာကို ကျွန်တော် လက်မလွှတ်ချင်ဘူး၊ မဆုံးရှုံးပါရစေနဲ့ မကာလက်ခံပါ။ ကျွန်တော်နဲ့ လက်ထပ်ပါ။ ကျွန်တော့်ဘဝအတွက် သမီးလေးအတွက် မကာပဲ တကယ် အလိုအပ်ဆုံးပါ"

ရိုးရှင်းပွင့်လင်းစွာ တောင်းဆိုလာ၏။



www.burmeseclassic.com

www.burmeseclassic.com


"မကာ စဉ်းစားပါရစေ"

"ကျွန်တော်ကို တမင်အချိန်ဆွဲတာလားဟင်"

မယုံမရဲမေးလာ၏။ သူက ဘာပဲဖြစ်ဖြစ် လူပျိုလူလွတ် မဟုတ်။ ကလေးတစ်ယောက်အဖေ။ မကာ သူ့ကို လက်ခံပါ့မလား တွေးပူမိပါသည်။ သူစိတ်ထဲတွင် မျှော်လင့်ချက် နည်းပါးလာ၏။ မကာက နှစ်ကို ရွေးခဲ့သော သူ့အပေါ် နာကျင်မုန်းမျက်ခဲ့လေသလား။ ကလေးအဖေ တစ်ယောက်မို့ လက်ထပ်ချင်စိတ်မှ ရှိရဲ့လား။

"စဉ်းစားစရာ ဘာတွေ ရှိသေးလို့လဲ"

သူစိတ်တထင့်ထင့်နှင့် မေးမိပါသည်။

"ဘာပဲဖြစ်ဖြစ်ပေါ့ မကာက ချက်ချင်းကြီး မဆုံးဖြတ်တတ်ဘူး။ စဉ်းစားဖို့ အချိန်နည်းနည်းတော့ပေးပါ ကိုသဏ္ဌာန်ညို"

စတွေ့ကတည်းက ချစ်ခဲ့ရသော ယောကျ်ား။

နှစ်နှင့်ချီပြီး တိတ်တိတ်ကလေးချစ်ခဲ့ရသော ယောကျ်ား။

ထိုယောကျ်ားက လက်ထပ်ခွင့်တောင်းလာတော့လည်း ငိုချင်တာတစ်ဝက်၊ ရယ်ချင်တာတစ်ဝက်နှင့် စိတ်ထဲမှာ ဝမ်းသာဝမ်းနည်း ဖြစ်ကာ ဘယ်လိုကြီးမှန်းမသိ။

သူကတော့ ကိုယ့်ရှေ့မှာတင် အိမ်ထောင်သည်တဝ တည်ဆောက်ကာ သမီးလေးတစ်ယောက်ပင် ရရှိခဲ့သည်။

သူရွေးချယ်ခဲ့တာလည်း သိပ်ချစ်ရသော သူငယ်ချင်းမို့ အပြစ်လည်း မယူရက်ပေ။ သူတို့နှစ်ယောက်သည် မကာ အချစ်ဆုံးနှင့် မကာ အခင်ဆုံးပဲ မဟုတ်လား။

သူတို့နှစ်ယောက်ဘေးမှာ အေးစက်စက် ထုံကျင်ကျင်နေခဲ့ရင်း မပျော်တလှည့် ပျော်တလှည့်နှင့်ပဲ နောက်ထပ် သံယောဇဉ်ပိုစရာ သမီးလေး ရောက်ရှိလာခဲ့ပါသည်။

ကိုယ်က အသက်လောက် မြတ်နိုးခဲ့ရသော ချစ်သူနှင့် ကိုယ့် အခင်ဆုံးသူငယ်ချင်းလေး၏ ကလေးကို သမီးအရင်းလေးလိုပဲ ကိုယ်ချစ်ခဲ့ပါသည်။

www.burmeseclassic.com

www.burmeseclassic.com


နှစ်တစ်ယောက် ဒီလောက်မြန်မြန် အားလုံးကို ထားရစ်ခဲ့လိမ့်မည်ဟုလည်း မထင်ခဲ့ပါ။ ချောက်ချားကြေကွဲစရာကြီးကို မကာ သတိလစ်မတတ် ခံစားခဲ့ရပါသည်။

ကိုသဏ္ဌာန်ညို့ကို နှစ်တို့သားအမိ လက်ထဲက လုယူဖို့သည် တစ်သက်မစဉ်းစားခဲ့ပါ။ ကိုယ့်ရင်ထဲက ခံစားချက်တွေကို မျိုသိပ် သိမ်းဆည်းပြီး ဟန်မပျက်နေသွားဖို့ပဲ ကြိုးစားခဲ့ပါသည်။

မကာမှာ ဘယ်လို မျှော်လင့်ချက်တစ်စုံတစ်ရာမှလည်း မရှိခဲ့ပါ။ သူ့အလိုလို ဖြစ်လာသော အခြေအနေမှာ အံ့သြစရာကောင်းသည်။ ကိုသဏ္ဌာန်ညို့ကို မကာ ငြင်းသင့်သလား၊ လက်ခံသင့်သလား မဆုံးဖြတ်တတ်သေးပါ။

ဘာမှ မတော်သော လူသုံးယောက်မို့ ရှေ့ရှည်မှာ အဆင်မပြေနိုင်တာ သိပ်သေချာသည်။ ပြီးတော့ မကာက သမီးလေးနှင့် မခွဲနိုင်။ ကိုသဏ္ဌာန်ညို့နှင့်လည်း မခွဲနိုင်ပါ။

နှစ်ရယ်

မကာမှာ ဘာလုပ်ရမလဲ။

ကိုသဏ္ဌာန်ညို့ကို လက်ထပ်ရင် နှစ် ခွင့်လွှတ်မှာလားဟင်။

နှစ် အပြစ်မတင်ပါဘူးနော်။

နှစ် သဘောတူပါ့မလား။ မကာက လက်မခံလို့ အခြားမိန်းကလေးတစ်ယောက်ကို ရွေးခဲ့ရင် သမီးလေးအပေါ် မကာလောက်ကောင်းပါ့မလား။

"မကာ"

"ရှင်"

"ဒီလောက် တွေးစရာ ဖြစ်နေပြီလား"

သူ့အကြည့်တွေမှာ ကြေကွဲခြင်းနှင့်အတူ နောင်တပါ မြင်ရသည်။

"မဟုတ်ပါဘူး မကာလေ..."

အသံတိမ်ဝင်ပြီး မျက်ရည်ဝေ့တက်လာ၏။

"ကိုသဏ္ဌာန်ညို့ကို မကာ အစောကြီးကတည်းက မြတ်နိုးခဲ့ရတာ

www.burmeseclassic.com



ဟုတ်ပါတယ်။ သမီးလေးကိုလည်း မကာ မခွဲချင်ပါဘူး။ ဒါပေမဲ့"

"ဘာ ဒါပေမဲ့လဲ၊ ပြောလေ"

"နှစ် နှစ် ကျေနပ်ပါ့မလားဟင်၊ နှစ်အပေါ်တရားရဲ့လား၊ နှစ်ဆုံးသွားတာ နှစ်လပဲရှိပါသေးတယ်"

"မကာရယ်"

သဏ္ဌာန်ညိုက မကာကို စူးစိုက်ကြည့်ကာ ဆက်ပြောစရာစကားပင် ရှာမတွေ့နိုင်အောင် ငိုင်ကျသွားရ၏။

"တခြားတစ်ယောက်နဲ့လည်း ကိုသဏ္ဌာန်ညိုတို့ သားအဖကို စိတ်မချဘူး။ ပြီးတော့ မကာစိတ်ထဲမှာ လေးနေတယ်၊ နှစ် ကျေနပ်ပါ့မလားဟင်၊ နှစ် သဘောတူပါ့မလား"

"နှစ်မှ မရှိတော့ဘဲ၊ နှစ်က ကျွန်တော်တို့ သားအဖကို ထားရစ်ခဲ့ပြီပဲ မကာရယ်၊ မကာကပဲ ဆက်ပြီး ပြုစုစောင့်ရှောက် ကြင်နာဖို့ လိုတာပါ"

မကာက ငြိမ်ငြိမ်ကလေး ထိုင်နေကာ စကားသံထွက်မလာတော့။

"ဒီတိုက်ခန်းတွေကလည်း နှစ်ချုပ် ပြည့်တော့မယ်၊ ကျွန်တော်တို့ လက်မှတ်ထိုး လက်ထပ်ပြီး အခန်းသစ် တခါတည်းရှာရအောင်၊ ဝယ်လိုက်တာပဲ ပိုကောင်းမယ်။ မကာ သဘောကရော"

သူက စိတ်အေးသွားသလို တိုင်ပင်လာ၏။

"ကိုသဏ္ဌာန်ညိုသဘောပါ၊ ဝယ်ရင်လည်း နှစ်လှာဆို ပိုကောင်းတာပေါ့နော်၊ နေရတာ ပိုကျယ်တာပေါ့"

မကာက ဖြစ်ချင်တာလေးကို ဖြည့်စွက်ပြောလာသည်။

"မကာက ကျွန်တော့်ကို လက်ခံပြီနော်"

"အင်း"

မကာ ခေါင်းလေးညိတ်ပြသည်။ သဏ္ဌာန်ညို နှုတ်ခမ်းလှေ့ ပြုံးသွား၏။ သူ သည်လို အားပါးတရ မပြုံးခဲ့တာပင် ကြာပါပြီ။

"အိမ်ပြောင်းပြီးမှ လက်ထပ်မယ်နော်"



www.burmeseclassic.com

www.burmeseclassic.com


"ဟင်"

"ဒီအခန်းလေးမှာတော့ နှစ်အတွက် ကြေကွဲခြင်းအထိမ်းအမှတ် အနေနဲ့ ကိုသဏ္ဍာန်ညို တစ်ယောက်တည်းပဲ နေပေးလိုက်ပါ။ မကာလည်း ဟိုဘက်ခန်းမှာ တစ်ယောက်တည်း နေပါရစေ။ နှစ်အတွက်ပေါ့"

"အိုကေ ကိုယ်သဘောတူပါတယ်"

သဏ္ဍာန်ညိုက မကာ ဆန္ဒကို ခေါင်းညိတ်လက်ခံ၏။ အရိပ်တွေက ယှဉ်တွဲကပ်ငြိမြင်ယောင် နေရပါသည်။

"ကိုယ်တို့ သဘောတူညီမှုရတဲ့ အထိမ်းအမှတ် ဘုရားသွားရအောင်နော်။ နှစ်အတွက်လည်း ဆုတောင်းပေးရင်းနဲ့ပေါ့"

"အင်း"

မကာက ကော်ဖီခွက်လေး ကောက်ယူပြီး သမီးလေးရှိရာ သူ့အခန်းဘက် ပြန်ဖို့ ပြင်သည်။

"သမီးနိုးပြီလား မသိဘူး"

သဏ္ဍာန်ညိုက ကျေနပ်စွာ ပြုံး၏။

မကာလက်ကလေးကို ဖျတ်ခနဲ ဆွဲယူပြီး ဖမ်းဆုပ်ထားမိသည်။

မကာက ချက်ချင်းပဲ ရုန်းလိုက်၏။

"စောစောက သဘောတူပြီးသားနော်"

"အင်း၊ ကိုယ် ကတိမဖျက်တတ်ပါဘူး စိတ်ချ"

မကာက သူ့ကို မော့မော့ကလေး ကြည့်မိသည်။ တကယ်ဆို ရင်ထဲမှာ ပင်ပန်းလစ်ဟာပြီး မောလွန်းလို့ သူ့ရင်ခွင်မှာ မှီချမှေးအိပ်ချင်ပါပြီ။

သို့ပေမယ့် မကာ အာရုံထဲမှာ နှစ်အရိပ်တွေ ရှင်သန်နေသေးသည်။ အထူးသဖြင့် သည်အခန်းလေးထဲမှာ...။

"တိုက်ခန်းရှာပြီး ပြောင်းရအောင်နော်၊ မကာလည်း သိမ်းဆည်းစရာတွေ သိမ်းဆည်းထားပေါ့၊ မြန်လေကောင်းလေပဲ၊ ပြီးရင် ကိုယ်က နိုင်ငံခြားသွားရဦးမှာ၊ မကာကို လက်ထပ်ခဲ့ချင်တယ်"

"အင်းပါ မကာ နားလည်ပါတယ်"



www.burmeseclassic.com

www.burmeseclassic.com

သဏ္ဍာန်ညိုက မကာလက်ဖျားလေးကို မလွှတ်ချင် လွှတ်ချင် လွှတ်ပေးလိုက်ရပါသည်။ ဘာဖြစ်လို့ပါလိမ့်၊ မကာကို နှစ်လိုပဲ သူ့စိတ်ထဲမှာ အောင့်မေ့နေမိသည်။ ရင်းနှီးနေမိသည်။ နည်းနည်းကလေးမှ စိမ်းမနေ။

မကာကိုလည်း သူ သိပ်ချစ်ရပါသည်။

"မကာ"

"ဟင်"

"ဘုရားသွားမှာ မေ့မနေနဲ့ဦး"

"ဘာစားချင်လဲဟင်၊ ဈေးသွားမလားလို့"

"ဟာ မလုပ်ပါနဲ့ အပြင်မှာပဲ စားကြတာပေါ့"

"အင်း"

သဏ္ဍာန်ညိုက မကာကို တံခါးပေါက်အထိ လိုက်ပို့သည်။ မျက်နှာချင်းဆိုင်အခန်းထဲ ဝင်သွားတာကို တံခါးဘောင်မှီကာ ရပ်ငေးနေမိသည်။

မျက်စိအောက်က အပျောက်မခံချင်ပါ။

နှစ်က ရုတ်တရက်ကြီး သူ့ရင်ခွင်ထဲက ပျောက်ဆုံးသွားသောအခါ မကာကို သူပိုပြီး စိုးရိမ်ရှုံးသွပ်နေပါသည်။ စိတ်မချခြင်းတွေ ရင်ထဲလျှံတက်နေသည်။

မကာက သမီးလေးကို မွေ့ချီပြီး ပြန်ထွက်လာချိန်အထိ သူ တံခါးဝမှာ ရပ်နေမိတုန်း။ မကာက သမီးလေးကို သူ့ဆီ လာပေးသည်။

"ခဏထိန်းပေးထားနော်၊ မကာ အဝတ်အစားလဲမယ်၊ သမီးလေးအတွက် နို့ဘူးဖျော်ရဦးမယ်၊ မီးလေး ဆာနေပြီလား၊ နှစ်နဲ့တူတာကိုသဏ္ဍာန်ညိုရဲ့ မိုးလင်းတာနဲ့ ဗိုက်ဆာတတ်တယ်၊ နေဦးနော် တီတီကာကာ ချက်ချင်းဖျော်လာခဲ့မယ်၊ ဟုတ်ပြီလား"

သူ့ကိုယ်သူ 'တီတီကာကာ' တဲ့၊ ပြောပုံလေးက ရယ်ချင်စရာ၊ နှစ်ဆို အမြဲလှောင်ရယ်နေကြပါ။

သေချာတာကတော့ သူတို့ဘဝထဲမှာ နှစ်က အမြဲနေရာယူ


www.burmeseclassic.com

www.burmeseclassic.com



ရှင်သန်နေဦးမှာပါပဲ။ မေ့ပျောက်သွားမှာ မဟုတ်။ သွေးအေးသွားမှာ မဟုတ်။

မကာက သဏ္ဍာန်ညှို့နှင့် အင်မတန်ဆင်တူသော သမီးလေး၏ လက်ရှည်ရှည်သွယ်သွယ်လေးကို ဖွဖွဆုပ်ညှစ်ကာ နှစ်နှင့် အင်မတန်တူသော သမီးလေး၏ မျက်လုံးလက်လက်ကလေးများကို နဖူးချင်းတိုက်ကာ ဆုံကြည့်မိပါသည်။

"ဟွန့် အသည်းယားလာပြီ ကိုက်စားမိတော့မယ်နော်"

သဏ္ဍာန်ညှို့ လက်ပေါ်က ကလေးကို မျိုးစုံပြောကာ ကျီဆယ်နေ၏။ တစ်ခုခုဆို တော်တော်နှင့် မပြီးနိုင်တာ ကလေးနားမှာ ရစ်သီရစ်သီနှင့် ချစ်မဝဖြစ်နေလို့ပါပဲ။

မကာရှိနေတာ သမီးလေးလည်း ကံကောင်းလှပါသည်။

www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၂၄)

ဖုန်းမြည်သံကြောင့် သမီးလေးကို ပုခက်လွှဲပေးရင်း သီချင်းတိုးတိုးညည်းနေမိတာကလေး ရပ်တန့်သွားရသည်။

ကိုသဏ္ဍာန်ညို မရှိတော့ မကာမှာ သမီးလေးကို အဖော်ပြုရင်း အရမ်းအားငယ် လွမ်းဆွတ်မိပါသည်။

သူ့ဆီက ဖုန်းကို မျှော်ရတာ၊ ဖုန်းပြောရင်း မျက်ရည်ကျမိတာ နေ့စဉ်လိုလိုပါပဲ။ သည် CDMA ဖုန်းလေးကို ဝယ်တုန်းက သိပ်သဘောမကျခဲ့ပေမယ့်၊ ခုတော့ သည်ဖုန်းသံသည် မကာအတွက် ကြည်နူးစရာအကောင်းဆုံး ဂီတသံလို ဖြစ်နေရပြီ။

ဖုန်းမြည်သံလေးကိုပဲ ကိုသဏ္ဍာန်ညို ခေါ်သံလို ထင်မှတ်မှားပြီး ရင်ခုန်ကြည်နူးရပါသည်။

သူကလည်း မကာစိတ်ကို သိသည်။ ခံစားချက်ကို နားလည်သည်။ တမ်းတစိတ်ကို စာနာတတ်သူပါ။

''မကာရယ် သတိပဲရပါ၊ မလွမ်းပါနဲ့''ဟု ဆိုတတ်ပါသည်။ ''လွမ်းတယ်ဆိုတာ နှလုံးသားကို ထိခိုက်စေတယ်''တဲ့။

www.burmeseclassic.com

www.burmeseclassic.com



ဘာပဲဖြစ်ဖြစ် ညည့်ဆို သမီးလေးကို ဖက်ထွေးထားပြီး တိတ်တိတ်ကလေး ငိုမိတာပါပဲ။ သတိရတာလား လွမ်းတာလားဆိုတာတော့ ခွဲခြားမသိပါ။

အဆက်မပြတ် မြည်နေသော ဖုန်းသံကြောင့် မကာက ဖုန်းရှိရာ ဧည့်ခန်းစားပွဲလေးဆီ လျှောက်လာခဲ့ပါသည်။

သမီးလေးက သိပ်လိမ္မာသည်။ သိပ်အေးသည်။ သူ့ကို ထားပြီး လုပ်စရာတွေ လျှောက်လုပ်နေလည်း မငိုတတ်ပါ။

ရင်ထဲမှာ သနားမှုပိုရသည်။ အားတာနှင့် သမီးလေးကို ပုခက်ထဲက ကောက်ယူချီထားမိသည်။

သမီးလေးကို ရင်ခွင်ထဲထွေးထားရတာ သိပ်နွေးသည်။ အားရှိစေပါသည်။ ကိုသက်ကျော်နှင့်ညီမျှရော နှစ်ရော အနားမှာ ရှိနေသလိုပဲ အောက်မေ့မိပါသည်။

"မိငယ်ရေ မိငယ်"

"ရှင်"

"သမီးလေးကို ကြည့်ဦး။ ဖုန်းလာနေလို့"

အဖော်ရအောင် ခေါ်ထားသော ကောင်မလေးကို မီးဖိုချောင်ဘက် လှမ်းအော်ရသေးသည်။

"ဟယ်လို"

ထူးလိုက်မိပေမယ့် သည်အချိန်သည် ကိုသက်ကျော်ဆီက ဖုန်းမဟုတ်တာ သိနေပါသည်။

"ဟော့ မကာ"

"ဟင်"

မကာရင်ထဲမှာ ဝုန်းခနဲ ဖြစ်သည်။ တစ်ခုခုပေါက်ကွဲသွားသလိုပါပဲ။ သည်လို တရင်းတနှီးခေါ်တတ်တာ နှစ် နှစ်ပါပဲ။

မဟုတ်ပါဘူး နှစ်မှ မရှိတော့တာဘဲ။

မကာ ဇဝေဇဝါဖြစ်သွား၏။

နှစ်အသံနှင့် ဆင်လွန်းလှပါလား။ ဘယ်သူပါလိမ့်။

www.burmeseclassic.com

www.burmeseclassic.com



"မကာ နှစ်ပါ"

ထပ်တစ်ခွန်းဆိုလာတာမို့ မကာ လည်ချောင်းတစ်လျှောက် ခြောက်သွေ့ကာ လက်ဖျားတွေ အေးစက်သွား၏။

မကာကို တစ်ယောက်ယောက် စနေတာများလား။ ဘယ်သူကမှ ခုလို စမှာတော့ မဟုတ်။

နှစ်တဲ့ ဘယ်လိုဖြစ်နိုင်မှာလဲ။

မျက်လုံးပြူးကာ လူတစ်ကိုယ်လုံး တောင့်တင်းသွားရသည်။ နောက်တော့မှ ဖျက်ခနဲ သတိဝင်ပြီး ဘုရားစာတွေ ရွတ်မိ၏။ စိတ်ထဲက ရွတ်မိတာပါ။ ဖုန်းခွက်ကို အသာပြန်တင်သည်။

နှစ်အတွက် တစ်ခုခု အလှူအတန်း လုပ်ပေးသင့်သည်။

နှစ် ဘာပြောချင်တာပါလိမ့်။

ဖုန်းသံက ပြန်မြည်လာသည်။ မကာ ထိတ်ခနဲ ဖြစ်၏။

"မိငယ်"

မိငယ်ကို လှမ်းခေါ်ပြီး ဖုန်းကိုင်စေသည်။

"ဟုတ်ပါတယ်၊ ဟုတ်ကဲ့ ရှိပါတယ်၊ ဘယ်သူလဲဟင်"

မိငယ်ကလည်း သေချာမေးပါသည်။ ဖုန်းခွက်ကို မကာဆီ ပေးလျက်...

"မကာ့ မမနှစ်တဲ့"

"ဟင်"

ဖုန်းခွက်ကို ဆတ်ခနဲ ဆွဲယူမိပါသည်။

"ဟယ်လို နှစ်လား၊ အမျှမျှ နှစ်ဘာပြောချင်လို့လဲဟင်၊ မကာ ဘာလုပ်ပေးရမလဲဟင်"

နှစ်ဆီမှ ရင်းနှီးကျွမ်းမိနေသော ရယ်သံလေး ထွက်လာ၏။

"မကာရယ် နှစ်မသေပါဘူး"

နှစ်စကားကြောင့် မကာ ပိုပြီး တုန်လှုပ်သွားရသည်။

"အခု နှစ် ရန်ကုန်ရောက်နေပြီ။ မောင့်ရုံးကို ဖုန်းဆက်တော့ အိမ်ပြောင်းသွားတယ်ဆိုတာရယ်၊ မောင် နိုင်ငံခြား ခဏသွားနေတယ်

www.burmeseclassic.com

www.burmeseclassic.com



ဆိုတာရယ်၊ ပြီးတော့ ဒီဖုန်းနံပါတ်ရယ် ပေးလိုက်တာ။ မကာ သမီးလေး နေကောင်းရဲ့လားဟင်၊ နှစ်သမီးလေးကို သိပ်လွမ်းတယ်၊ နှစ်ကိုလာကြိုပါ နှစ်အကြောင်းတွေ စုံစုံစေ့စေ့ ရှင်းပြပါ့မယ်''

ဘုရား ဘုရား...

မကာခေါင်းထဲမှာ မိုက်ခနဲ ဖြစ်ရပါသည်။

နှစ်တကယ်ပဲ မသေဘူးလား၊ အသက်ရှင်နေတုန်းလား။

ဒါတကယ်လား။

''မကာ မေမေဆုံးသွားပြီလားဟင် ပြောပါဦး''

''ဟင်...ဆုံးသွားပြီ''

''အရမ်းအံ့သြနေလား၊ မောင်သိရင် ဘယ်လိုနေမလဲ ဆိုပြီး မောင့်ရုံးကို အရင်ဆက်လိုက်တာ။ မောင် အံ့သြစမ်းသာသွားအောင် မောင်က မရှိဘူး၊ နှစ် မောင့်ကိုလည်း သတိရတယ်၊ မကာကိုလည်း သတိရတယ်၊ နှစ်ကို ခုပဲလာခေါ်ပါ''

''အင်း လာခေါ်မယ်လေ၊ နှစ်ဘယ်မှာလဲ''

''သဘော်ဆိပ်မှာ နှစ်စောင့်နေမယ်၊ ခုလာနော် သမီးလေးကို ခေါ်လာမလား၊ ကား ဖြည်းဖြည်းမောင်းနော်''

''အင်းပါ နှစ်ရယ်''

အသက်ရှူကျပ်သလိုပင် ဖြစ်လာတာမို့ မကာ ပင့်သက်ရှည်ကြီး ဆွဲရှိုက်မိပါသည်။ ဖုန်းချပြီးသောအခါ ရင်ထဲမှာ ကတုန်ကယင်ကြီး ဖြစ်ကာ နေလို့ မကောင်းတာကို သတိထားမိသည်။

နှစ်ရယ် ဖြစ်မှ ဖြစ်ရလေ။

မကာတို့ ဘယ်လိုလုပ်ကြမလဲ။ မကာနဲ့ ကိုသဏ္ဍာန်ညိုက အိုး...ဖြစ်ချင်ရာဖြစ် နှစ်ကို ခုပဲ သွားကြိုတော့မယ်။

နှစ်သမီးလေးကို မိခင်ရင်းရင်ခွင်မှာ နွေးထွေးစေချင်သည်။

''မိငယ် လာဦး၊ အပေါ်ထပ်ကို ဒီခုတင်ရွှေ့၊ အားလုံးအသင့်ဖြစ် ရအောင် မိငယ်နဲ့ မကာ အပေါ်ထပ်မှာ အတူတူနေကြမယ်၊ သမီးလေး အမေ ခရီးသွားတာပြန်လာပြီ၊ မကြာခင် သမီးလေးအမေလည်း ရောက်

www.burmeseclassic.com

www.burmeseclassic.com



လာမှာ တို့နှစ်ယောက် အပေါ်တစ်လွှာမှာ နေရအောင်၊ ပြောင် ဒီအဝတ် ဒီရှိပါ အပေါ်ထပ်ပို့ နေဦး မကော အဝတ်အစားတွေအားလုံး အပေါ်သယ်မယ်၊ ဘာမှ မကျန်စေနဲ့နော်"

"ဟုတ်ကဲ့"

မိငယ်က ကြောင်နနနှင့် ခေါင်းညိတ်သည်။

သမီးလေးအမေတဲ့။

မြင်တွေ့နေရတာတော့ သမီးလေအမေက မကောပါပဲ။

"သွားတော့လေ ကြာလို့ မရဘူး၊ မကောပါ ဝိုင်းကူပေးမယ်"

ရှည်ရှည်ဝေးဝေး တွေးမနေတော့ဘဲ မကောက ကပျာကယာ ထပြီး စီစဉ်သည်။ ဘာတစ်ခုမှ နှစ်မသိစေရပါ။

နှစ်ခရီးထွက်သွားစဉ်က အတိုင်းပဲ ဖြစ်စေရမည်။ ကြည့်ရတာ နှစ် ဘာမှ သိပုံမရသေးပါ။ ကိုသဏ္ဍာန့်ရုံးကလည်း ဖုန်းနံပါတ် ပေးလိုက်သည်။ မကောနှင့် ကိုသဏ္ဍာန် လက်ထပ်ထားတာကို အထူးတလည် အရေးလုပ် ပြောပြလိုက်ပုံမရ။ ဖုန်းဆက်တာ နှစ်မှန်းလည်း သိမှာမဟုတ်။ မကော ကံကောင်းသည့်အချက်ပါပဲ။

ကိုသဏ္ဍာန်ရယ်…

မကောအဖြစ်က ဆိုးလှပါလား။ နံရံကပ် ဗီရိုထဲက အင်္ကျီတွေ သွက်သွက်ထုတ်ယူရင်း မျက်ရည်က ပါးပြင်ပေါ် ဒလဟော ကျလာသည်။

ရင်ထဲမှာ နာကျင်လွန်းလို့ပါ။ မကော သိပ်မှားသွားပြီ။

ကိုသဏ္ဍာန်ညီနှင့် ဖြုန်းစားကြီး လက်ထပ်လိုက်မိတာ အကြီးအကျယ်မှားသည်။

သည်အိမ်၊ သည်ယောကျာ်း၊ သည်သမီးလေးသည် နှစ်၏ဘဝ နှစ်၏ကမ္ဘာ။ မကောက ဘေးလူပါ။

မျက်တွေ သုတ်လိုက် အဝတ်အစားတွေ အသုံးအဆောင်ပစ္စည်းတွေ လှေခါးကနေ သယ်နေသော မကောကို မိငယ်က နားမလည်နိုင်သော မျက်လုံးများနှင့် ကြည့်သည်။

"ကျန်တာတွေ မှာခဲ့မယ်၊ မှာခဲ့တဲ့အတိုင်း လုပ်လိုက်နော်

www.burmeseclassic.com

www.burmeseclassic.com


ကြားလား၊ မကာ သွားစရာရှိသေးတယ်''

နှစ်ကတော့ ကြာလိုက်တာဟု ထင်နေမလားမသိပါ။

''စောစောက ဖုန်းဆက်တဲ့ သမီးလေးအမေက နှစ်နော်၊ မမ နှစ်တဲ့ မှတ်ထားဦး၊ သူ ထပ်ဖုန်းဆက်ရင် သမီးလေးနဲ့ မကာ ထွက်သွားပြီလို့ လာကြိုနေပြီလို့ပြော၊ ကြားလား''

''ဟုတ်ကဲ့''

မိငယ်ကို သေချာမှာထားခဲ့ပြီး သမီးလေးနှင့် မကာ ထွက်လာခဲ့ပါသည်။ မိငယ်ကို သေချာမှာခဲ့ကာ တက်စီနှင့်ပဲ လာခဲ့၏။

ကိုသဏ္ဌာန်ညို့ကုမ္ပဏီကို အရင်ဝင်လိုက်သည်။

ဒါဟာ မကာအတွက် အရေးကြီးဆုံးကိစ္စပါ။

''မကာ သိပ်အရေးကြီးလို့ ကိုသဏ္ဌာန်ညို့ဆီ ဖက်(စ်)တစ်စောင် ပို့ပေးစေချင်ပါတယ်''ဟု အကူအညီတောင်းလိုက်သည်။

အစစအရာရာ မကာက ဦးအောင် လိုက်စီစဉ်ရပါတော့မည်။ ကိုသဏ္ဌာန်ညိုနှင့် မကာ လက်ထပ်လိုက်တာကို နှစ်မသိစေရပါ။

ရင်ထဲမှာ မောနေသည်။ မောတာမှ မွန်းကြပ်ဆို့နစ်ပြီး မောနေတာ။ တစ်ကိုယ်လုံး အင်အားချိနဲ့ကာ ယိုင်ကျချင်နေပြီ။

''ရပြီ မမပြောပါ၊ ဘယ်လိုပို့ချင်တာလဲ''

ကိုသဏ္ဌာန်ညို့ကုမ္ပဏီက မကာကို ချက်ချင်းပဲ ကူညီပါသည်။ မကာက ဖက်(စ်)အတွက် ကွန်ပျူတာရှေ့က ကောင်မလေးကို ပြောပြသည်။ မကာကိုကြည့်ပြီး...

''မမ စိတ်အေးအေးထားပါ၊ အဆင်ပြေသွားမှာပါ''ဟု စိတ်ပူလောကြီးနေသော မကာကို အားပေးရှာ၏။

''ကျေးဇူးပါပဲ''

''ရပြီ အစ်မပြော''

မကာက စိတ်အေးအေးထားပြီး ပြောပြလိုက်၏။

ကိုသဏ္ဌာန်...

နှစ် ပြန်ရောက်လာပြီ။ မကာတို့ အရင်လိုပဲ သဘောထား


www.burmeseclassic.com

www.burmeseclassic.com

လိုက်ကြအောင်နော်၊ အစစအရာရာ ပိရိ သတိရှိပါ။

(မကာ)

နှစ်၏ သတင်းကို မကာက ချက်ချင်းပဲ သဏ္ဌာန်ညို့ဆီ ဖက်(စ်)နှင့် ပို့ပေးလိုက်ပါသည်။

ပြီးမှ နှစ်ကိုကြို့ဖို့ ထွက်လာခဲ့၏။

စိတ်ထဲမှာ ပင်ပန်းနေသည်။

မိုင်ပေါင်းထောင်ချီ ခရီးနှင်လာသလို နွမ်းဟာလှိုက်ဝေနေသည်။

ရက်စက်လိုက်တာ။ မချိမဆန့် ညည်းမိသည်။

ဘယ်သူက ရက်စက်တာလဲ၊ ဘယ်သူ့ကို ရက်စက်တာလဲ၊ ဘယ်သူ့အပြစ်လဲ။ ဒါ ဘယ်သူ့အပြစ်လဲ။

မကာအပြစ်လား...

နှစ်အပြစ်လား...

ကိုသဏ္ဌာန်အပြစ်လား။ မကာက ထပ်မငိုမိအောင် ထိန်းထား သည်။ နှစ် မရိပ်မိစေချင်ပါ။ သံသယ မဖြစ်စေချင်ပါ။ နှစ်၏ ဘဝကို မကာ လုမယူရက်ပါ။ မျှော်လင့်ချက်တွေ ပြိုလဲသွားအောင် မကာက ဘာကြောင့်လုပ်ရမှာလဲ၊ ဘယ်လိုလုပ် လုပ်ရက်ပါ့မလဲ။

ကိုသဏ္ဌာန်နဲ့ မကာ ဘယ်လိုလက်ထပ်လိုက်ပြီ ဆိုတာကို ဒီတစ်သက် မကာနှုတ်က ဘယ်တော့မှ မပြောပါ။

မကာကြောင့် နှစ် စိတ်မဆင်းရဲစေရပါ။

သမီးလေးရယ်...

ရင်နင့်စွာ ချောက်ချားစွာ သမီးလေးကို တင်းတင်းကျပ်ကျပ် ဖက်ထွေးထားမိ၏။

ကိုသဏ္ဌာန့်ကို မကာ ဆုံးရှုံးရတော့မည်။ မကာဘဝကို ဘယ်လို များ ရှေ့ဆက်လျှောက်လှမ်းရမလဲ။

ကစ်ခုခုကိုမြင်ရနိုးနှင့် ပိုပြီးစူးစိုက်ကြည့်လေ ပိုပြီးမှုန်ဝါးမှောင် ကျလေပါပဲ။

တခဏလေးမှာပင် အခြေအနေအားလုံး ပြောင်းလဲသွားသည်။


www.burmeseclassic.com

www.burmeseclassic.com



သည့်လောက် မြန်မြန် ကိုသဏ္ဍာန်ညို့ကို လက်လွှတ်ဆုံးရှုံးသွားလိမ့်မည်ဟု မထင်ခဲ့ပါ။ မကာ ဘယ်လိုဖြေရမလဲ။ ဘယ်လိုနေရမလဲ။

နှစ် မသေတာကို အတိုင်းမသိဝမ်းသာပေမယ့် မကာရှေ့ရေးအတွက်တော့ ယူကျုံးမရ ကြေကွဲလှိုက်ဆာနေရပါပြီ။

ဟင့်အင်း ကိုသဏ္ဍာန်ညို့ကို နောက်ထပ်တစ်ကြိမ် မဆုံးရှုံးပါရစေနဲ့၊ မကာ ခံနိုင်ရည်မရှိဘူး။

နှလုံးသားက တင်းမထားနိုင်ပါဘူး၊ အသိတရားနဲ့ ဦးနှောက်က ပြန်ပြီး စွန့်လွှတ်ရမည်ဆိုတာ နားလည်ပါတယ်။ နားလည်လို့လည်း မကာ သူတို့မိသားစုထဲက အသာကလေး ရှောင်ထွက်ဖို့ ကြိုးစားဆုံးဖြတ်ခဲ့ပြီပဲ။

ဒါပေမဲ့ မကာ သေမတတ် ခံစားရပါတယ်။

မကာ နေရာမှာ ဝင်ကြည့်ပေးပါနှစ်ရယ်။

ဘယ်လိုအင်အား သတ္တိနဲ့ ကိုသဏ္ဍာန်ညိုနဲ့ နှစ်အနားမှာ ရှိနေရမှာလဲ။ သေသွားတာကမှ မကာအတွက် ကောင်းပါလိမ့်မယ်။



www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၂၅)

သဏ္ဍာန့်ညီဂိုက "ဟယ်လို"ဆိုသော ထူးသံလေးကို စိတ်လှုပ်ရှားစွာ နားထောင်မိရင်း ဖုန်းကိုင်သူဟာ နှစ်လား မကာလားဟု ချက်ချင်းစဉ်းစားဆုံးဖြတ်ရပါသည်။

မကာပို့လိုက်သော ဖက်(စ်)ကို ရရှိခဲ့ပြီမို့ နှစ်အကြောင်းကို သိခဲ့ပါပြီ။

ဝမ်းသာခြင်း တုန်လှုပ်ခြင်းကြေကွဲခြင်းများကို တပြိုင်တည်းခံစားရလျက် သူ့ရင်ထဲမှာ နာကျင်ပင်ပန်းလာ၏။ နှစ်အတွက် သူသိပ်ကျေနပ်သည်။

မကာအတွက် အတိုင်းမသိ စိတ်မကောင်းဖြစ်ရသည်။ ပြီးတော့ မကာက သိပ်အနစ်နာခံလွန်းသည်။ အဖြစ်မှန်ကို ဖုံးဖိထားချင်သည်။ မကာအတွက် သူ ဘာလုပ်ပေးရမလဲ၊ ဘယ်လိုဆုံးဖြတ်ပေးရမလဲ။ သူ့ရင်ထဲမှာ ခံစားမှုပေါင်းများစွာ ပြွတ်သိပ်ရှုပ်ထွေးလာ၏။

နှစ်ကို အရမ်းတွေ့ချင်သည်။ နှစ်ဘယ်လောက်အထိ အားငယ်နေရှာမလဲ။ ရင်မှာတွေးကာ အားပေးစကား ဆိုချင်သည်။



www.burmeseclassic.com

www.burmeseclassic.com


"ဟယ်လို"

ထူးသံလေးက ဒုတိယအကြိမ် သူ့ဆီ ရောက်လာသောအခါမှာတော့ သူဝေခွဲမရနိုင်တာ သေချာသွား၏။

နှစ်နှစ်မကာကာ အတူတူနေကြတာကလည်းကြာ တစ်ယောက်နှင့်တစ်ယောက်ကလည်း အပြန်အလှန်သံယောဇဉ်ကြီးကြသောအခါ စကားသံက မတူပေမယ့် လေယူလေသိမ်းလေးက ဆင်တူပြီး ရုတ်တရက်ဆို ခွဲခြားမရပါ။

"ဂျာ.....ကလားခင်ဗျာ"

အသံကို ခွဲခြားနိုင်ဖို့ သူထပ်မေးမိပါသည်။

"ဟုတ်ပါတယ်"

"နှစ် မောင်ပါ"

"ဟင်"

သဏ္ဍာန်ညိုက ခွဲခွဲခြားခြား သိသွားပြီမို့ တန်းမေးလိုက်၏။

"မောင် မောင်လားဟင်၊ နှစ် မောင့်ဖုန်းကို စောင့်နေတာ မောင်၊ နှစ်လေ"

သူဆိုတာ သိလိုက်တော့ နှစ်က အင့်ခနဲ ရှိုက်ငိုသည်။

"မငိုပါနဲ့ နှစ်ရယ်၊ တိတ်ပါ၊ နှစ်နေကောင်းရဲ့လား၊ မကာဆီက သတင်းရတော့ မောင် အိပ်မက်မက်သလိုပဲကွာ"

နှစ်က စကားမဆိုသေးဘဲ ငိုနေသည်။

"တိတ်ပါ နှစ်ရယ်"

"မောင့်ကို တွေ့ချင်တယ်"

ဗလုံးဗထွေးအသံလေး ဦးစွာထွက်လာ၏။

"မောင်လည်း သိပ်တွေ့ချင်ပါတယ်၊ သမီးလေးရော"

"ရှိတာပေါ့၊ နှစ်ချီထားတယ်မောင် လက်ပေါ်က မချနိုင်ဘူး မောင် ပြန်လာလို့ မရဘူးလား၊ ခဏဖြစ်ဖြစ်"

"နှစ်လ သုံးလပဲ နှစ်ရယ် သည်းခံစောင့်လိုက်ပါ"

"လောကမှာ နှစ်အမုန်းဆုံးက သည်းခံစောင့်ဆိုတာကိုပဲ။


www.burmeseclassic.com

www.burmeseclassic.com



ကျွန်းပေါ်မှာ အားလုံးက နှစ်ကို ဝိုင်းတိုက်တွန်းအားပေးခဲ့တာ အဲ့ဒီ စကားပဲ''

''ဟုတ်လား''

''*အပြစ်အမှုက်အလုံးစုံကို နှစ်စာရေးထားပြီး မောင့်ဆီ ပို့လိုက်ဖို့* မောင်ရယ်။ နှစ် မောင့်ကို အရမ်းသတိရတယ်၊ မောင်နဲ့သမီးလေး ကြောင့် နှစ်သေမသွားနိုင်ခဲ့တာ၊ လုံးဝမခွဲနိုင်ဘူး''

''မောင်ယုံပါတယ်''

''မောင်နေကောင်းရဲ့လား''

''ကောင်းပါတယ်၊ နှစ်သာ စိတ်ချမ်းသာအောင်နေပါ''

စကားတွေက ပြောလို့ မကုန်အောင် အပုံအပင်ရှိနေသည်။ ဘယ်ကစပြီး ဘာကိုပြောရမှန်းမသိ။

''မကာရော''

''ရှိပါတယ်မောင် အပေါ်ထပ်မှာ''

''ဩော် ဟုတ်လား၊ မကာနဲ့ သမီးလေး နေကောင်းတယ် မဟုတ်လား၊ မောင်လည်း အိမ်ကို လွမ်းပါတယ်၊ ဒါပေမဲ့ အောင့်အီး ထားရတယ်၊ လာလိုက် ပြန်လိုက်လည်း မလုပ်ချင်ဘူး''

နှစ်က ဖင့်သက်ငွေ့လေး ရှိုက်သည်။ လစ်ဟာသောစိတ်နှင့် မောင့်ရင်ခွင်မှာ ခဏဖြစ်ဖြစ် နွေးထွေးလုံခြုံမှု ရချင်သည်။

နှစ်၏ တောင့်တစိတ်ကို မောင်နားလည်ပါရဲ့လား။ ဝေးနေတဲ့ ရက်တွေမှာ နှစ် နေသားမကျခဲ့သလို မောင်လည်း သတိရတမ်းတခြင်း များစွာနှင့် ဖြတ်သန်းခဲ့ရမှာပါ။

''ဖုန်းခဏခဏဆက်မယ် နှစ်ရယ်၊ နှစ် စိတ်တင်းထားပါဦး၊ အားမလျှော့လိုက်ပါနဲ့ မသေလို့ ပြန်တွေ့ရပြီပဲ၊ မောင်တို့အတွက် ပျော်စရာ ရက်တွေ အများကြီး ရှိဦးမှာပါ''

မောင့်နှစ်သိမ့်စကားများက နှစ်နှလုံးသားကို ရေအေးအေးနှင့် လောင်းချလိုက်သလို ချမ်းမြေ့ငြိမ်းအေးလွန်းလှတော့သည်။

''နှစ် ပိန်သွားလား''



www.burmeseclassic.com

www.burmeseclassic.com



"သမီးလေးကို ချီပြီး ခဏပုံပါ ထည့်ပို့လိုက်မယ်"

"အင်း"

*ခွဲခွာနေခဲ့ရတာ အကြာကြီးလိုပဲ နှစ်အောင့်မေ့မိပါသည်။*

"နှစ် ငြိမ်လှချည်လား"

"မောင့်အသံကို ကြားခွင့်ရတာ ပျော်လွန်းလို့"

"တကယ်ပဲလား"

"အင်းပေါ့ နှစ်လေ အရမ်းနေမကောင်းတော့ မောင်နဲ့ သမီးလေး မျက်စိရှေ့က ပျောက်သွားမှာ ကြောက်လိုက်ရတာ"

"စိတ်ထိခိုက်စရာတွေ မေ့ထားပါလား နှစ်ရယ်"

မျက်ရည်သုတ်ကာ ကလေးလေးကို ချီပြီး ဖုန်းပြောနေသော နှစ်ကို လှေခါးထစ်မှာထိုင်ချရင်း မကာ ငေးကြည့်နေမိပါသည်။ ကိုသဏ္ဍာန် ညို့ဆီက ဖုန်းပဲဆိုတာ သိနေပါသည်။ မကာ မျက်လုံးအိမ်မှာ မျက်ရည်တွေ စို့စွတ်လာ၏။

ကော်ဖီသောက်ရင်း နှစ်နှင့်စကားပြောဖို့ အစီအစဉ်ကို ဖျက်ကာ လှေခါးကို လေးတွဲ့စွာ ပြန်တက်လာမိသည်။

အိပ်ရာပေါ်မှာ လှဲချမိသောအခါ ပူနွေးသော မျက်ရည်စက ပါးပြင်ပေါ် လိမ့်ဆင်းကျလာ၏။

မကာ ငိုနေမယ်ဆိုတာ ရှင်သိရဲ့လား ကိုသဏ္ဍာန်။ နှစ်နဲ့ ရှင့်နဲ့ ဖုန်းပြောနေချိန်မှာ မကာ တိတ်တိတ်ကလေး မျက်ရည်ကျနေရပြီ ဆိုတာ တွေးမှတွေးမိရဲ့လား။

ရှင်နဲ့ နှစ် လက်ထပ်တုန်းက ငိုခဲ့ရပေမယ့် ခုလောက်တော့ ခံစားချက်ပြင်းပြင်း မဟုတ်ခဲ့ဘူး။

ဒီတစ်ခါတော့ မကာက ရှင့်ကို ပိုင်ပြီးမှ ပြန်စွန့်လွှတ်ရမှာ မကာ ဘယ်လိုလုပ် သွေးအေးနိုင်မှာလဲ။

www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၂၆)

နှစ်က မကာကို မယုံနိုင်လွန်းစွာ ငေးကာ ကြည့်နေမိသည်။ သူ့စကားတွေကို ချက်ချင်း လက်မခံချင်ပါ။

"ဒါဆို မကာ ကလေးမွေးပြီး ကလေးတစ်နှစ်ကျော်မှ ပြန်ရောက်မှာပေါ့ ဟုတ်လား။ ဘာလို့ လွှတ်ရတာလဲ၊ ဒီလောက်အကြာကြီး မကာ ခွဲနေနိုင်လို့လား။ ခုပဲ မျက်ရည်က ကျနေပြီ၊ အဓိပ္ပါယ်မရှိဘူး မကာရယ်၊ ပြန်ခေါ်လိုက်ပါလား၊ ကိုယ်ဝန်ဆောင်ချိန် မီးဖွားချိန်ဆိုတာ အနားမှာ သူရှိသင့်တယ်လေ၊ မကာ အားငယ်ဇနရမှာ"

မကာက မျက်ရည်တွေ သုတ်ပြီး ခေါင်းရမ်းသည်။

"နှစ်ကို အမှန်ပြောစမ်းပါ၊ သူနဲ့ မကာ အဆင်မှ ပြေရဲ့လား"

"ပြေပါတယ်နှစ်ရယ် ချက်ချင်းပြန်ခေါ်လို့ ရမလား"

ခင်နှစ်သက်က ပင့်သက်ရှိုက်သည်။ ဆေးခန်းက ပြန်လာပြီးကတည်းက နှစ်ယောက်သား ထိုကိစ္စပဲ ပြောနေဖြစ်ကြတာ။

မကာ လက်ထပ်လိုက်တာ သိပ်မြန်သည်။ ပြီးတော့ လက်ထပ်ပြီးစ ပူပူနွေးနွေးမှာ နှစ်ရှည်လများ လွှတ်နိုင်သည်။ မကာ ဘာလို့

www.burmeseclassic.com

www.burmeseclassic.com



အဲ့ဒီလောက် သွေးအေးရတာလဲ။

နှစ် နားမလည်တော့ပါ။

ကလေးလေးရှိနေတာ ဒီနေ့သေချာသွားပြီမို့ နှစ်ကတော့ မကာ အမျိုးသားကို ပြန်ခေါ်စေချင်သည်။

သို့ပေမယ့် မကာက ခေါင်းမာသည်။ လက်မခံဘဲ ငြင်းသည်။ နှစ်က ဘေးလူပါ။ မကာကောင်းဖို့ စေတနာထားမိတာပါ။

"မကာမှာ ကိုယ်ဝန်ရှိနေတာ သူ မသိသေးဘူးပေါ့"

"ပြောပြမှာပါ"

တကယ်ပါပဲ အရင်က မကာ မဟုတ်သလိုပါ။ သုံ့ပေပေ အေးစက်စက် မာရေကျောရေနှင့် ဘယ်လိုဖြစ်နေမှန်းမသိ။

"မကာ"

"ဟင်"

"နေကောင်းရဲ့လား"

ဒီလိုအချိန်မျိုးမှာ အလိုလိုနေရင်း စိတ်ဆတ်နေတတ်တာ၊ အလို မကျဖြစ်နေတတ်တာ၊ နေထိုင်မကောင်းဖြစ်တတ်တာ သိတော့ မေး မိပါသည်။

"ကောင်းပါတယ်နှစ်ရဲ့"

"တကယ်လား မညာနဲ့နော်၊ မကာမှာ နှစ်ပဲရှိတာ ဘာမဆို တိုင်ပင်ပါ မကာရယ်၊ နှစ် စိုးရိမ်နေလို့ပါ"

ဘာမှ မသိရှာဘဲ သဘောရိုးနှင့် စေတနာပိုနေတော့ မကာ ရင်နာမိပါသည်။ နှစ်အပေါ် မကာ တရားရဲ့လား။

"မကာ"

"မကာ"

ငိုင်နေသော မကာက နှစ်ခွန်းဆင့်ခေါ်မှ ကြားသည်။

"ဟင် ဘာလဲနှစ်ရဲ့၊ ပြော"

"ဘယ်လိုဖြစ်နေတာလဲ ကြည့်ရတာ အားမရှာ"

ဇဝေဇဝါနှင့် နှစ် ဘာလုပ်ပေးရမှန်း မသိဖြစ်လာသည်။

www.burmeseclassic.com

www.burmeseclassic.com



သူ့အမျိုးသား အနားမှာမရှိလို့ အားငယ်နေတာများလား။

"ဘာမှ မစိုးရိမ်ပါနဲ့ နှစ်ရယ်၊ မကော လုံးဝနေကောင်းပါတယ်၊ ကိုတွေးဒီတွေးနဲ့ ကြောက်နေမိတာတစ်ခုတည်းပါ"

နှစ် စိတ်အေးသွားအောင် ပြန်အားပေးရသည်။

ရင်ထဲမှာ ငိုချင်နေသည်။ အော်ဟစ်ငိုပစ်လိုက်ချင်သည်၊ မကောမှာ ကိုသဏ္ဌာန် ကလေးလေးရှိနေပြီတဲ့။ ဘယ်လိုလုပ်ရမလဲ။

တစ်ဘဝစာလုံးအတွက် နောက်ဆုတ်ချင်သော မကောအတွက် အခက်အခဲဖြစ်ရပြီ။

မလိုချင်လို့ မဟုတ်ပါဘူး။

ဒါပေမဲ့ မကော စိတ်ရှုပ်နေရပါပြီ။

ကိုသဏ္ဌာန်ညိုနှင့် မကောတို့၏ အဖြစ်မှန်ကို နှစ်မသိအောင် ရာသက်ပန် ဖုံးကွယ်ထားဖို့ ကြိုးစားမိတာကလည်း နှစ်အပေါ် သိပ်သနား လို့ပါ။ ခဲယဉ်းစွာ အသက်ရှင်ခဲ့တာ သဏ္ဌာန်ညိုနှင့် သမီးလေးကြောင့်ပဲ မဟုတ်လား၊ သူတို့မိသားစုကို မကော မဖျက်ဆီးရက်ပါဘူး၊ မပြိုကွဲစေချင် ပါဘူး၊ အထိအခိုက်မခံနိုင်ပါဘူး။

"နှစ်"

မကောအပေါ် စိတ်ပူပြီး မျက်နှာလေးပျက်နေတာကို မြင်ရတော့ စိတ်ထဲမှာ လေးပင်မွန်းကျပ်လာ၏။

"စိတ်မပူပါနဲ့"

မကောနှင့်နှစ် လက်ချင်းဆုပ်ကာ တစ်ယောက်ကို တစ်ယောက် အားပေးမိပါသည်။

"ရပါတယ်၊ မကောအမျိုးသား မရှိပေမယ့် နှစ်ရှိပါတယ်၊ နှစ် စောင့်ရှောက်မှာပေါ့။ လိုအပ်တာအားလုံး နှစ်လုပ်ပေးမယ်၊ နှစ်သမီးလေးကို မွေးတုန်းကလည်း မကောပဲ လုပ်ပေးခဲ့တာ။ ဒီတစ်ခါ နှစ်အလှည့် ပျော်စရာ လေးနော်"

ခုမှပဲ နှစ်ယောက်စလုံး ပြုံးလာနိုင်တော့သည်။

"ရယ်ရတယ် သိလား"

www.burmeseclassic.com

www.burmeseclassic.com



"ဟင်"

မကာက ဘာမှန်းမသိတော့ ပြန်မေးသည်။

"နှစ်က မကာကို အိမ်ထောင်မကျသေးပါဘူးဆိုပြီး အထွန်းနဲ့ စပ်နေတာ။ အထွန်းရောက်လာရင် မကာက ဗိုက်ဖုံးအင်္ကျီလေးနဲ့ ဟိတ်တိ"

နှစ်ကို မကာက ဖျက်ခနဲရိုက်သည်။

"အထွန်းတော့ ဆွေးသွားမှာပဲ၊ သူက စိတ်ကူးတွေယဉ်နေတာ မကာရဲ့ သနားပါတယ်၊ နှစ်က မကာကို လျှော့တွက်မိတာကိုး"

သဘောရိုးနှင့်ပြောပေမယ့် မကာ မျက်နှာပျက်မိသည်။

ခက်ပါလားနော်၊ ကိုသဏ္ဍာန်ညိုပြန်ရောက်လာရင် ဒီ့ထက် အနေကျပ်တော့မှာ။ သတိနဲ့ ဆင်ခြင်ရမှာ။

မတော်တဆ နှစ် ရိပ်မိသွားလျှင်...

မကာမတွေးရဲပါ။ မကာကို မုန်းသွားမှာလား နှစ်ရယ် စိတ်နာသွားမှာလား။

"အထွန်းက လူချော၊ ဩော်ဒါနဲ့ မကာအမျိုးသားက ဓာတ်ပုံတွေ ဘာတွေ မပို့ဘူးလား။ လက်မှတ်ထိုးတုန်းကရော ဓာတ်ပုံတွေ ဘာတွေ မရိုက်ကြဘူးလားဟင်"

"မရိုက်ဖြစ်ဘူး"

"နှစ် မြင်ဖူးချင်လိုက်တာ"

"ပြန်ရောက်လာတော့ တွေ့မှာပေါ့"

ကိုသဏ္ဍာန်ညိုရယ်...

မကာအဖြစ်ကို မြင်လှည့်ပါဦး။

မကာရင်ထဲမှာ ဘယ်လောက်အထိ နာကျင်ကြေမွနေပြီလဲ ဆိုတာ မှန်းဆကြည့်စမ်းပါကွယ်။

* * *

www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၂၇)

"နှစ်"

"မောင်"

မြင်မြင်ချင်းပဲ တစ်ယောက်လက် တစ်ယောက်ဆုပ်ကာ ကတုန် ကယင်နှင့် ခေါ်မိကြသည်။

"နှစ်ရယ် မောင် ဝမ်းသာလိုက်တာ"

နှစ်ကတော့ နောက်ထပ်စကား မဆိုနိုင်အောင် မျက်ရည်ကျမိပါသည်။ သူများတွေ မြင်မလားလို့လည်း မရှက်နိုင်တော့ပါ။

"မငိုပါနဲ့ နှစ်ရယ်၊ မောင်တို့ ပြန်ဆုံရပြီပဲ"

မောင်က တိုးတိုးဖွဖွ အားပေးသည်။ မိငယ်လက်ထဲက သမီးလေးကို ပွေ့ချီနမ်းရှုံက်၏။

"မောင့်သမီးက သိပ်ချစ်ဖို့ကောင်းတယ်"

နှစ်မှာ မောင့်လက်မောင်းကို မလွှတ်တမ်းဖမ်းဆွဲထားမိတာ လေယာဉ်ကွင်းက ထွက်ပြီး ကားပေါ်အထိပါပဲ။

ကားထဲမှာ မောင်က မကာကို မေးသည်။

www.burmeseclassic.com

www.burmeseclassic.com


လေယာဉ်ကွင်းမှာကတည်းက သဏ္ဍာန်ညို မျက်လုံးတွေနှင့် ရှာဖွေနေမိခဲ့တာပါ။ လာကြိုတာလောက်ကတော့ ပြဿနာမရှိလောက်ပါဘူး။ မကာကို ချက်ချင်းမတွေ့ရတော့ စိတ်ထဲမှာ ဘဝင်မကျချင်ပါ။ မလွှဲသာလို့သာ မကာ စိတ်တိုင်းကျ နေပေးရမှာ။

လုံးဝကျေနပ်တာမဟုတ်။ သူတာဝန်မဲ့ရာ မရောက်ဘူးလား။ သူနှင့် နှစ် မတရားရာ မရောက်ဘူးလား။

လက်ထပ်ပြီးမှ ပစ်စလက်ခတ်လုပ်ရာ မကျဘူးလား။ မကာကို တမင်နှိပ်စက်သလို ဖြစ်နေခဲ့ပြီ။

"မကာ နည်းနည်းနေမကောင်းလို့ အိမ်မှာပဲ နေခဲ့တယ် မောင့်ရဲ့။ မကာက သီပ်ခေါင်းမာတာပဲ"

နှစ်က မျိုသိပ်မထားနိုင်ပဲ ရှင်းပြသည်။

"သူ့အမျိုးသားနိုင်ငံခြားသွားနေတာ ပြန်ခေါ်လိုက်ပါဆို မခေါ်ဘူး။ ပြောလို့မရဘူး၊ မကာမှာ ကလေးရှိနေပြီမောင်ရဲ့"

"ဟင်"

သဏ္ဍာန်ညို တုန်လှုပ်သွားရသည်။

မကာသူ့ကို ဘာလို့ အသိမပေးတာလဲ၊ ဘာလို့ ဖုံးကွယ်ထားတာလဲ။ နှစ်ကိုရော မဟုတ်က ဟုတ်က ဘာတွေ လုပ်ကြံပြောဆိုထားသလဲ။ သဏ္ဍာန့်ရင်ထဲမှာ မောသွား၏။

"ဒီအချိန်မှာ ကလေးအဖေ အနားမှာရှိသင့်တာပေါ့၊ နှစ် ဘယ်လိုပြောပြော နားမထောင်ဘူးမောင်၊ စိတ်ရှုပ်ပါတယ် တကယ်ပဲ"

သဏ္ဍာန်က နှစ်ကို ဘာမှ ပြန်မပြောနိုင်ဘဲ ပူလောင်စွာ တွေးနေမိသည်။ မကာ သူ့ကို တကယ်ပဲ စွန့်လွှတ်လိုက်မှာလား။

သူ နှစ်ကို ဖွင့်ပြောလိုက်လျှင် မကာ သူတို့အနားက ထွက်သွားမှာလား။ မကာ တစ်ခုခုလုပ်မှာလည်း စိုးလှသည်။

အိမ်ပြန်ရောက်တော့ မကာက တံခါးလာဖွင့်ပေး၏။ သူတို့အတွက် အအေးနှင့် မုန့်ကို အဆင်သင့် စားပွဲပေါ်ချထားပေးသည်။

ဗိုက်ဖုံးအင်္ကျီ ပန်းနုရောင်လေးနှင့် မကာပုံစံလေးက သနပ်ခါးနံ့


www.burmeseclassic.com

www.burmeseclassic.com

သင်းပြီး အေးမြလန်းဆန်းနေပါသည်။

မကာကို မြင်ရမှပဲ သဏ္ဍာန့်စိတ်တွေ ပေါ့ပါးလန်းဆန်းသွား၏။

"အမောပြေသွားအောင် ကဗ္ဗလာသီးဖျော်ရည် လုပ်ထားတယ်၊ သမီးလေး မောပြီး အိပ်ပျော်လာပြီလား၊ ပေး ပုခက်ထဲ ထည့်ရအောင်"

နှစ် လက်ပေါ်က သမီးလေးကို ပြောင်းယူသည်။

သဏ္ဍာန်က ဆိုဖာမှာ ထိုင်ချပြီး မကာကို လိုက်ကြည့်နေမိ၏။

"နေကောင်းရဲ့လား မကာရယ်"ဟု သုံးလကျော် လေးလ ခွဲ နေခဲ့ရသော ဇနီးသည်အမေလောင်းလေးကို တစ်ခွန်းဖြစ်ဖြစ် မေးခွင့်ရ ချင်တာ သူ့အလွန်များလား။

"မကာ"

နှစ်ရှေ့မှာပဲ သဏ္ဍာန်ညို လှမ်းခေါ်လိုက်သည်။ မကာက သူ့ဘက်လှည့်ကြည့်သည်။

"နေကောင်းရဲ့လား"

"အင်း"

မကာက ခေါင်းညိတ်ဖြေပြီးသောအခါ ကလေးလေးရှိရာ ပုခက် ဘက် ပြန်လှည့်မိပါသည်။ မျက်ရည်တွေက မျက်လုံးထဲမှာ ပြည့်လျှံလာ၏။ သဏ္ဍာန့်ကို မြင်ရတာ တအားဝမ်းနည်းလာမိသည်။

လှိုက်လှိုက်ဆာဆာ သတိရတမ်းတနေမိသော သဏ္ဍာန့်ကို ရင်ခွင်ထဲ ပြေးဝင်ကာ ဖက်ငိုပစ်လိုက်ချင်စိတ် ဖြစ်ပေါ်မိတာ မကာ လွန်သွားသလား။

သဏ္ဍာန်နှင့်မကာမှာ နှစ်ဆိုသော စည်းတစ်ခု ခြားနေသည်။ နှစ်သည် မကာဘေးမှာ လာထိုင်သည်။

"မကာရော မသောက်ဘူးလား"

"သောက်ပြီးပါပြီ"

"ဆေးရော သောက်ရဲ့လားဟင်"

"အင်း"

နှစ်က မောင့်ဆီ လှမ်းကြည့်လျက်...


www.burmeseclassic.com

www.burmeseclassic.com


"မကာကို နှစ်နဲ့မောင်ပဲ စောင့်ရှောက်ရမှာမောင်ရေ့ သူ့အမျိုး သားက ပြန်လာမှ ကလေးက ဖေဖေခေါ်တာ နားထောင်ရုံပဲ"

ဘာမှမသိဘဲ နှစ်က အလိုမကျ ဖြစ်ကာနေသည်။

"မောင်ပြန်ရောက်တဲ့ အထိမ်းအမှတ်နဲ့ ညစာကို ဆိုင်မှာ သွားစား ကြမယ်နော် မကာ"

"အင်း...နှစ်သဘောပဲ"

"မကာနော် အေးစက်စက်မလုပ်နဲ့ ဟွန်း"

မကာက နှမ်းပျော့စွာပြုံးပြီး သဏ္ဍာန်ကို မသိမသာလေး လှမ်း ကြည့်သည်။ သဏ္ဍာန်က အားပေးသလို ပြုံးပြ၏။

မကာ မျက်လွှာချမိပါသည်။

တုန့်ပြန်ပြုံးပြဖို့ပင် အင်အားသတ္တိက မရှိ။


www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၂၈)

သဏ္ဍာန်ညိုက မကာလက်ကလေးကို တင်းတင်းကျပ်ကျပ် ဖမ်းဆွဲထား၏။

"ကိုသဏ္ဍာန် လွှတ်ပါ၊ နှစ်မြင်သွားရင် မကာ ရှက်လို့ သေနိုင်တယ် သိလား၊ ဖယ်ပါ မကာလက်ကို လွှတ်"

"ကိုယ့်ကို စကားပြောဖို့ အခွင့်အရေးပေးပါ၊ လုံးဝရှောင်နေတာ ကြီးကို ကိုယ်သည်းမခံနိုင်တော့ဘူး မကာ၊ ကိုယ်ရူးတော့မယ်"

"ဟင့်အင်း ပြောစရာမရှိတော့ဘူး"

"ကိုယ် မကာကို သိပ်သတိရတယ်"

သဏ္ဍာန်ညိုက မကာကိုယ်လေးကို ဖွတ်ပဲ ဖက်ထားလိုက်၏။

"ကိုသဏ္ဍာန် ဖယ်ပါ၊ နှစ်အပေါ် မကာတို့ သစ္စာရှိရမယ်၊ မကာနဲ့ ကိုသဏ္ဍာန် ဘာမှ မဆိုင်တော့ဘူး"

မကာက သူ့ကို တွန်းပစ်သည်။ သူ့ရင်ခွင်က ရုန်းထွက်သည်။ သဏ္ဍာန် မကာကို နားမလည်စွာ ကြည့်မိ၏။

"ဘာမှမဆိုင်ဘူး ဟုတ်လား၊ စဉ်းစားပါဦး၊ မကာနဲ့ ကိုယ်



www.burmeseclassic.com

www.burmeseclassic.com



လက်ထပ်ထားကြတယ်လေ၊ မေ့နေပြီလား''

''ဟင့်အင်း မကာ လက်ထပ်ခဲ့တာ လွတ်လပ်တဲ့ ယောကျ်ား တစ်ယောက်ပါ၊ နှစ်ရှိနေတဲ့ ယောကျ်ားမဟုတ်ဘူး၊ အခု နှစ်ပြန်ရောက် လာပြီ။ မကာတို့ အားလုံးကို မေ့ပစ်လိုက်ရအောင်''

''မေ့လို့ရမှာတဲ့လား၊ အဓိပ္ပါယ်မရှိတာဗျာ''

သဏ္ဌာန်ညိုက မကာကို စိတ်ပျက်စွာကြည့်သည်။

''မကာမှာ ကိုယ့်ကလေးလေး ရှိနေပြီ''

''သိတယ်''

''မကာ တရားရဲ့လား၊ အဲ့ဒီကလေးလေးအပေါ် မကာဆုံးဖြတ် တာ တရားရဲ့လား၊ ကိုယ့်အပေါ်ရော မကာ တရားရဲ့လား၊ မကာအပေါ် ရော မကာ တရားရဲ့လား၊ နှစ်ကို ကိုယ်ချစ်ပါတယ်၊ ဒါပေမဲ့ မကာအပေါ် ကိုယ်တာဝန်မမဲ့ပါရစေနဲ့၊ ကလေးအပေါ် ကိုယ် ပစ်ပစ်ခါခါမလုပ်ပါရစေနဲ့''

မကာက မျက်နှာလေးအုပ်ပြီး ရှိုက်ငိုသည်။

''မကာ ကိုသဏ္ဌာန့်ကို သိပ်ချစ်တယ်၊ ကိုသဏ္ဌာန့်ကို မကာ ဘယ်လောက် တမ်းတနေရတယ်ဆိုတာ ကိုသဏ္ဌာန်သိရဲ့လား''

မကာက သူ့ကို ဖက်တွယ်ပြီး ဗလုံးဗထွေးပြော၏။

''မကာရယ်၊ ကိုယ်သိပါတယ်''

မကာကျောပြင်လေးကို ပွတ်သပ်ကာ အားပေးနှစ်သိမ့်မိသည်။

''ဒါပေမဲ့ မကာဆုံးဖြတ်ပြီးပြီ။ နှစ်ဆီက ကိုသဏ္ဌာန့်ကို ဘယ် တော့မှ လုမယူဘူး''

ချက်ချင်းပဲ သူ့ရင်ခွင်က ရုန်းထွက်ပြီး မျက်ရည်တွေ သုတ်ပစ်၏။

''မကာကို မျက်စိရှေ့မှာ မြင်ချင်တယ်ဆိုရင်၊ မကာ အဝေးကိုကို ထွက်သွားတာ မလိုလားရင်၊ ကလေးလေးကို ကိုသဏ္ဌာန် ချီချင်တယ် ဆိုရင်၊ မကာတို့ အားလုံးကို မေ့ပစ်ပြီး နေသွားကြရအောင်ပါ။ နှစ်သိသွား ရင် မကာ ဒီမှာ မနေတော့ဘူး''

''ဟင်''

သဏ္ဌာန်ညိုကို မကာက ထိထိမိမိခြောက်လှန့်သတိပေးသည်။



www.burmeseclassic.com

www.burmeseclassic.com

"မကာကို တကယ်ချစ်ရင် ကလေးလေးကို တကယ်ချစ်ရင် ကိုသဏ္ဍာန့်အရိပ်အောက်မှာပဲ မကာကို မီးဖွားခွင့်ပြုပါ၊ မကာ ဒီမှာပဲ နေချင်တယ်၊ မြင်နေရရင် မကာ ကျေနပ်ပါပြီ"

"ဖွင့်ပြောပြီး ရင်ဆိုင်ဖို့ ဘာလို့ သတ္တိမရှိတာလဲ"

"ဒီအဖြစ်အပျက်ကို နှစ်က လက်ခံနိုင်မှာလား။ သူတစ်ခုခုကို တောင်းဆိုလာရင်ရော၊ နှစ်ကို ကိုသဏ္ဍာန်ခွဲနိုင်သလား။ သူစိတ်ဆင်းရဲပြီး သမီးလေးကို ခေါ်ပြီး ထွက်သွားရင်ရော"

"တော်ပါတော့ မကာရယ်"

သဏ္ဍာန်ညို လက်ကာ တားမိပါသည်။

နှစ်ကို သဏ္ဍာန်ညို မခွဲနိုင်ပါ။ တစ်သက်လုံး ဘယ်တော့မှ မစွန့်လွှတ်နိုင်ပါ။ နှစ် အသက်ပြန်ရှင်လာတာ သူ့ကြောင့်ပါ။ နှစ်၏ အချစ်အင်အားကို သူ နားလည်သည်။

"မကာတို့ ခုလိုပဲ နေသွားကြဖို့ သဘောတူပါ ကိုသဏ္ဍာန်ရယ်။ မကာ နှစ်အပေါ် သစ္စာရှိပါရစေ"

သဏ္ဍာန်ခပ်ဖြည်းဖြည်း ခေါင်းညိတ်သည်။ မကာ ဖျော့တော့စွာ ပြုံးလာ၏။

"ကျေးဇူးတင်ပါတယ် ကိုသဏ္ဍာန်ရယ်"

သဏ္ဍာန်ကတော့ နှုတ်ခမ်းတွေ တင်းနေသည်။ မျက်လုံးတွေ ငြိမ်ကျနေသည်။ မတတ်သာလို့ လက်လျှော့ရပုံ။


www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၂၉)

မကာ ဆေးခန်းသွားတော့ သဏ္ဍာန်ညိုက လိုက်ပို့ပါသည်။

"ရတယ်လေ နှစ်နေခဲ့ မောင်လိုက်ပို့မယ်"

နှစ်က သမီးလေးနှင့် ရှိနေတာမို့ ပြောမိသည်။

မောင်နှင့် မကာကို လှမ်းကြည့်ပြီးနှစ်က...

"အင်း" ဟု ခေါင်းညိတ်သော်လည်း မကာက...

"ဟာ နှစ်မလိုက်တည်း မသွားချင်ဘူး နှစ်ပါလိုက်ခဲ့"ဟု တောင်းဆိုမိပါသည်။

"မကာရယ် ဘာဖြစ်လဲ မောင်ပါနေသားပဲ၊ နှစ်ထမင်းစားဖို့ ပြင်ထားပေးမယ်၊ သမီးလေးကို ခဏချိုပြီးရင်လေ"

"လိုက်ခဲ့ပါဆို"

"သွားပါ မကာရဲ့၊ မောင်ပါရင် စိတ်ချပါတယ်၊ မောင် နှစ် သူငယ်ချင်းကို ဂရုစိုက်ဦးနော်"

သဏ္ဍာန်ညိုက ကားသော့ကောက်ယူပြီး ခြေကုပ်နေတော့ မကာ က နှစ်ကို မျက်စောင်းရွယ်ပြီး ချာခနဲ လှည့်ထွက်သွားသည်။ နှစ်က

www.burmeseclassic.com

www.burmeseclassic.com



ဖွဖွရယ်နေခဲ့၏။

"ဖြည်းဖြည်းဆင်း လိမ့်ကျဦးမယ်၊ ကိုယ့်ကိုယ်ကိုလည်း သတိထားဦး"

ကိုသဏ္ဌာန်က မကာကို သတိပေးကာ ရပ်စောင့်နေသည်။ အောက်ရောက်တော့ ကားတံခါး အဆင်သင့်ဖွင့်ပေး၏။

သူ့ဂရုစိုက်ကြင်နာမှုကြောင့်ရော နှစ်၏ ယုံကြည်လွန်းမှုကြောင့်ရော မျက်ရည်တွေက ပါးပြင်ပေါ် ပူနွေးစွာ စီးကျလာသည်။

"ဟင်"

သဏ္ဌာန်က မကာမျက်ရည်တွေကို ကြောက်နေပုံရသည်။

"မကာ သေသွားရင်ကောင်းမယ် ကိုသဏ္ဌာန်ရယ်"

"ဟာ အဓိပ္ပါယ်မရှိတာတွေ"

အားငယ်စိတ်နှင့် မကာ ညည်းမိသည်။

"နှစ်က လုံးဝသံသယမဖြစ်ဘူး"

နှစ်က သဘောထားကြီးလေ ဖြူစင်လေ မကာစိတ်တွေ မွန်းကျပ်လာရလေပဲ မဟုတ်လား။

"မကာ တိတ်ပါ။ မတိတ်ရင် မကာကို ပေးထားတဲ့ ကတိဖျက်ရလိမ့်မယ်၊ နှစ်ကို ပြောပြလိုက်တော့မယ်"

အငိုတိတ်အောင် သူက ခြောက်တတ်ပါသည်။

"ကဲပါကွာ အခုဆေးခန်းသွားမယ်၊ ဆေးခန်းကအပြန် မကာကြိုက်တာလိုက်ကျွေးမယ်၊ ပြီးရင် ကန်တော်ကြီးဘက် လမ်းခဏလျှောက်မယ် ဟုတ်ပြီလား၊ ကိုယ်တို့အတူတူရှိနေတာပဲကွာ ကျေနပ်ရမှာပေါ့"

သဏ္ဌာန်ညိုက မကာကို အားပေးသည်။

"ပျော်ပျော်နေပါ မကာရယ်၊ မကာအနားမှာ ကိုယ်ရှိနေသားပဲ၊ အသာချင်းထိမှ မေတ္တာမဟုတ်ပါဘူး၊ မကာကို ကိုယ်အမြဲချစ်နေသားပဲ၊ အမြဲလည်း အားပေးနေတယ်၊ တွေးပိုက်ပြီး နွေးထွေးနှစ်သိမ့်မှု မပေးနိုင်တာကလည်း မကာက တားနေလို့ပါ၊ မကာကို ကိုယ်သိပ်ချစ်ပါတယ်"

မကာက နူးညံ့စွာပြုံးလာ၏။ မျက်လုံးကလေးတွေ တောက်ပ

www.burmeseclassic.com

www.burmeseclassic.com



လာကြသည်။ သဏ္ဍာန်ညို့အပြုံးက မကာနှလုံးသားကို အားရှိစေသည်။

''မကာ''

''ဟင်''

''မိုးတွေရွာတော့ မကာ ထီးလိုက်ပေးတာလေ၊ ကိုယ်မိုးရေထဲ ထွက်နေတာလေ မကာကို ချစ်လို့''

''တကယ်''

''အင်း''

''အခုရော အဲဒီလိုပဲ ချစ်ရဲ့လားဟင်''

''ဒါပေါ့ ဘယ်တော့မှ မပြောင်းလဲဘူး စိတ်ချ''

မကာ သူ့စကားများကြောင့် လန်းဆန်းပေါ့ပါးလာရသည်။

www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၃၀)

တံခါးခေါက်သံ ဖွဖွကြောင့် သဏ္ဍာန်ညို အရင်ဦးဆုံး နိုးလာခဲ့ပါသည်။ ကုတင်ပေါ်က မဆင်းမီ နာရီကို လှမ်းကြည့်မိသောအခါ ည တစ်နာရီခွဲ၊ နှစ်နာရီ မထိုးသေးပါ။

သူ မျက်မှောင်ကုတ်ကာ ချက်ချင်း အခန်းတံခါးဆီ လျှောက်သွားမိ၏။ သူ ဖျတ်ခနဲ သိလိုက်ပါသည်၊ တံခါးခေါက်သူက မကာ၊ အကြောင်းရင်းက ဗိုက်နာတာပဲ ဖြစ်လိမ့်မည်။

နှစ်နှင့် သမီးလေးက အိပ်မောကျနေတာမို့ မနိုးပေ။

"မကာ"

ထင်ထားသည့်အတိုင်း တံခါးဝမှာ မကာကို တွေ့ရသည်။ မကာက အံကြိတ်ပြီး မျက်ရည်ကျ၏။ တစ်ချက် မညည်းညူပေ။ သဏ္ဍာန်ညို သက်ပြင်းမောချမိသည်။

"ခဏနေဦးနော်၊ လာ ထိုင်နေ ဆေးရုံသွားဖို့ အဆင်သင့်လုပ်ရမယ်လေ၊ သိပ်နာနေပြီလား"

"ဟင့်အင်း"

www.burmeseclassic.com

www.burmeseclassic.com



သတိလက်လွတ် မကာကို ပွေ့ပိုက်ကာ ညည့်ခန်းဆီ လျှောက်မိပါသည်။ မကာက မမေ့မလျော့ သူ့လက်ဖျားကို ဖယ်ချသည်။ ဗိုက်နာလွန်း၍ ဝိတာမဟုတ်ဘဲ၊ ဝမ်းနည်းအားငယ်ပြီး မျက်ရည်ကျတာ နားလည်မိ၏။

မကာ၏ ဖွဲ့သတ္တိကို သူ မလေးစားဘဲ မနေနိုင်ပါ။

"နေဦး မိငယ်ကို နှိုးမယ် ခဏလေးကွာ"

သဏ္ဍာန်ညိုက မိငယ်ကို နှိုးပြီး လိုအပ်တာတွေ ထည့်ခိုင်း၏။ အားလုံးအဆင်သင့်ဖြစ်မှပဲ နှစ်ကို အံသာနိုးပြီး ပြောပြန္တုတ်ဆက်လိုက်ပါသည်။

"ဟင် ဟုတ်လား၊ နှစ်ကို နှိုးရောပေါ့ မောင်ရယ်"

နှစ် အိပ်နေတာမို့ မောင်မနှိုးရက်မှန်း နှစ်သိပါသည်။ ကြည်နူးစွာ ပြုံးလိုက်မိ၏။

"မောင် မကာကို ဆေးရုံလိုက်ပို့မယ် မိငယ်ပါမှာပဲ၊ နှစ်ပြန်အိပ်ပါ၊ ကိစ္စရှိရင် မောင်ဖုန်းဆက်မယ်လေ"

နှစ်က ခေါင်းလေးခါပြီး...

"နှစ်ပါလိုက်မယ်၊ မကာကို နှစ်လည်း အားပေးစောင့်ရှောက်မှာပေါ့"ဟု ချက်ချင်းပဲ ထလာ၏။

ညည့်ခန်းကို ဟဖျတ်ဖျတ်လျှောက်သွားပြီး...

"မကာ နေသာရဲ့လား"ဟု မေးသည်။

ပြီးတော့ ကပျာကယာ မျက်နှာသစ် အင်္ကျီလဲကာ အိပ်နေသော သမီးလေးကို စောင်ထုတ်ကလေးနှင့် ပွေ့ချီလာ၏။

အိမ်တံခါးပိတ်ပြီး အားလုံးထွက်လာခဲ့ကြပါသည်။

"မကာ ဘာမှ မကြောက်နဲ့နော် အားမငယ်နဲ့၊ ကလေးနေတာ ပုံသဏ္ဍာန်မမှန်ပေမယ့် စိုးရိမ်စရာမရှိပါဘူး။ မကာအောင်မြင်မှာပါ၊ လုံးဝ အားမငယ်နဲ့"

"အင်းပါ"

မကာက ကားမောင်းနေသော သဏ္ဍာန်ညို့ဆီ လှမ်းကြည့်၏။ သဏ္ဍာန်ညိုက တစ်ချက်လှည့်ကြည့်ပြီး ပြုံးပြသည်။

www.burmeseclassic.com

www.burmeseclassic.com



"ရောက်တော့မှာပါ"

သူ မကာကို လက်ကလေးဆုပ်ကာ အားပေးချင်သည်။ ပုခုံးလေးဖက်ကာ အားပေးချင်ပါသည်။

သို့ပေမယ့် မျက်လုံးလေးနှင့်ပဲ အားပေးရသည်။ မျက်လုံးထဲက အကြင်နာနဲ့ နွေးထွေးမှုကို မကာခံစားနားလည်ပေးနိုင်မှာပါ။ ကိုယ့်အချစ်တွေ မကာ ရနေတယ် ခံစားရတယ် မဟုတ်လားကွာ။

မကာအကြည့်လေးတွေကို သူနားလည်မှတော့ သူ့အကြည့်တွေကိုလည်း မကာ နားလည်မှာပါ။

နှစ်က မကာကို တတွတ်တွတ် အားပေးစကားဆိုလာသည်။ သူလည်း မကာကို ညီအစ်မလို ချစ်တာပဲ မဟုတ်လား။

"မကာ နှစ်ရော သမီးလေးရော မောင်ရော မကာနဲ့ ကလေးလေးကို စောင့်နေမယ်နော်၊ အားတင်းထားနော်၊ အားလုံးပျော်ကြရအောင် ကြိုးစားပါ မကာရယ်၊ ဒီအချိန်လေးက ခဏလေးပါ"

မကာက နှစ်ကို မွေးခန်းထဲမဝင်ခင် ကတိပေးသည်။

"စိတ်ချပါနှစ်ရယ်၊ မကာ ဒီကလေးလေးကို သိပ်ချစ်ပါတယ်၊ မကာ ကြိုးစားမှာပါ"

သဏ္ဍာန်ညိုနှင့် နှစ်က မကာကို စိတ်မောစွာ ထိုင်စောင့်နေမိကြသည်။ ရင်ထဲမှာ နှစ်ယောက်စလုံး တထင့်ထင့်။ ကိုယ်စီကိုယ်စီ ပူပန်မောဟိုက်နေသည်။

"မောင် မကာအမျိုးသားရှိရင် သိပ်ကောင်းမှာပဲ"

နှစ်က တမ်းတမ်းတတ ဆိုလာ၏။

သဏ္ဍာန်ညို မျက်နှာပျက်ကာ ပင့်သက်မောကြီး ချမိသည်။

နည်းနည်းကလေးမှ သံသယမဝင်တာ၊ ဆက်စပ်မတွေးမိတာလည်း ကိုယ်နှင့် မကာကို နှစ် သိပ်ယုံကြည်ခဲ့လို့ဖြစ်မည်။ မကာ့အမျိုးသား ခရီးသွားနေတာ အမှန်ပဲဟု ထင်နေခဲ့ပါသည်။ ကိုယ်ဘယ်လိုပြောရမလဲ မကာရယ်။

နှစ်ကို ပြောပြလိုက်ချင်ပေမယ့် ခုထက်ထိ မပြောဖြစ်ခဲ့ပါ။

www.burmeseclassic.com

www.burmeseclassic.com



မကာ့ဆန္ဒကို သူ မဖျက်စီးလိုပါ။ ပြီးတော့ နှစ် စိတ်ထိခိုက်သွားမှာလည်း ဆိုးလှသည်။

သူရဲရဲဝံ့ဝံ့ မဆုံးဖြတ်နိုင်ပါ။

ပြဿနာတစ်ခုခု ဖြစ်လာမှာ သူကြောက်သည်။

နှစ်နှင့် သမီးလေးကိုလည်း သူမခွဲနိုင်ပါ။

မကာနှင့်လည်း လုံးဝ မခွဲနိုင်။ အဖြစ်မှန်ကို သိလျှင် မကာက သူတို့နှင့် ဝေးရာရှောင်ထွက်သွားမှာ။ သူ မကာကို စိတ်မချ။ မကာမှာက သူ့ကလေးလေး ရှိနေခဲ့ပြီ၊ ခုလိုအတိုင်းနေတာကမှ မကာ သူ့မျက်စိရှေ့မှာ အမြဲရှိနေသေးသည်။

"မောင်"

"ဟင်"

"ပြောတာကြားရဲ့လားလို့"

"ဘာပြောတာလဲ"

"ဆရာဝန်မကြီးရောက်လာပြီ၊ ဘာပြောမလဲ မသိဘူး"

"ဟုတ်လား"

သဏ္ဍာန်ညှို့ ယောင်နနနှင့် ပြန်မေးမိသည်။ စိတ်နှင့်လူက မကပ်ချင်ပါ။ နှစ်က သမီးလေးကို ပွေ့ချီထားပြီး သူ့ကိုလှမ်းကြည့်နေသည်။

"မကာကို ကြည့်ရတာ နှစ် အားမရဘူး"

"ဟင်"

"မောင်ကလည်း တဟင်ဟင်နဲ့ ဘာဖြစ်နေတာလဲ၊ မကာကို ကြည့်ရတာ ဖြူဖျော့ပြီး အားနည်းနေသလိုပဲ။ အမြဲပဲ ငေးငိုင်နေတော့ ရွှင်ရွှင်လန်းလန်း မရှိတော့…"

"စိုးရိမ်ရလား"

"မသိဘူးလေ၊ လိုအပ်ရင် လာပြောမှာပေါ့"

"အင်း"

နှစ်ထင်မြင်ချက်များကြောင့် သဏ္ဍာန်ညှို့မျက်နှာ အကြံအကျယ်ပျက်သွား၏။ ထိုင်မနေနိုင်တော့ဘဲ ထလျှောက်မိပါသည်။

www.burmeseclassic.com

www.burmeseclassic.com



"မမေဦးကာ အိမ်သားတွေလား"

"ဟုတ်ပါတယ်"

မွေးခန်းထဲမှာလည်း လောလောဆယ် မကာပဲ ရှိနေသည်။ ဆရာမလေးအမေးကို နှစ် ချက်ချင်းဖြေမိသည်။

"မမေဦးကာက ခွဲမွေးရပါမယ်"

"ရှင်"

သဏ္ဌာန်ညိုလည်း ဆရာမလေးအနီး ရောက်သွား၏။

"မကာ ဘာဖြစ်လို့လဲ"

"ဒီအတိုင်း မမွေးနိုင်ဘူး"

"ဟင်"

ဆရာမလေးက သဏ္ဌာန်ညိုနှင့် နှစ်ကို တစ်လှည့်စီကြည့် လျက်…

"မစိုးရိမ်ပါနဲ့ စိတ်အေးအေးထားကြပါ" ဟု အားပေးလာသည်။ ပြီးမှ…

"ခွဲမွေးဖို့ သဘောတူကြောင်း ကလေးအဖေ လက်မှတ်ထိုးပေး ဖို့ လိုပါတယ်"

သဏ္ဌာန်ညိုက ဆရာမကို တည့်တည့်ကြည့်ကာ…

"ကျွန်တော် မေဦးကာ ခင်ပွန်းပါ၊ ကျွန်တော်လက်မှတ်ထိုး ပေးပါ့မယ်"ဟု ဘာမှမစဉ်းစားဘဲ ဖွတ်မိုတ်ပြောချလိုက်သည်။

နှစ်မှာ မယုံနိုင်အောင် အံ့အားသင့်လျက် သဏ္ဌာန်ညို့ကို မျက်လုံး ဝိုင်းကလေးနှင့် ငေးကြည့်နေမိသည်။ နှုတ်ဖျားက ဘာတစ်ခွန်းမှ ထွက် မလာ။

"မေဦးကာနဲ့ ကျွန်တော် တရားဝင် လက်ထပ်ထားတာပါ၊ ကျွန်တော် ကလေးအဖေပါ၊ ခွဲမွေးဖို့ ကျွန်တော် သဘောတူပါတယ်"

ဆရာမလေးက ဘာမှ ထပ်မမေးပေမယ့် သဏ္ဌာန်ညိုက အနိုင် အမာ အတိအကျ ထပ်ပြောလိုက်၏။

"ကျွန်မနဲ့ လိုက်ခဲ့ပါ"

www.burmeseclassic.com

www.burmeseclassic.com



သဏ္ဌာန်ညို့ကျောပြင်ကို မယုံနိုင်လွန်းစွာ ကြည့်နေမိသူက နှစ်။ နှစ် ငြိမ်ငြိမ်ကြီး ရပ်နေမိသည်။

မိငယ်က နှစ်ချီထားသော ကလေးကို အသာကလေး လာယူပြီး ခုံမှာ သွားထိုင်နေသည်။

"ကျွန်တော် မေဦးကာ ခင်ပွန်းပါ"

"ကျွန်တော် မေဦးကာ ခင်ပွန်းပါ"

"ကျွန်တော် လက်မှတ်ထိုးပေးပါ့မယ်"

နားထဲမှာ မောင့်အသံက ပဲ့တင်ထပ်လာသည်။

တစ်ကိုယ်လုံး ကြက်သီးမွေးညှင်းထကာ ခေါင်းထဲမှာ မိုက်ခနဲပင် ဖြစ်ရ၏။ ကြားလိုက်ရတာက နှစ်ကို သေလုမတတ် တုန်လှုပ်ချောက်ချား သွားစေပါသည်။

မကာရယ် ဒါ တကယ်ပဲလား။

နှစ်ကို ပိပိရိရိ ဖုံးဖိထားကြတာလား။

နှစ် မသိခဲ့ရပါလား။

နှစ် ဆုံးသွားခဲ့ပြီထင်ပြီး မောင်တို့ လက်ထပ်ခဲ့ကြတာလား။ မကာရယ်။

နှစ်ကို ဖွင့်ပြောသင့်ပါတယ်။ နှစ်ကို အဲ့ဒီလောက် ဖုံးကွယ်လိမ် ညာခဲ့ဖို့ မကောင်းပါဘူး။ ဖြစ်မှဖြစ်ရလေ မကာရယ်။

မကာကို ရင်မဆန့်အောင် သနားသွားမိပါသည်။

မောင်ကရော နှစ်ကို ဘာလို့ အသိမပေးခဲ့တာလဲ။

နှစ်ပြန်ရောက်လာတာ မောင်နဲ့ မကာကို အဲ့ဒီလောက်တောင် ထိခိုက်စေခဲ့ပြီလား။

နှစ် အရမ်းခံစားလာရသည်။ လုံးဝကို မထင်ထားခဲ့ပါ။ မကာက လည်း သဘောတကျသွားခဲ့တာဟု လုလုပပ ညာထားခဲ့တာကိုး။

နှစ်ကလည်း နှစ်ပါပဲ၊ မောင်နှင့် သမီးလေးကို ပြန်တွေ့ရတာနဲ့ အပျော်လွန်ဝမ်းသာလုံး ဆို့တက်ကာ ဘာကိုမှ အကဲခတ်လေ့ရှိ မကြည့် မိခဲ့ပါ။

www.burmeseclassic.com

www.burmeseclassic.com



နှစ် ဘာလုပ်ရမလဲ၊ ဘာလုပ်သင့်သလဲ။

ခမောင်နှင့် မကာကို အပြစ်မတင်ရက်ပါ။

သူတို့အမြင်မှာ နှစ်မှ မရှိခဲ့တဲ့။ နှစ်လောကကြီးထဲမှာ မရှိတော့ဘူးထင်ပြီး လက်ထပ်ခဲ့ကြတာမို့ အပြစ်ယူဖို့ ခက်ပါသည်။

တစ်ခါတည်း သေသွားတာမှ ကောင်းဦးမယ်ဟု နှစ် ယူကျုံးမရ တွေးမိလာတော့သည်။

မကာ ဘယ်လောက်ခံစားရရှာမလဲ။

မောင်ရော…၊ မောင်လည်း ဘယ်လောက် ခက်ခဲပင်ပန်းနေမလဲ။ မကာကို သနားတာတစ်ဖက် နှစ်ကို မပြောရက်တာတစ်ဖက်။

သူတို့နှစ်ယောက် ဘယ်လောက်ထိ ကြိတ်မှိတ်ခံစားနာကျင်ခဲ့မလဲ။ နှစ် တအားကြေကွဲလာမိသည်။

မကာရယ် နှစ်ကို ခွင့်လွှတ်ပါ။ နှစ် မသိခဲ့လို့ပါ။ သိခဲ့ရင် ခုလောက် ရက်ရက်စက်စက် မလုပ်ရက်ပါဘူး။

"မမနှစ် သမီးလေး နိုးလာပြီ"

မိငယ်က ကလေးကို ချီလာပြီး ဆို၏။

ဟုတ်သားပဲ နှစ် သေလို့မဖြစ်သေးပါဘူး။ နှစ်သေသွားခဲ့ရင် သမီးလေးမှာ အမေဘယ်ရှိတော့မလဲ။

သမီးလေးအတွက် နှစ် အသက်ရှင်နေရဦးမှာပေါ့။ မောင်ကတော့ မကာအတွက် စိုးရိမ်စိတ်နှင့် လိုအပ်တာတွေ လိုက်လုပ်ပေးနေပြီ။ ဒါဆို မကာ ကလေးလေးကလည်း…

နှစ် ပင့်သက်ကလေး ရှိုက်မိပါသည်။

ခဏလေးအချိန်အတွင်းမှာပင် နှစ်ရင်ထဲကို ပြင်းထန်သော မုန်တိုင်းတစ်ခု ရိုက်ခတ်ဝင်မွှေသွား၏။ နှစ်ရင်ထဲမှာ ဖရိုဖရဲ ကြေမွကျန်ခဲ့ရသည်။ အချိန်တိုတောင်းလှပေမယ့် ထိုးနှက်ချက်က မခံစားနိုင်လောက်အောင် ပြင်းထန်လှ၏။

"ခွဲမွေးဖို့ ကျွန်တော် သဘောတူပါတယ်၊ ကျွန်တော်နဲ့ မဦးကာ တရားဝင်လက်ထပ်ထားခဲ့ကြတာပါ"ဟု မောင့်နှုတ်က ဖွင့်ဟဝန်ခံလိုက်ချိန်

www.burmeseclassic.com

www.burmeseclassic.com



စက္ကန့်ပိုင်းသည် နှစ်ဘဝတစ်ခုလုံးကို ပြောင်းလဲသွားစေခဲ့သည်။ နှစ်နှလုံးသားမှာ အက်ကြောင်း နက်နက်ထိရှသွား၏။

မကာကို နှစ်အရမ်းသနားမိသည်။ အပြစ်တစ်ခု ကျူးလွန်မိသလို ခံစားရပါသည်။ သို့ပေမယ့် မောင့်ကို နှစ် မစွန့်လွှတ်နိုင်ပါ။

ဘာပဲဖြစ်ဖြစ် မောင့်ဆုံးဖြတ်ချက်ကို နှစ်လက်ခံရလိမ့်မည်။ နှုတ်ခမ်းလေးကိုက်ကာ စီးကျလာသော မျက်ရည်ပူများကို သုတ်ပစ်လိုက်၏။ နှစ် မငိုချင်ပါ။ ခုတလော နှစ်ဘဝမှာ တုန်လှုပ်ချောက်ချားစရာတွေ များလွန်းလှပါသည်။

ခုံမှာထိုင်ချပြီး သမီးလေး မျက်နှာကို ငုံ့ကြည့်နေမိသည်။

မကာ ခွဲခန်းထဲက ချောချောမောမော ပြန်ထွက်လာဖို့ ဘုရားစာရွတ် ဆုတောင်းမိသည်။

နှစ်အပေါ် အဲ့ဒီလောက်အထိလည်း အနစ်အနာခံစရာ မလိုပါဘူး မကာရယ်။ နှစ်မှာ နေရင်းထိုင်ရင်း ရက်စက်တတ်သူဖြစ်ရပြီ။

မောင်နဲ့ မကာ ဖွင့်ပြောသင့်ပါသည်။

ကိုယ်ဝန်ကြီးနှင့် မကာကို မောင်စောင့်ရှောက် အားပေးသင့်ပါတယ်။ အဲဒီအချိန်မှာ မကာအတွက် အလိုအပ်ဆုံးက သဏ္ဍာန်ညှိဆိုတဲ့ ခင်ပွန်းပါ။ နှစ်ကြောင့် နှစ်ယောက်စလုံး ဝေဒနာကိုယ်စီ ဖြစ်ခဲ့ကြရတာကို တောင်းပန်ပါတယ်ကွယ်။

သဏ္ဍာန်ညှိုက လိုအပ်တာတွေ စီစဉ်လုပ်ကိုင်ပေးပြီးသောအခါ နှစ်နှင့်သမီးလေးရှိရာ ပြန်လျှောက်လာ၏။

နှစ်ကို ဘယ်လိုမျက်နှာချင်းဆိုင်ရမလဲ။

မကာအတွက် ထူပူပြီး ရုတ်တရက် အမှန်ကို ဝန်ခံခဲ့မိပြီ။ ဒါကို ပြင်၍မရ။ ပြန်ရုတ်သိမ်း၍ မရတော့ပါ။ နှစ်သိသွားခဲ့ပြီ။ နှစ်[illegible] ခွင့်လွှတ်ပါ့မလား။ မကာကရော သူဖွင့်ဟဝန်ခံခဲ့မိတာကို အပြစ်[illegible] လား။

သူ့စိတ်တွေ ရှုပ်ထွေး နောက်ကျိလာ၏။ မနေ့[illegible] အတွက် တိကျသော ဆုံးဖြတ်ချက်တွေ ပျောက်[illegible]

www.burmeseclassic.com



အကယ်၍များ တစ်ယောက်ယောက်ကိုသာ ရွေးရမည်ဆို သူ မကာနှင့် ကလေးလေးကို ရွေးရမလား၊ နှစ်နှင့် သမီးလေးကို ရွေးရမလား။

မကာနှင့် ကလေးကို ရွေးလျှင် နှစ်ကို ဆုံးရှုံးရမည်။ နှစ်တို့ကို ရွေးလျှင် မကာကို ဆုံးရှုံးရမည်။

ကလေးငယ်နှစ်ယောက်စလုံးဟာ သူ့သွေးပဲမို့ ဘယ်တစ်ယောက် ကိုမှ သူအဆုံးရှုံးမခံနိုင်ပါ။ ဖခင်၏ လောဘစိတ်တွေ သူ့မှာ ပြည့်လျှံနေ သည်။

ခေါင်းဒိုက်စိုက်လျှောက်လာသော ခင်ပွန်းကို နှစ်က လှမ်းကြည့် သည်။ ဒဏ်ရာအကြီးအကျယ်ရထားသော မျက်နှာထား။ မောင်ရယ် အဲ့ဒီလောက်အထိ မခံစားပါနဲ့။ စိတ်တွေ လျှော့ချပစ်လိုက်ပါနော်။

နှစ် မောင့်ကို မတ်တပ်ရပ် ကြိုမိသည်။

မျက်ရည်ပြည့်နေသော မျက်လုံးများနှင့် ကြည့်ကာ ပြုံးပြမိသည်။

"မကာ ဘာလေးမွေးမလဲ မသိဘူးနော်"

ဘာမှ မဖြစ်ခဲ့ကြသလို ဟန်ဆောင်ကာ ပြောမိသည်။

"သားလေးလို့ ထင်တာပဲ"

မောင်က အားတုံ့အားနာ ဖြစ်ရသလိုလို အနေခက်လှသလိုလိုနှင့် ပြန်ပြောသည်။

"သားလေးဆို သိပ်ကောင်းမှာပဲ"

နှစ် အားပါးတရဆိုမိ၏။

မောင်က နှစ်ကို ဖက်ထွေးပြီး ခုံမှာ ထိုင်စေသည်။ သမီးလေးကို တစ်ချက် ငုံ့နမ်းသည်။

"နှစ် ဆုံးသွားပြီလို့ထင်ပြီး"

ငုံ့နမ်းနေရင်းက နှစ်မျက်နှာကို မကြည့်ဘဲ ရှင်းပြဖို့ ကြိုးစား၏။

"မပြောပါနဲ့ မောင်ရယ်၊ အခုချိန်မှာ မကာ နေကောင်းဖို့ ခွဲခန်းထဲက ကောင်းကောင်းမွန်မွန်ထွက်လာနိုင်ဖို့ ကလေးလေး နေကောင်း ဖို့ ကျန်းမာဖို့ပဲ ဆုတောင်းပေးရအောင်နော်"

နှစ်တားမိပါသည်။ ရှင်းပြတာတွေကို နားမထောင်ချင်ပါ။ သွေးအေး

www.burmeseclassic.com



စွာ နားထောင်နိုင်ဖို့ တစ်ခုခုကို ဆုံးဖြတ်နိုင်သည်အထိ ရင့်ကျက်ဖို့ နှစ်အချိန်များစွာ ယူရဦးမည်။

မောင်နှင့် မကာအကြောင်းကို ဘာမှမဖြစ်သလို နားထောင်နိုင်ဖို့အထိ နှစ် မရင့်ကျက်သေးပါ။ မတည်ငြိမ်သေးပါ။ ကြိုးစားရပါဦးမည်။

"မမေဦးကာ"

သူနာပြုဆရာမလေးက မကာကို အားပေးသလို ပြုံးပြသည်။

"ဆေးထိုးမယ်နော် ဘာမှ မကြောက်နဲ့ ဒီမှာ အရမ်းကျွမ်းကျင်တဲ့ ဆရာဝန်ကြီးရှိနေပြီပဲ၊ အားလုံးအောင်မြင်မှာပါ၊ စိတ်အေးအေးထားနော်၊ မမေဦးကာ ခင်ပွန်းလည်း အပြင်မှာ စောင့်နေပါတယ်၊ ခွဲမွေးဖို့လည်း လက်မှတ်ထိုးပြီးပြီ"

"ရှင်"

"ခုပဲ ခင်ပွန်းက လက်မှတ်ထိုးပေးလိုက်တာ၊ သူ အပြင်မှာရှိတယ်လေ၊ စိတ်ပူနေပုံပဲ"

မေဦးကာက ဖြူရော်သော မျက်နှာကလေးနှင့် ဖျော့တော့စွာ ပြုံးမိသည်။ တကယ်ပဲ ကိုသဏ္ဌာန်ညိုက မကာခင်ပွန်းပါလို့ အားလုံးကို ရဲရဲဝံ့ဝံ့ အသိပေးလိုက်ပြီလား။

မကာရင်ထဲမှာ ပီတိတစ်ခုနှင့် အင်အားတွေ ပြည့်လာ၏။ နှစ်ရေ့မှာ မကာဟာ သူ့ဇနီးပါလို့ ဝန်ခံခဲ့ပြီလား။

ကိုသဏ္ဌာန်ညိုအတွက် မကာက တားခဲ့ရတာပါ။ သူ့အခက်တွေ့မှာစိုးလို့ပါ။ မကာကို တကယ်မြတ်နိုးရင် သူ ဒါကို ဖွင့်ဟဝန်ခံပြီး မကာကို ကြင်နာသွားမှာပဲ့ပါဟု မကာ ထင်ထားခဲ့ပါတယ်။

နှစ်ရော၊ နှစ် မကာကို စိတ်ဆိုးသွားခဲ့ပြီလား။

မကာကို ခွင့်လွှတ်ပါနှစ်ရယ်၊ လောကကြီးထဲမှာ ခင်နှစ်သက်မရှိတော့ဘူးလို့ သိပြီးမှ သဏ္ဌာန်ညိုကို မကာက လက်ထပ်ခဲ့တာပါ။ လုယူခဲ့တာ မဟုတ်ပါဘူး။ နှစ်ပြန်ရောက်လာတော့လည်း မကာ ကိုသဏ္ဌာန်ညိုကို စွန့်လွှတ်ပေးခဲ့တာပဲ မဟုတ်လား။ အားငယ်စွာ ကြေကွဲစွာ ခံစားလူးလိမ့်ပြီး ကြိတ်မှိတ်အောင့်အီး နေခဲ့တာပါ။

www.burmeseclassic.com

www.burmeseclassic.com



မကာလေ ကိုသဏ္ဍာန်ညှိုကို မခွဲနိုင်တော့ပါဘူး။ ဒါပေမဲ့ ခုတော့ မကာမှာ ကိုသဏ္ဍာန်ညှို့ကလေးလေး ရှိလာတော့မယ်။ နှစ်နဲ့ ကိုသဏ္ဍာန်ညှိုက မကာကို အလိုမရှိဘူးဆိုရင်လည်း မကာက အဝေးဆုံးကို ထွက်သွားပေးမှာပါ။

မကာ အားကိုးရအောင် သားလေးပဲ ဖြစ်ပါစေတော့။

ပြင်းပြင်းထန်ထန် ဆန္ဒပြုမိတော့သည်။



www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၃၁)

"မမေဦးကာ သားလေးမွေးပါတယ်ရှင်"

သူနာပြုဆရာမလေးက သတင်းကောင်းလာပေး၏။

"မကာရော..."

"ကလေးရော အမေရော နေကောင်းပါတယ်။ ခဏနေရင် ထွက်လာလိမ့်မယ်၊ စောင့်နေနော်"

ဆရာမလေးက မကာကို တွန်းထုတ်လာမှာ ဖြစ်ကြောင်း အသိပေးလာ၏။

နှစ်ရော သဏ္ဍာန်ညိုပါ ဝမ်းသာအားရနှင့် ပြုံးနေမိကြသည်။ မိငယ်နှင့် ကလေးလေးကို မကာ ကုတင်ဘေးမှာ သွားထိုင်စေလျက် နှစ်တို့နှစ်ယောက်မှာ မကာထွက်လာမည့် ခွဲခန်းရှေ့မှာ ရစ်သီရစ်သီရှိနေကြ၏။ မကာအခန်းရှိရာ ခေါ်လာမှာ ဖြစ်ပေမယ့် စိတ်အေးလက်အေး မစောင့်နိုင်ပါ။ မကာနှင့် ကလေးငယ်ကို မြင်ချင်လှပါပြီ။

အခုချိန်မှာတော့ အနာဂတ်ကာလအတွက် ဘယ်လိုမှ [illegible] နိုင်ကြသေးပါ။

www.burmeseclassic.com

www.burmeseclassic.com



ဝမ်းသာမှုနှင့် မကာကို စောင့်ကြို့နေမိသည်။

သားလေးတဲ့လား မကာရယ်၊ နှစ် ဝမ်းသာလိုက်တာ။

အပျော်ကြောင့် နှစ် မျက်ရည်လည်လာမိသည်။

မကာကို နှစ် မမုန်းပါ။ ကလေးလေးနှင့် မကာသည် ကလေးလေးနှင့် မကာပဲ ဖြစ်ပါသည်။ ကလေး၏ ဖခင်သည် ဘယ်သူတစ်ဦးတစ်ယောက်ပဲဖြစ်ဖြစ် နှစ်၏ သံယောဇဉ်ကလေးက ပြောင်းလဲသွားမှာ မဟုတ်ပေ။

မကာနှင့် မကာ၏ သားလေးကို နှစ် နွေးထွေးစွာ ကြိုမိခြင်းမှာ မကာ၏ အခင်မင်ဆုံး သူငယ်ချင်း ခင်နှစ်သက်အဖြစ်နှင့်ပါ။ မောင်နှင့် လုံးဝမဆိုင်ပါ။

မောင့်မိန်းမအဖြစ်နှင့်တော့ မကာအပေါ် နှစ် မနာလိုခြင်း မကျေနပ်ခြင်း ဖြစ်ကောင်း ဖြစ်လာလိမ့်မည်။

သို့ပေမယ့် လောလောဆယ်မှာတော့ မကာသည် နှစ် အင်မတန်ချစ်ရသော သူငယ်ချင်းပါပဲ။

www.burmeseclassic.com

www.burmeseclassic.com



ကိုသဏ္ဍာန်ညိုက နှစ်နှင့် မကာကို သူနှင့် တစ်သက်လုံးအတူတူ နေသွားကြဖို့ တောင်းဆိုမှာလား။

မကာနှင့် သားလေးကိုပဲ ရွေးမှာလား။

နှစ်နှင့် သမီးလေးကိုပဲ ရွေးမှာလား။

www.burmeseclassic.com

www.burmeseclassic.com

နှစ်ကရော ကိုသဏ္ဌာန်ညီနှင့် မကာကို တစ်သက်လုံးအတွက် သဘောထားကြီးစွာ ခွင့်လွှတ်ပေးမှာလား။

မကာကို ကွာရှင်းပေးဖို့ တောင်းဆိုမှာလား။

ကိုသဏ္ဌာန်ညီနှင့် မကာအတွက် နှစ်က သဏ္ဌာန်ညီ့ကို ခွဲခွာထားရစ်ခဲ့မှာလား။


www.burmeseclassic.com

www.burmeseclassic.com



မကာကက ကိုသဏ္ဍာန်ညို့ကို မခွဲနိုင်စွာ တွယ်ကပ်နေမိပြီးမှာလား။
သားလေးကို ခေါ်ပြီး နှစ်နှင့် သဏ္ဍာန်ညို့အနားက တိတ်တိတ်ကလေး ထွက်ခွာသွားမှာလား။

ဝန်းသီရိုင်



www.burmeseclassic.com